

စာအုပ်တိုက်

မဂ်လာရှိသောကလေးများ ဆိုသို့.

ကလေးများအတွက်
သုံးဆယ့်ရှစ်ဖြာ မဂ်လာ
ဖြိုးသာရ

ဒီစာအုပ်လေးထဲမှာ....
သုံးဆယ့်ရှစ်ပြာ မဂ်လာတရားတွေကို
နားလည်အောင် ရှင်းပြပေးထားပြီး လိုက်နာ ကျင့်ကြံရင်း
မဂ်လာရှိသော သားတို့ သမီးတို့
ကိုယ်စိတ်နလုံးခွင်လန်းချမ်းမြေ့စွာ ကျန်းမာ လန်းဖြာ၍
တက်တက်ကြွကြွ လုလုပပ ဘဝလေးများကို
ရရှိပိုင်ဆိုင်နိုင်ကြပါစေ။

(တတိယအကြိမ်)

designed by tin htoon

မဂ်လာရှိသောကလေးများဆိုသို့

ကလေးများအတွက်

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ

ဖြိုးသာရ



ဇေယျာဦး

စ ာ အ ုပ် တ ိ ုက်

အမှတ် ၁၉H (၇ လွှာ)၊ ၅၅ လမ်း(အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း- ၀၉ ၅၀၇၃၆၀၅၊ ၀၉ ၄၄ ၄၄ ၃ ၄ ၄ ၄

ပုံနှိပ်ခြင်း
တတိယအကြိမ် (၁၀၀၀)
၂၀၁၉ ၊ ဒီဇင်ဘာလ

မျက်နှာဖုံး
ပန်းချီ တင်ထွေး

ကွန်ပျူတာ စာစီ/အတွင်းဖလင်
Dream City 09 730 52433

အဖုံးဖလင်
Eagle

တန်ဖိုး ၁၅၀၀ ကျပ်

ဦးမိုးကျော် (၀၀၀၆၈)
ဝေယျာမိုး စာအုပ်တိုက်
အမှတ် ၁၉ (၇ လွှာ) ၊ ၅၅ လမ်း(အလယ်)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်က
ထုတ်ဝေ၍
ဦးလပြည့်ဝေး(၀၁၃၆၉)
လပြည့်လင်းပုံနှိပ်တိုက်
၁၁ H ၊ ၅၅ လမ်း(အလယ်)၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန် က
အတွင်းစာသားများနှင့် မျက်နှာဖုံးကို
ပုံနှိပ်ပါသည်။

ဝေယျာမိုး စာအုပ်တိုက် ကက်တလောက်အချက်အလက် – CIP

ဖြူးသာရ ၂၉-၃
ကလေးများအတွက် သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ/ဖြူးသာရ
– ရန်ကုန်၊ ဝေယျာမိုး စာအုပ်တိုက် ၊ တတိယ အကြိမ် ၊ ၂၀၁၉။
၁၁၀ စာ ၊ ၁၄ × ၂၁ စင်တီ
(၁) ကလေးများအတွက် သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ

မဂ်လာရှိသောကလေးများ ဆီသို့

ကလေးများအတွက်

သုံးဆယ့်ရှစ်ဖြာ မဂ်လာ ဖြိုးသာရ

ဒီစာအုပ်လေးထဲမှာ....
သုံးဆယ့်ရှစ်ဖြာ မဂ်လာတရားတွေကို
နားလည်အောင် ရှင်းပြပေးထားပြီး လိုက်နာ ကျင့်ကြံရင်း
မဂ်လာရှိသော သားတို့ သမီးတို့
ကိုယ်စိတ်နလုံးရှင်လန်းချမ်းမြေ့စွာ ကျွန်းမာ လန်းဖြာ၍
တက်တက်ကြွကြွ လုလုပပ ဘဝလေးများကို
ရရှိပိုင်ဆိုင်နိုင်ကြပါစေ။

(တတိယအကြိမ်)

မာတိကာ

- မင်္ဂလသုတ် ၇
- Highest Blessings ၉
- အမှာ ၁၃
- နိဒါန်း ၁၅
၁။ အသေဝနာစ ဗာလာနံ ၁၇
၂။ ပဏ္ဍိတာန�္စ သေဝနာ ၂၀
၃။ ပူဇာစ ပူဇနေယျာနံ ၂၃
၄။ ပတိရူပ ဒေသဝါသောစ ၂၅
၅။ ပုဗ္ဗေစ ကတပုညတာ ၂၈
၆။ အတ္တသမ္မာ ပဏိဓိစ ၃၁
၇။ ဗာဟုသစ္စဉ္စ ၃၄
၈။ သိပ္ပဉ္စ ၃၇
၉။ ဝိနယောစ သုသိက္ခိတော ၄၀
၁၀။ သုဘာသိတာစ ယာဝါစာ ၄၂
၁၁။ မာတာပိတု ဥပဋ္ဌာနံ ၄၅
၁၂။ ပုတ္တဒါရဿ သင်္ဂဟော ၄၇
၁၃။ အနာကုလာစ ကမ္မန္တာ ၄၉
၁၄။ ဒါနဉ္စ ၅၁
၁၅။ ဓမ္မစရိယာစ ၅၄
၁၆။ ညာတကာနဉ္စ သင်္ဂဟော ၅၆

၁၇။ အနဝိဇ္ဇာနိ ကမ္မာနိ	၅၈
၁၈။ အာရတီ ပါပါ	၆၀
၁၉။ ဝိရတိ ပါပါ	၆၂
၂၀။ မဇ္ဇပါနာစ သံယမော	၆၄
၂၁။ အပ္ပမာဒေါစ ဓမ္မေသု	၆၆
၂၂။ ဂါရဝေါစ	၆၈
၂၃။ နိဝါတောစ	၇၀
၂၄။ သန္တုဋ္ဌိစ	၇၂
၂၅။ ကတညုတာ	၇၄
၂၆။ ကာလေန ဓမ္မသဝနံ	၇၇
၂၇။ ခန္တီစ	၇၉
၂၈။ သောဝစဿတာ	၈၁
၂၉။ သမဏာနဉ္စ ဒဿနံ	၈၃
၃၀။ ကာလေန ဓမ္မသာကစ္ဆာ	၈၅
၃၁။ တပေါစ	၈၇
၃၂။ ဗြဟ္မစရိယဉ္စ	၉၀
၃၃။ အရိယသစ္စာန ဒဿနံ	၉၂
၃၄။ နိဗ္ဗာန သစ္ဆိကိရိယာစ	၉၄
၃၅။ ဖုဋ္ဌဿ လောကဓမ္မေဟိ	၉၆
၃၆။ အသောကံ	၉၈
၃၇။ ဝိရဇံ	၁၀၀
၃၈။ ခေမံ	၁၀၂
- ၃၈ ဖြာ မင်္ဂလာ	၁၀၄

❖

မင်္ဂလသုတ်

ယံ မင်္ဂလံ ဒ္ဒါဒသဟိ၊ စိန္တယိ သု သဒေဝကာ။
သောတ္ထာနံ နာမိဂစ္ဆန္တိ၊ အဗ္ဗတ္တိသ္မ မင်္ဂလံ။

ဒေသိတံ ဒေဝ ဒေဝေန၊ သဗ္ဗပါပ ဝိနာသနံ။
သဗ္ဗလောက ဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

ဧဝံ မေ သုတံ-
ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ၊
ဇေတဝနေ အနာထပိဏ္ဍိကသ အာရာမေ။
အထ ခေါ အညတရာ ဒေဝတာ၊
အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တ ဝဏ္ဏာ၊
ကေဝလကပ္ပံ ဇေတဝနံ သြဘာသေတ္ဝာ။
ယေန ဘဂဝါ တေနုပသင်္ကမိ၊
ဥပသင်္ကမိတ္ဝာ- ဘဂဝန္တံ အဘိဝါဒေတ္ဝာ
ဧကမန္တံ အट္ဌာသိ။
ဧကမန္တံ ဋ္ဌိတာ ခေါ သာ ဒေဝတာ
ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလ မုတ္တမံ။

အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

ပတိရူပ ဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တ သမ္မာ ပဏိဓိစ၊ တေ မဂ်လ မုတ္တမံ။

ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ တေ မဂ်လ မုတ္တမံ။

မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ တေ မဂ်လ မုတ္တမံ။

ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မနိ၊ တေ မဂ်လ မုတ္တမံ။

အာရတီ ဝိရတီ ပါပါ၊ မဒ္ဒပါနာ စ သံယမော။
အပ္ပမာဒေါစ ဓမ္မေသု၊ တေ မဂ်လ မုတ္တမံ။

ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌိ စ ကတညုတာ။
ကာလေန ဓမ္မသဝနံ၊ တေ မဂ်လ မုတ္တမံ။

ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ
ကာလေန ဓမ္မသာကစ္ဆာ၊ တေ မဂ်လ မုတ္တမံ။

တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယ သစ္စာန ဒဿနံ။
နိဗ္ဗာန သစ္ဆိကိရိယာ စ၊ တေ မဂ်လ မုတ္တမံ။

ဖုဋ္ဌဿ လောက ဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ တေ မဂ်လ မုတ္တမံ။

တောဒိသာနိ ကတ္တာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထသောတ္ထိ ဂစ္ဆန္တိ၊ တံ တေသံ မဂ်လ မုတ္တမံ။

Highest Blessings

*Trans: by **ASHINANADA***

(The most rev. Friedrich V. Lustig Buddhist Archbishop of Latvia & Lilae Laureate Poet-U.S.A)

Not to associate with the fools (1)
but to associate with the wise (2)
and to worship those who are
worthy of worship (3)
To live in a beautiful country (4)
To Possess merits from former lives (5)
To make correct vows (6)
This is the highest blessing
To have much knowledge (7)
And to acquire skill in sciences (9)
To be well-trained in discipline (9)
And to live among polite people (10)
This is the highest blessing
To serve one's parents (11)
To support one's wife and children (12)
To be engaged in peaceful occupations (13)
Giving donation (14)

Acting according to the Dhamma (15)
Giving help to one's relatives (16)
And performing faultless actions (17)
This is the hightest blessing
To avoid all kinds of evil (18)
To refrain from sin (19)
To sbastain from intoxicating drinks (20)
And to be vigilant in observation of laws (21)
This is the highest blessing
Being reverent (22)
Being modest (23)
Being contented (24)
Showing gratitude to those who are grateful (25)
Listening to the preaching of the Dhamma
At an appropriate time (26)
This is the highest blessing
to practise patience (27)
To be obedient when urged to be so (28)
To vistit minks with a view of paying them respect (29)
And to hold discussions of the
Dhamma from time to time (30)
This is the highest blessing
Ascetic practices (31)
Chastity (32)
the understanding of the Noble Truths (33)
And the realization of Nivara (34)
This is the highest Blessing
To possess a mind not shaken

By the vicissitude of life (35)

Freedom from anciety (36)

Immaculate purity (37)

And the feeling of perfect security (38)

This the highest Blessing

Invincible every where are those who have realized such blessing.

They go to happiness everywhere

And to them these are the highest blessing.

သားရေ...

အသက်ဆယ်နှစ်ကျော်လာပြီဖြစ်တဲ့ မေမေ့ သားတစ်ယောက် မေမေ့ ရင်ခွင်မှာထိုင်ပြီး 'မေမေ ပုံပြောပါ' လို့ မတောင်းဆိုနိုင်တော့လောက်အောင် ကျောင်းစာထဲမှာ အချိန်ကုန်နေရပြီနော်။ စာကြိုးစားရမယ်ဆိုတဲ့ အသိကလေးနဲ့ သားရဲ့ အားထုတ်မှုအတွက် မေမေ ကျေနပ်နေပါတယ်။

ဒါပေမဲ့ သားရေ... ဒီအရွယ်မှာကတည်းက သား သိထားသင့်တဲ့ စကားလက်ဆောင်တွေ မေမေ့မှာပေးဖို့ ရှိနေတယ်။ သား သေသေချာချာ မှတ်သားလို့ရအောင် မေမေ စာအုပ်ကလေးတစ်အုပ် ရေးထုတ်ပေးချင်တယ်။ သားနဲ့အတူ သားရဲ့သူငယ်ချင်းတွေလည်း ဖတ်နိုင် မှတ်နိုင်တာပေါ့ကွယ်။

ဒီစာအုပ်ကလေးထဲမှာ သုံးဆယ့်ရှစ်ဖြာ မဂ်လာတရားတွေကို သားတို့ ကလေးတွေ နားလည်အောင် မေမေ ရှင်းပြထားပေးတယ်နော်။ လိုက်နာ ကျင့်ကြံရင်း မဂ်လာရှိသော သားသမီးလေးတွေ ဖြစ်ကြပါစေ။

ချစ်သော မေမေ

နိဒါန်း

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်တွေကို မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ပါတယ်။ မြတ်စွာဘုရားဟာ သာဝတ္ထိပြည် အနာထပိဏ်သူဌေးဆောက်လုပ်လျှဒါန်းတဲ့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေစဉ် အမျိုးအမည် မထင်ရှားဘဲ နှစ်လိုဖွယ်အဆင်းရှိတဲ့ နတ်သားတစ်ပါးဟာ သန်းခေါင်ယံ အချိန်အခါမှာ ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာနဲ့ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး ရိုသေစွာ ရှိခိုးရင်း ဂါထာစကားနဲ့ လျှောက်ထားခဲ့ပါတယ်။

"များစွာသော နတ်တို့သည်လည်းကောင်း၊ လူတို့သည်လည်းကောင်း နိဗ္ဗာန်ချမ်းသာကို လိုချင်တောင့်တကုန်သည်ဖြစ်၍ စီးပွားချမ်းသာခြင်း၏ အကြောင်းရင်းဖြစ်သော မင်္ဂလာတို့ကို ကျင့်ကြံအားထုတ်ရန်အလို့ငှာ မြတ်သော မင်္ဂလာတရားတော်ကို သတ္တဝါအပေါင်းအား ဟောကြားပေးတော်မူပါလော့" လို့ လျှောက်ထားတဲ့အတွက် မြတ်စွာဘုရားက ဟောကြားတော်မူခဲ့တဲ့ တရားတော် သုံးဆယ့်ရှစ်ပါး ဖြစ်ပါတယ်။

ကလေးတို့အားလုံး သေသေချာချာ မှတ်သားကျင့်ကြံ အားထုတ်နိုင်ကြရအောင် ရည်ရွယ်ပြီး ဒီစာအုပ်ကလေးကို ပြုစုရေးသားခဲ့ခြင်း ဖြစ်ပါတယ်။

သားတို့သမီးတို့ ကိုယ်စိတ်နှလုံး ရွှင်လန်းချမ်းမြေ့စွာ ကျန်းမာလန်းဖြာ၍ တက်တက်ကြွကြွ လှလှပပ ဘဝကလေးများကို ရရှိပိုင်ဆိုင်နိုင်ကြပါစေ။

မင်္ဂလာပါ ကလေးတို့ရေ။

စာရေးသူ

အန်တီဖြိုးသာရ

၁။ အသေဝနာစ ဟလာနံ

[လူမိုက်ကို မပေါင်းသင်း မဆည်းကပ်ရခြင်း]

ကလေးတို့ရေ...

လောကကြီးမှာ လူမိုက်တွေ အများကြီးရှိတယ်နော်။ လူမိုက်ဆိုတာ ဘယ်လိုလူမျိုးတွေကိုခေါ်သလဲလို့ ကလေးတို့ ပထမဆုံး သိထားရလိမ့်မယ်။ လူမိုက်နဲ့ လူလိမ္မာကို ကလေးတို့ ခွဲခြားနိုင်ရလိမ့်မယ်။

သာမာန်အားဖြင့်ဆိုရင်တော့ လူမိုက်ဆိုတာ ရိုင်းစိုင်းကြမ်းကြုတ်ပြီး ဆိုးသွမ်း တေပေနေသူမျိုးပေါ့။ လူလိမ္မာကတော့ ယဉ်ကျေးသိမ်မွေ့ပြီး ရိုးသား ကြိုးစားတဲ့သူပဲလေ။ ဒါပေမဲ့ ကလေးတို့ရေ လူမိုက်တွေဟာ တစ်ခါတစ်ရံမှာ လူလိမ္မာဟန်ဆောင်ပြီး လောကကြီးထဲမှာ ခပ်တည်တည် နေတတ်ကြတယ်။ ခွဲခြားသိနိုင်ဖို့ မလွယ်လှဘူးကွယ်။

ဒါပေမဲ့ ကလေးတို့ တိုင်းတာကြည့်နိုင်မယ့် ပေတံကို မြတ်စွာဘုရား က ပေးသနားထားခဲ့ပြီးသားပါ။ 'သီလ' ဆိုတဲ့ ပေတံပေါ့ကွယ်။ ကလေးတို့ ငါးပါးသီလကို ရွတ်ဆိုဖူးကြတယ် မဟုတ်လား။ သီလငါးပါးကို မလုံခြုံ သူဟာ လူမိုက်ပါပဲ ကလေးတို့ရယ်။

သူတစ်ပါးရဲ့အသက်ကို သတ်ဖြတ်ခြင်းဆိုတာ မိုက်မဲမှုတစ်ခုပါပဲ။ အလွန်ကြီးလှတဲ့ ဆင်တစ်ကောင်မှာ အသက်ရှိသလို အလွန်သေးငယ်လှတဲ့ ပုရွက်ဆိတ်ကလေးမှာလည်း အသက်ရှိတယ်နော်။ ကလေးတို့ကိုယ်တိုင် သေရမှာကြောက်သလို သူတို့ခမျာလည်း ကြောက်ရှာမှာပဲ။ အဲဒီလို ကိုယ်ချင်း စာတွေးပြီး ရှောင်ကြဉ်တတ်သူဟာ လူလိမ္မာပေါ့။ လူမိုက်ကလေးတွေက တော့ လေးခွကိုင်၊ လေသေနတ်ပစ်နဲ့ သတ္တဝါတွေနဲ့အသက်ကို အလကား နေရင်း ရန်ရှာတတ်ကြတယ်။

ကလေးတို့ ကိုယ်တိုင်ရှောင်ကြဉ်ကြရမယ့်အပြင် အဲဒီလို လူမိုက်လေးတွေကို မပေါင်းမိဖို့လည်း ဆင်ခြင်ရမယ်နော်။ ခိုးတတ်တဲ့ သူငယ်ချင်းနဲ့ ပေါင်းသင်းမိရင် သူ့ဆီက ခိုးဝှက်တတ်တဲ့အကျင့်တွေ ကလေးတို့ဆီမှာ ကူးစက်လာလိမ့်မယ်။ ဥပမာ မုန့်ဆိုင်က မုန့်တွေ ခိုးစားတတ်တဲ့ ကလေးတစ်ယောက်နဲ့ ပေါင်းမိတဲ့အခါ "ရှော... မင်းလည်း တစ်ခုစား၊ ငါ့ကို မတိုင်နဲ့နော်" ဆိုပြီး မဲဆွယ်လာလိမ့်မယ်။ အဲဒီအခါ ကလေးပါရောပြီး သူခိုးဖြစ်သွားတာပေါ့။ ပိုင်ရှင်မသိအောင် ယူတယ်ဆိုတာ ခိုးတာဖြစ်တယ်။ အင်မတန် ရှက်စရာကောင်းတဲ့ စရိုက်ဆိုးဖြစ်တယ်။ ကြီးတဲ့အထိ အကျင့်ပါသွားခဲ့ရင် စာရိတ္တညံ့ဖျင်းတဲ့ အောက်တန်းကျသူဘဝ ရောက်သွားလိမ့်မယ်။ ဒါကြောင့် အဲဒီလို လူမိုက်ကိုလည်း ရှောင်ရမယ်နော်။

လိမ်ညာခြင်းဆိုတာလည်း မိုက်မဲမှုဖြစ်တယ် ကလေးတို့ရေ။ မိမိကိုယ်မှာ မှားမှန်းသိရင် ဝန်ခံရဲရတယ်၊ ပြုပြင်ရဲရတယ်၊ သတ္တိရှိရတယ်။ လူကြီးမိဘ ဆရာတို့ရဲ့ ဆုံးမတာကို နာခံတတ်ရတယ်။ လိမ်ညာတတ်တဲ့ လူမိုက်ကလေးတွေကို ပေါင်းသင်း အတုမယူမိပါစေနဲ့။ လိမ်ညာတယ်ဆိုတာ ဘယ်တော့မှ ကြာကြာမခံဘူး။ အညာပေါ်သွားရင် ရှက်စရာ အလွန်ကောင်းတယ်။ ကိုယ်မှန်တယ်ထင်လို့ လုပ်မိတာ မှားသွားရင် မရှက်ရဘူး။ ဒါဟာ တို့များရဲ့မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ မင်္ဂလာတရားတော် တစ်ပါးပဲ။

လူမိုက်ကို ပေါင်းသင်းမိလို့ ဒုက္ခရောက်ရတဲ့ ရာဇဝင်တွေ၊ ပုံပြင်တွေ အများကြီးရှိတယ်နော်။ အနီတီကတော့ ကလေးတို့ နားလည်နိုင်မယ့် စကားလေးတွေနဲ့ပဲ ရှင်းပြချင်တယ်။ လောကမှာ လူမိုက်တွေ အများရှိတယ်။ သီလ သမာဓိပေါ် အခြေခံပြီး ခွဲခြားပေါင်းသင်းပါ။

အောက်ပါတို့ဟာ မပေါင်းအပ်တဲ့ လူမိုက်တွေဖြစ်တယ်။ မှတ်ထားကြပါနော်။

- မကောင်းမှုကို တိုက်တွန်းတတ်သူ။
- ကောင်းမှုကို တားဆီးတတ်သူ။
- ဆဲရေးတိုင်းထွာတတ်သူ။
- ကျေးဇူးမသိတတ်သူ။
- လိမ်ညာတတ်သူ။

- ဆုံးမခြင်းကို မနာခံတတ်သူ။
- အတင်းပြောတတ်သူ။
- အရက်သောက်တတ်သူ။
- စာရိတ္တချို့တဲ့သူတွေပါပဲ။

မိုက်သောသူနဲ့ အနေကြာရင် မိမိပါ လူမိုက်ဖြစ်မှာမို့ ဝေးဝေးက ရှောင်ရမယ်။ မင်္ဂလာရှိအောင် နေတတ်ကြပါ ကလေးတို့ရေ။

* * *

၂။ ပဏ္ဍိတာနဋ္ဌ သေဝနာ

[ပညာရှိသောသူတို့ကို မှီဝဲဆည်းကပ်ရခြင်း]

ကလေးတို့ရေ...

ဒီမဂ်ီလာတရားတော်ကတော့ ရှင်းရှင်းလင်းလင်းမို့ ကလေးတို့ သဘောပေါက် နားလည်နိုင်ကြမှာပါ။ ကလေးတို့ ကြားဖူးတဲ့ ပုံပြင်လေးတွေ အများကြီးရှိမှာပါ။ ပုံပြင်ထဲမှာ ပညာရှိ ကိုရွှေယုန်၊ ပညာရှိ ဦးဇီးကွက်တို့ ဟာ ဇာတ်လိုက်တွေ ဖြစ်တတ်ကြတယ်။

တကယ် လူလောကကြီးထဲမှာကတော့ ပညာရှိဆိုတာ ဉာဏ်အမြော်အမြင်ရှိသူကို ဆိုလိုတာပေါ့။ ဘယ်သူတွေလို့များ ကလေးတို့ နားလည်ထားသလဲ။ မြတ်စွာဘုရားက စကြရအောင်နော်။ မြတ်စွာဘုရားဟာ လူသားတွေ အတွက် များစွာသော ဒေသနာတွေကို ဟောကြားခဲ့တယ်။ တရားတော်တွေ အဖြစ် ရဟန်းသံဃာတွေကတစ်ဆင့် ဆုံးမ သွန်သင်ပြကြတယ်။ အဲဒီကမ္ဘာ့ဘုရားတွေက ကလေးတို့တစ်တွေကို ပြန်ပြီး နည်းလမ်းညွှန်ပြကြတယ်။

ကလေးတို့ဟာ လောကကြီးထဲကို အခုမှ စတင် ဝင်ရောက်လာတဲ့ လူမမယ်လေးတွေ ဖြစ်တယ်။ ကလေးတို့ မသိတာတွေ အများကြီးပေါ့။ အဲဒီတော့ ဘုရား၊ တရား၊ သံဃာ၊ မိဘဆရာတို့ရဲ့ ဆုံးမလမ်းပြမှုတွေကို လိုက်နာကျင့်ကြံကြဖို့ လိုတယ်နော်၊ ကလေးတို့ဆီမှာ ရှိနေတတ်တဲ့ စူးစမ်းချင်စိတ်၊ လေ့လာချင်စိတ်၊ သိချင်တတ်ချင်စိတ်တွေဟာ ကောင်းမွန်တဲ့ဆန္ဒတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ ပညာရှိတို့ရဲ့ သတိပေးစကားအပေါ်မှာ ဆင်ခြင်လိုက်နာကြရမယ် ကလေးတို့ရေ။

ပညာရှိတစ်မျိုး ရှိသေးတယ်။ အဲဒါကတော့ စာအုပ်စာပေတွေပဲ။ ကလေးတို့ရဲ့ ကျောင်းသင်ခန်းစာထဲမှာ အသိပညာတွေ အများကြီး ရှိပါတယ်။ ကလေးတို့ လိုက်နာမှတ်သားကြရမယ်။ ကျောင်းက စာအုပ်တွေ အပြင် အပြင်က ဗဟုသုတဖြစ်မယ့် ပညာပေးစာအုပ်တွေကိုလည်း ဖတ်မှတ်တဲ့အကျင့်ကို မွေးမြူရမယ်။ စာအုပ်တွေဟာ ပညာရှိများစွာရဲ့ ဦးနှောက်ထဲက ထွက်ပေါ်လာတဲ့အသိ၊ အတွေ့အကြုံက ပေးလာတဲ့အကြောင်းတရားတွေ ဖြစ်တယ်။ ကလေးတို့က စဉ်းစားတွေးခေါ် လိုက်နာကြရမယ်။

ကလေးတို့မှာ ရှိနေနိုင်တဲ့ မာနလေးတွေကိုတော့ ဆင်ခြင်ဖို့ လိုသေးတယ်နော်။ လူ့အောက်ကျို့လို့ ပိမသေနိုင်ဘူးဆိုတာ ကလေးတို့ နားလည်ကြပါ။ ကိုယ်က မသိလို့ မေးကြည့်ရမှာကို ဘယ်တော့မှ မရှက်ပါနဲ့၊ မတွန့်ဆုတ်ပါနဲ့။ မိမိထက် ပိုပြီးတော်သူ၊ တတ်သူထံမှာ တပည့်ခံဖို့ ဝန်မလေးပါနဲ့။ လူဆိုတာ ဘယ်သူမှ မွေးကတည်းက တတ်လာ၊ တော်လာကြတာ မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် ကြိုးစားတည်ဆောက်ကြရတာပဲ။ မသိတာ မေး၊ မစင်တာကို ဆေးရမယ်။

တချို့များကတော့ စာသင်တာတောင်မှ စာတော်တဲ့သူအနားမှာ ကပ်ထိုင်ချင်တတ်ကြတယ်။ ဒါဟာ အမှန်တရားပဲ။ ဒါမှလည်း သူ့ဆီက နည်းလမ်းတွေကို အတုယူနိုင်မယ်။

ကလေးတို့ နောက်ထပ် သိထားဖို့ကတော့ ပညာတတ်နဲ့ပညာရှိဆိုတဲ့ ဝေါဟာရနှစ်ခုပဲ။ ပညာတတ်နဲ့ပညာရှိတာ မတူဘူးနော်၊ ပညာတတ်သူတိုင်းဟာ ပညာရှိ မဖြစ်ဘူး။ ဒါပေမဲ့ ပညာရှိသူတိုင်းကတော့ ပညာတတ်ကြတယ်။

တချို့ဟာ ပညာတွေတော့ စုံလင်အောင်တတ်ပါရဲ့။ ဒါပေမဲ့ အမေမှာ မှာတဲ့အတိုင်းဆိုသလို သူ့ရဲ့ဉာဏ်ကို အသုံးချပြီး ဘာမှ မကွန့်မြူးတတ်တော့ ပညာတွေတတ်ပေမယ့် သူတစ်ပါးရဲ့ အစေအပါးဘဝမှာပဲ တစ်သက်လုံး နေသွားကြရတယ်။ ပညာရှိတဲ့ သူတွေကတော့ တတ်ထားတဲ့ ပညာတွေကို ကိုယ်ပိုင်ဉာဏ်နဲ့ ဆင်ခြင်သုံးသပ် တီထွင်ကြဆပြီး ဘဝတွေကို တည်ဆောက်ကြတယ်။ အဲသည်လို လူမျိုးတွေကြောင့်လည်း ကမ္ဘာကြီးဟာ တစ်နေ့တခြား တိုးတက် ပြောင်းလဲ လာတာပေါ့။

ပညာရှိတွေရဲ့ စွမ်းရည်တွေသာမရှိရင် တို့များဟာ ကျောက်ခေတ်မှာပဲ ရှိနေကြဦးမှာပဲ။ ဒါကြောင့် ပညာတတ်ဖြစ်အောင် ကြိုးစားပြီး အဲဒီကမှတစ်ဆင့် ပညာရှိဘဝကိုရောက်အောင် ကြံဆောင်ကြဖို့ လိုပါတယ်။ ဒီအတွက် ပညာရှိများစွာကို ချဉ်းကပ်လေ့လာ အတုယူရမယ်။ ပြီးရင် ကိုယ်ပိုင်ဉာဏ်နဲ့ အားထုတ်ရမယ်။

အဲဒါဟာ တို့များရဲ့ မြတ်စွာဘုရား ဟောကြားခဲ့တဲ့ မင်္ဂလာတစ်ပါးပဲ ကလေးတို့ရေ။

* * *

၃။ ပူဇာစ ပူဇနေယျာနံ

[ပူဇော်ထိုက်သူကို ပူဇော်ခြင်း]

ကလေးတို့ရေ...

ပူဇော်ထိုက်သူဆိုတာ ဘယ်လိုလူတွေပါလဲ၊ သိကြသလား။ ပထမဦးဆုံးပြောရရင် အနန္တော အနန္တင်းပါ: ဖြစ်ပါတယ်။ ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏောအနန္တော၊ သံဃဂုဏ္ဍောအနန္တော၊ မာတာပိတုဂုဏော အနန္တော၊ အာစရိယဂုဏော အနန္တောရယ်လို့ ဘုရား၊ တရား၊ သံဃာ၊ မိဘနဲ့ဆရာတို့ကို ဦးချ ပူဇော်ကြရမယ်။

မိမိအပေါ် ကျေးဇူးတစ်စုံတစ်ရာ ပြုဖူးသူဟာ ပူဇော်ထိုက်သူပါပဲ ကလေးတို့ရေ။ ကလေးတို့စားရေးသောက်ရေးအတွက် ချက်ပြုတ်ပေးသူကအစ ကလေးတို့ နေထိုင်မကောင်းတဲ့အခါ ပြုစုကုသပေးတဲ့ ဆရာဝန်ကြီးတွေအထိ ပူဇော်ထိုက်သူ ကျေးဇူးရှင်တွေ ဖြစ်တယ်။

အခကြေးငွေ ပေးရသည်ဖြစ်စေ၊ မပေးရသည်ဖြစ်စေ ကျေးဇူးဆိုတာ ငွေကြေးနဲ့ တိုင်းတာလို့ မရဘူးနော်။ ဘာဖြစ်လို့လဲဆိုတော့ လူတွေမှာ စားဝတ်နေရေးဆိုတာ ရှိတယ်။ ထိုက်သင့်သောစီးပွားကို ရှာဖွေနေကြရတယ်။ ဒါကြောင့် သင့်တင့်တဲ့ ကျေးဇူးကြေးဆိုတာ ရှိရမယ်။ ကလေးတို့ရော ကြီးပြင်းလာတဲ့အခါ ကလေးတို့ရဲ့ပညာတွေကို ပြန်လည် ဒါနပြုမှာလား။ ထိုက်တန်အောင် တောင်းယူမှာလား။ အရေးကြီးတာက ငွေပေးရတာပဲဆိုတဲ့ မာနမျိုးနဲ့ ကျေးဇူးရှိသူကို မပြစ်မှားမိစေဖို့ သတိနဲ့ ဆင်ခြင်ပါ ကလေးတို့ရေ။

ဘယ်မိဘကမှ သားသမီးဆီက ပြန်ရကောင်းစေလို့ မမျှော်လင့်တတ်ကြဘူး။ ဘယ်ဆရာသမားမဆို တပည့်တွေဆီက တံ့ပြန်မှုကို ရည်ရွယ်ပြီး မသင်ကြားတတ်ကြပါဘူး။ ဒါပေမဲ့ ကျေးဇူးသိတတ်စွာ ပူဇော်ကန်တော့ခြင်းကိုတော့ ဝိတိနဲ့ ခံယူချင်တတ်ကြစမြဲပါပဲ။ အသပြာထက် သိတတ်မှုကို

ပိုပြီး ဂုဏ်ယူမက်မောကြပါတယ်။ ကလေးတို့ အဲဒီဘဝကိုရောက်မှ ပိုပြီး ကိုယ်ချင်းစာတတ်လိမ့်မယ်။

သက်ကြီးဝါကြီးတွေကို ပူဇော်ကန်တော့ခြင်းဟာလည်း ကောင်းမြတ်သော မဂ်လာဖြစ်တယ်။ အသက်အရွယ် အိုမင်းလာတဲ့ ပုဂ္ဂိုလ်တွေဟာ ကလေးတို့လို လူပ်ရှားရုန်းကန်နိုင်တဲ့ စွမ်းရည်တွေ မရှိတော့ဘူး။ သူတို့မှာ အားအင်တွေ ကုန်ခန်းနေကြပြီ။ အဲဒီလို အချိန်မှာ သူတို့လိုအပ်တဲ့ ဆေးဝါး အစားအသောက်တွေနဲ့ ပူဇော်ကန်တော့မယ်ဆိုရင် သူတို့အတွက် အကျိုးရှိသလို ကလေးတို့အတွက်လည်း ကုသိုလ်တွေ အများကြီးရမှာပဲ။

ပူဇော်ထိုက်သူ နောက်တစ်မျိုးကတော့ အများကောင်းကျိုး သယ်ပိုးထမ်းရွက်ခဲ့ကြတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေပါပဲ။ တို့များဟာ လွတ်လပ်ရေးကို အရယူပေးခဲ့တဲ့ အာဇာနည်ပုဂ္ဂိုလ်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ဘယ်သောအခါမျှ မမေ့ကြဘူး။ နှစ်စဉ် အာဇာနည်နေ့ရောက်တိုင်း သတိတရ ပူဇော်ဂါရဝပြုကြရတယ် မဟုတ်လား။ အဲသည်လိုပဲ ပြည်သူကို အလုပ်အကျွေးပြုတဲ့ အနုပညာရှင်ကြီးတွေကိုလည်း ပူဇော်ဂါရဝပြုလေ့ရှိကြတယ်။ ဒါဟာ မဂ်လာတရားတော်ပါပဲ။

ကလေးတို့ ကျောင်းတွေမှာ နှစ်စဉ် ကျင်းပမြဲဖြစ်တဲ့ အာစရိယပူဇော်ပွဲဟာလည်း မဂ်လာရှိသော ပွဲတော်ပါပဲ။ ဆရာတို့အပေါ် ပြုမူပြစ်မှားမိသမျှ ဝန်ချတောင်းပန်ရင်း ပူဇော်ကန်တော့ကြရတာ မဟုတ်လား။ အချို့ကျောင်းကြီးတွေမှာဆိုရင် ကျောင်းသားဟောင်းကြီးတွေက အရွယ်ကြီးရင့်ကြကုန်ပြီဖြစ်တဲ့ ဆရာ/ဆရာမဟောင်းကြီးတွေကို တစ်နှစ်တစ်ခါ စုစုစည်းစည်း ပူဇော်ကန်တော့ကြတယ်။

ကလေးတို့ရေ ပူဇော်ထိုက်သူကို ပူဇော်ခွင့်ရရှိဖို့ဆိုတာက မလွယ်လှပါဘူး။ ကံတရားက ဖန်တီးပေးမှရတယ်။ တချို့များဆို မိဘကို ပူဇော်ကန်တော့ချင်တာတောင်မှ ကန်တော့ခံမယ့် မိဘတွေ မရှိရှာတော့ဘူး။ ဒါကြောင့် မိဘတွေ သက်ရှိထင်ရှား ရှိစဉ်မှာ ပူဇော်ကန်တော့ကြဖို့ မမေ့ကြနဲ့ ကလေးတို့ရေ။

ပူဇော်ထိုက်သောသူတို့ကို ပူဇော်ရခြင်းအားဖြင့် ကောင်းမြတ်သော မဂ်လာကို ရရှိနိုင်အောင် အားထုတ်ကြပါ။

* * *

၄။ ပတိရူပ ဒေသဝါသောစ

[သင့်တင့်လျောက်ပတ်သော အရပ်၌နေရခြင်း]

ကလေးတို့ရေ...

နောက်ထပ် မဂ်လာတစ်ပါးကတော့ သင့်တင့်လျောက်ပတ်သောအရပ်၌ နေရခြင်းကို ခေါ်တယ်ကွယ်။ ကလေးတို့နားလည်အောင် အန်တီ ရှင်းပြမယ်နော်။

ကလေးတို့ 'ဒူးနေရာ ဒူး၊ တော်နေရာ တော်' ဆိုတာ ကြားဖူးသလား။ လူဆိုတာ ကိုယ်နဲ့သင့်တင့်တဲ့နေရာမှာ နေတတ်ရတာကိုဆိုလိုတာပဲ။ ကလေးတို့အိမ်မှာ ဘုရားစင်ရှိတယ်နော်။ ဘုရားစင်ဆိုတာ အမြင့်မှာရှိရတယ်။ မြတ်စွာဘုရားထက် မြင့်မြတ်တဲ့အရာ လောကမှာ မရှိဘူး။ မိသားစုဓာတ်ပုံတွေကို ဘယ်တော့မှ ဘုရားစင်ရဲ့အမြင့်နေရာမှာ မချိတ်ရဘူး။

လူလူချင်းမှာလည်း သည်လိုပဲရှိတယ်။ သားသမီးတွေဟာ မိဘရဲ့အမြင့်မှာ မထိုင်ရဘူး။ မိဘထက် ဦးစွာ မသောက်ရဘူး။ ဦးချပြီး စားသုံးကြရတယ်နော်။ အသက်ငယ်သူဟာ အသက်ကြီးသူရဲ့အထက်မှာ မနေရဘူး။ အဲဒီလို နေထိုင်ခြင်းဟာ ကျက်သရေမဂ်လာ မရှိဘူး။

ကလေးတို့ ရုံး၊ ဌာနတွေကို ရောက်ဖူးကြသလား။ ရာထူးကြီးသူနဲ့ ရာထူးငယ်သူတွေဟာ တန်းတူ မထိုင်ကြရဘူး။ မြင့်မြတ်တဲ့ ရဟန်းသံဃာတော်တွေဟာ လူတွေရဲ့အထက်မှာ ထိုင်ကြရတယ်။ ဒါဟာ အသက်အရွယ်နဲ့ မပတ်သက်ဘူး။ ဒီတော့ လူမှာ သူ့နေရာနဲ့သူ၊ သူ့ဘဝနဲ့သူ သတ်မှတ်ပေးထားတာတွေရှိတယ်။ ကိုယ့်နေရာကိုယ် နေတတ်ရမယ်။ ကိုယ်နဲ့သက်ဆိုင်တဲ့ အလုပ်ကိုပဲ လုပ်ရတယ်။ သူတစ်ပါး အခွင့်မပြုတဲ့ကိစ္စမှာ မစပ်စုရဘူး၊ ဝင်မပါရဘူး။ အဲဒါဟာ လူကျင့်ဝတ်တစ်မျိုးဖြစ်တယ်။

အိမ်မှာလည်း မိဘချင်း စကားပြောကြတဲ့အခါမှာပဲဖြစ်ဖြစ်၊ လူကြီးတွေ ဆွေးနွေးငြင်းခုံကြတဲ့အခါမှာပဲဖြစ်ဖြစ် ကလေးတို့က ဝင်မပါကြရဘူး၊ ဝင်မပြောကြရဘူးနော်။ အဲဒါ ကလေးတို့ရဲ့အလုပ်မှ မဟုတ်ဘဲ။ ကလေးတို့ဟာ ကျောင်းသူကျောင်းသားတွေသာ ဖြစ်တယ်။ ကလေးတို့ ကျောင်းမှန်မှန် တက်ရမယ်၊ စာမှန်မှန် ကျက်ရမယ်။ ကစားချိန်မှာ ကစားရမယ်၊ အိပ်ချိန်မှာ အိပ်ရလိမ့်မယ်။ ကဲ... ဘယ်လောက် စိတ်ချမ်းသာ ပျော်ရွှင်စရာကောင်းသလဲ။ အဲဒါ ကျက်သရေမင်္ဂလာတစ်မျိုးပေါ့။

ကိုယ်နဲ့မပတ်သက် မအပ်စပ်တဲ့နေရာတွေကို သွားမယ်၊ လာမယ်ဆိုရင် အန္တရာယ်တစ်မျိုးမျိုးနဲ့ ရင်ဆိုင်ရတတ်တယ်။ 'အသွားမတော် တစ်လှမ်း' ဆိုတဲ့အတိုင်း မသင့်တော်တဲ့နေရာကို ခြေတစ်လှမ်းသွားမိရုံနဲ့ ဘေးသင့်တာမျိုးပေါ့ကွယ်။ သတိထားကြရမယ်နော်။

အိမ်မှာမွေးထားတဲ့ တိရစ္ဆာန်တွေကို ကိုယ်နဲ့အတူတူ မသိပ်ရဘူး။ ကြောင်တွေ ခွေးတွေမှာရှိတဲ့ ပိုးမွှားတွေဟာ ကလေးတို့အတွက် ဥပဒ်ဖြစ်စေတယ်။ ဘယ်လောက်ပဲချစ်ချစ် လူနဲ့ တိရစ္ဆာန်ဆိုတာ အဆင့်အတန်းချင်းလုံးဝ မတူဘူး။ အတူတူနေခြင်းဟာ ကျက်သရေကို ယုတ်လျော့စေတယ်။

ဒါပေမဲ့ ကလေးတို့ မှတ်ထားရမှာရှိတယ်။ လူလူချင်းမှာတော့ နှိမ့်ချခွဲခြားမှု မရှိသင့်ဘူးဆိုတဲ့ အချက်ပဲ။ ကလေးတို့ အတန်းထဲမှာ ပြည့်စုံနိုင်မှု မရှိတဲ့ သူငယ်ချင်းကလေးတွေ ရှိပါလိမ့်မယ်။ သူတို့ကို နွမ်းပါးလို့ဆိုပြီး နေရာမပေး၊ မခေါ်မပြော မလုပ်ရဘူးနော်။ ဖေးမကူညီကြရမယ်။ တန်းတူညီတူ ဆက်ဆံရမယ်။

ကလေးတို့ရေ ခုလို ငယ်ရွယ်စဉ်ဘဝကတည်းက ကလေးတို့ဟာ ကိုယ်နဲ့ သင့်တင့်လျောက်ပတ်တဲ့ နေရာတစ်ခုကို ရည်ရွယ်ရွေးချယ်ထားကြပါ။ လူဆိုတာ ကိုယ့်ရဲ့တန်ဖိုးကို ကိုယ့်ဘာသာ သတ်မှတ်ကြရတာမျိုးပဲ။ ကိုယ်က တော်အောင်ကြိုးစားရင် ကိုယ့်ကို လူတော်အဖြစ် သတ်မှတ်ကြလိမ့်မယ်။ ကိုယ်က ကိုယ့်ကိုယ်ကိုယ် နှိမ့်ချအားငယ်နေရင် ဘယ်လိုမှ နေရာကောင်းကို ရနိုင်မှာ မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်ချင်မှန်း မသိရင်တော့ ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး ကလေးတို့ရေ။

လူတိုင်းဟာ ချမ်းသာပြည့်စုံတဲ့ နေရာမျိုးမှာ နေချင်ကြမှာပဲ။

ဒါပေမဲ့ ဘဝဆိုတာ ပျော်ရာမှာ နေချင်မှ နေရတတ်တယ်။ ကြိုးစားနေတဲ့ အချိန်မှာ ဆင်းရဲပင်ပန်းခံသင့်ရင် ခံရမယ်။ ဒီတော့ ကိုယ် ဘာလုပ်ရမယ် ဆိုတာသာ စဉ်းစားပါ။ ငါ ကြီးလာရင် ဘာဖြစ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက် မျိုးထားပါ။ ဖြစ်တာ မဖြစ်တာဟာ ကံတရားဖြစ်ပေမယ့် ကြိုးစားခြင်းဆိုတာ အလကား ဖြစ်မသွားပါဘူး။ ဇွဲ၊ လုံ့လ၊ ဝီရိယရှိရှိနဲ့သာ ပန်းတိုင်ကိုရောက် အောင် သွားကြပါ။

အဓိကကတော့ ပန်းတိုင်ရှိဖို့ပါပဲ။

* * *

၅။ ပုဗ္ဗေစ ကတပုညတာ

[ရှေးဦးပြုအပ်သော ကောင်းမှုရှိခြင်း]

ကလေးတို့ရေ...

သည်တစ်ခါ ရှင်းပြမယ့် မင်္ဂလာတစ်ပါးကတော့ ကလေးတို့ရဲ့ ရှေးဘဝကုသိုလ်ကံနဲ့ ပတ်သက်တာမို့ နည်းနည်းလေးတော့ ဂရုစိုက် မှတ်သားကြပါ။

ရှေးဘဝကုသိုလ်ကံဆိုတာ ဘာကိုခေါ်သလဲဆိုရင် အနိတိတို့မမြင်ရတဲ့ ဟိုးဘဝဟောင်းက ပြုမှုခဲ့ဖူးတဲ့ ကုသိုလ်တွေကိုခေါ်တယ်။ ကလေးတို့ဟာ အရင့်အရင်ဘဝတွေမှာ ကောင်းမှုတွေ ပြုခဲ့ကြလို့သာ အခုဘဝမှာ ခြေလက်အင်္ဂါ စုံစုံလင်လင်နဲ့ ပညာသင်ခွင့် ရနေကြတာပဲပေါ့။

တချို့ကလေးလေးတွေ တွေ့ဖူးကြသလား။ မွေးကတည်းက ကိုယ်အင်္ဂါချို့တဲ့ကြတယ်၊ စကားမပြောတတ်ကြဘူး။ တချို့ကျတော့လည်း မွေးပြီးကာမှ တစ်စုံတစ်ခုကြောင့် ချို့ယွင်းသွားကြတယ်။ အဲဒါ အကုသိုလ်ကံ အကျိုးပေါ့။ ဒါတွေဟာ တို့များ ဘာမှ မတတ်နိုင်တဲ့ အကျိုးတရားတွေပဲ။

ကလေးတို့ချင်းကိုပဲ ကြည့်ကြပါစို့။ တချို့ကလေးတွေရဲ့ မိဘတွေက ပြည့်စုံကြွယ်ဝကြတယ်။ ကလေးတွေ လိုချင်တာ ဝယ်ပေးနိုင်ကြတယ်။ တချို့ကလေးတွေရဲ့ မိဘတွေကတော့ အသင့်အတင့်ပဲ တတ်နိုင်ကြတယ်။ လူတန်းစေ့ရုံလောက်ပဲ ထားနိုင်ကြတယ်။ တချို့များကျတော့ ဆင်းရဲချို့တဲ့လွန်းတဲ့အတွက် အနိုင်နိုင် ရုန်းကန်ရှာဖွေပြီးမှ ကျောင်းကို ပို့နိုင်ကြတယ်။ ဒါတွေဟာ ကလေးတို့ရဲ့ ရှေးဘဝကုသိုလ်ကံ အကျိုးပေးပဲပေါ့။

ရှေးဘဝက မင်္ဂလာတရားတော်တွေနဲ့အညီ ပြုကျင့်နေထိုင်ခဲ့ကြသူတွေဟာ ဒီဘဝမှာ မင်္ဂလာရှိသောသူတွေ ဖြစ်လာကြတယ်။ ဒါကြောင့် ဒီဘဝမှာလည်း မိမိကိုယ်ကို မင်္ဂလာရှိအောင် နေထိုင်ကျင့်ကြံသွားကြမယ်ဆိုရင် နောင်ဘဝအတွက် လုံးဝ ပူပင်စရာ မရှိတော့ဘူး။

မမြင်နိုင်တဲ့ ဘဝဟောင်းက အကြောင်းတွေအတွက် စိတ်ပျက်အားငယ်နေလို့ အကျိုးမရှိနိုင်ဘူး ကလေးတို့ရေ။ မိမိ ရရှိထားတဲ့ ဘဝမှာသာ ကောင်းမွန်အောင် ကြိုးစားပါ။

လူတွေမှာ တချို့က ယောက်ျားဖြစ်ကြတယ်။ တချို့က မိန်းမဖြစ်ကြတယ်။ ဒါဟာ ကုသိုလ်ကံပဲ။ ဘယ်တတ်နိုင်ပါ့မလဲကွယ်။ ယောက်ျားဆိုတာ မြတ်တယ်၊ ဘုန်းရှိတယ်၊ ဘုရားစေတီတွေမှာ မိန်းမတက်ခွင့် မရှိတဲ့နေရာတွေ ကလေးတို့ တွေ့ဖူးမှာပေါ့။ ယောက်ျားဆိုတာ ဘုရားဆုပန်ခွင့်ရှိသူတွေပဲလေ။ ဒါတွေဟာ ကံတရားသာဖြစ်တယ်။ လူက ပြုပြင်လို့မရနိုင်ဘူး။ အရေးကြီးတာကတော့ လူရယ်လို့ဖြစ်လာမှ လူတစ်ယောက် လုပ်သင့်တာကို လုပ်သွားဖို့ပါပဲ။

ကလေးတို့ ပညာသင်နေကြတယ်။ ဘာအတွက် သင်ကြတာလဲ။ အဖေတွေ အမေတွေက သင်ခိုင်းလို့လား၊ ဆရာ ဆရာမတွေက သင်ပေးနေလို့လား၊ ကိုယ်တိုင်ကပဲ ပညာတတ်ချင်လို့လား။ သေသေချာချာ စဉ်းစားကြပါ။ လောကမှာ လုပ်သင့်တဲ့အလုပ်ကို လုပ်ရတယ်ဆိုပေမယ့် ကိုယ်တိုင် ဆန္ဒရှိဖို့လည်း လိုတယ် ကလေးတို့ရေ။

ကလေးတို့ကိုယ်တိုင်က ပညာတတ်မှဖြစ်မယ်၊ ပညာသင်မှ လူရာဝင်မယ်၊ ပညာရှိမှ ဂုဏ်ရှိမယ်၊ ပညာရှေ့အိုးဟာ လူမခိုးနိုင်ဘူး၊ ပညာမြင့်မှ လူမျိုးမြင့်မယ်ဆိုတဲ့ အသိတရားတွေ ရှိထားမှဖြစ်မယ်။ ဒါမှလည်း ပညာသင်ကြားနေတဲ့ ကလေးတို့ရဲ့ဘဝဟာ မင်္ဂလာရှိမှာပဲ။ ပညာသင်ခွင့်ရနေတာကိုကပဲ မင်္ဂလာနော်။

အနိတ္တိက ရှေ့ဘဝက်အကြောင်းပြောတာနဲ့ ကလေးတို့ရဲ့စိတ်ထဲမှာ အတွေးမှားတွေ ဝင်မလာစေနဲ့ဦးနော်။ ချမ်းသာတယ်၊ ဆင်းရဲတယ်ဆိုတာ ရှေးဘဝက်လည်း မှန်ပါတယ်။ ဒါပေမဲ့ ကိုယ်တိုင်ကြိုးစားမှုအပေါ်မှာလည်း မူတည်တတ်ပါတယ်။ ငါတို့ ကံမကောင်းပါဘူး၊ ချမ်းသာအောင် ကြိုးစား

လည်း ရမှာမဟုတ်ပါဘူးလို့ မတွေးလိုက်ပါနဲ့ အန်တီ ပြောခဲ့ပြီးပါပြီ။ ကံဆိုတာ မမြင်ရပါဘူး။ ပြီးတော့ ကံဆိုတာ အလုပ်လည်းဖြစ်တယ်။ ဒါကြောင့် ကြိုးစားရမှာက ကလေးတို့တာဝန်ပဲ။

နားလည်ကြရဲ့လား။

* * *

၆။ အတ္တသမ္မာ ပဏိဓိစ

[ကိုယ်နင့်စိတ်ကို ကောင်းစွာ ဆောက်တည်ခြင်း]

ကလေးတို့ရေ...

အင်မတန် ကျက်သရေရှိလှတဲ့ မင်္ဂလာတရားတော်တစ်ပါးကတော့ မိမိစိတ်ကို ကောင်းစွာ တည်ဆောက်ရခြင်းပါပဲ။ ကလေးတို့ နားလည်နိုင်ကြလား။ ကလေးတို့ရဲ့ကျောင်းမှာ ရွတ်ဆိုနေကျ ဆောင်ပုဒ်ကလေး ရှိပါတယ်။

မိမိကိုယ်ကို ကောင်းအောင် ကြိုးစားမည်။

မိမိအတန်းကို ကောင်းအောင် ကြိုးစားမည်။

မိမိကျောင်းကို ကောင်းအောင် ကြိုးစားမည်။

မိမိတိုင်းပြည်ကိုကောင်းအောင် ကြိုးစားမည်ဆိုတာလေးပေါ့။ အဲဒါကိုကြည့်ရင် ပထမဦးဆုံး မိမိကိုယ်ကို ကောင်းအောင် ကြိုးစားရမယ်ဆိုတာ သိသာထင်ရှားနေပြီ။ မိမိရဲ့ကိုယ်၊ စိတ်၊ နှလုံး သုံးပါးစလုံးကို ကောင်းမွန်အောင် ကြိုးစားကျင့်ကြံနိုင်ခြင်းဟာ မြတ်သော မင်္ဂလာတစ်ပါးပါပဲ ကလေးတို့ရေ။

လူတစ်ကိုယ်မှာ စိတ်တစ်မျိုးစီ ရှိကြပါတယ်။ ကလေးတို့ချင်းရောစိတ်သဘောထားတွေ တူညီနေတတ်ကြသလား။ ဘယ်လိုမှ မတိုက်ဆိုင်မကိုက်ညီနိုင်ကြဘူးနော်။ အေး... ဒါပေမဲ့ အဲဒီ တစ်မျိုးစီရှိနေတဲ့စိတ်တွေကို ကောင်းမွန်အောင် တည်ဆောက်တဲ့နေရာမှာတော့ အခြေခံအချက်အလက်တော်တော်များများနဲ့ ကိုက်ညီရလိမ့်မယ်။

စိတ်မာတ်ခိုင်မာရမယ်

အဲဒါ အရေးအကြီးဆုံးပေါ့။ ဘယ်သူတွေ ဘာပြောပြော ကိုယ့်စိတ်ကိုယ် မပြောင်းလဲတတ်ခြင်းဟာ အရည်အချင်းတစ်ခုပဲ။

စိတ်ထားမွန်မြတ်ရမယ်

မွန်မြတ်တဲ့စိတ်ထားရှိသူဖြစ်အောင် ကလေးတို့ ကြိုးစားရမယ်။ မွန်မြတ်တဲ့စိတ်ဆိုတာ သူတစ်ပါးအပေါ် စာနာတတ်ခြင်း၊ ခွင့်လွှတ်တတ်ခြင်း၊ သည်းခံတတ်ခြင်း၊ မနာလိုစိတ်မရှိခြင်းတွေပဲ။

စိတ်နေဖြောင့်မတ်ရမယ်

ဖြောင့်မတ်မှန်ကန်တဲ့ စိတ်နေစိတ်ထားရှိဖို့ဆိုတာကလည်း အရေးပါတဲ့ အချက်တစ်ခုပဲ ကလေးတို့ရေ။ မျက်နှာလိုက်ခြင်း၊ အခွင့်အရေးကိုပေးခြင်း၊ ဦးစားပေးခြင်း စတဲ့ တရားမျှတမှုမရှိတဲ့ လမ်းစဉ်တွေကို ရှောင်ကြဉ်တတ်ရလိမ့်မယ်။

စိတ်နေသဘောထား နူးညံ့ရမယ်

သူတစ်ပါးအပေါ်မှာ နူးညံ့ယျှောယျှောင်းတဲ့ စိတ်သဘောထားနဲ့ ဆက်ဆံတတ်ခြင်းဟာလည်း ကောင်းမြတ်သော အလေ့အကျင့်တစ်မျိုး ဖြစ်ပြန်တယ်။ ကူညီရိုင်းပင်းတတ်ရမယ်။

အဲဒီလို ကိုယ့်ရဲ့စိတ်ကို မင်္ဂလာရှိအောင် ကြိုးစားတည်ဆောက်ပြီးတဲ့အခါမှာတော့ မိမိရဲ့ကိုယ်ခန္ဓာကို ကောင်းမွန်အောင် ထိန်းသိမ်းဖို့ မခဲယဉ်းတော့ဘူး ကလေးတို့ရေ။

တစ်ကိုယ်ရေ သန့်ရှင်းရမယ်

မိမိကိုယ်ကို သန့်ရှင်းစင်ကြယ်အောင် နေထိုင်တတ်ခြင်းဟာလည်း ကောင်းမွန်သော အလေ့အထဖြစ်တယ်။ ကျန်းမာရေးနဲ့ညီညွတ်သလို လူရာလည်း ဝင်တယ်။

တည်ငြိမ်အေးဆေးရမယ်

နေရာတိုင်းမှာ အလောတကြီးနဲ့ ပျာယာခတ်တတ်တဲ့ အကျင့်ဟာ အမှားတွေ အများကြီးကို ကျူးလွန်စေတတ်တယ်။ ဒါကြောင့် ဘယ်နေရာ ပဲဖြစ်ဖြစ် ကိုယ်ရောစိတ်ပါ တည်ငြိမ်အောင်ထားပြီး ဆုံးဖြတ်လုပ်ကိုင်တတ် ပါစေ။

ဖျတ်လတ်သွက်လက်ရမယ်

တည်ငြိမ်အေးဆေးစွာ ဆုံးဖြတ်လုပ်ကိုင်တယ်ဆိုပေမယ့် လှုပ်ရှားတဲ့ နေရာမှာတော့ ဖျတ်လတ်သွက်လက်မှု ရှိရမယ်။ ဒါမှလည်း သူတစ်ပါးရဲ့ နောက်မှာ ကျန်မနေရစ်ခဲ့မှာပဲ။

ထူးချွန်ထက်မြက်ရမယ်

မိမိရဲ့ဘဝကို တိုးတက်မြင့်မားအောင် တည်ဆောက်မယ့် ကလေး တစ်ယောက်ဟာ ဘဝရဲ့ အစမှာကတည်းက ထူးချွန်ထက်မြက်မှုတွေရှိနေဖို့ လိုအပ်တယ်နော်။

အဲသလို မိမိရဲ့ ကိုယ်နဲ့စိတ်ကို ကောင်းမွန်အောင် ဆောက်တည်နိုင် ခြင်းကို မင်္ဂလာတစ်ပါးရယ်လို့ မြတ်စွာဘုရားက ဟောကြားတော်မူခဲ့လေ ရဲ့ ကလေးတို့ရေ...။

* * *

၇။ ဗဟုသစ္ဆ

[အကြားအမြင်များသောသူ ဖြစ်ခြင်း]

ကလေးတို့ရေ...

ဒီမင်္ဂလာတရားတော်ကတော့ ရှင်းရှင်းကလေးပါပဲကွယ်။ ဗဟုသုတ အကြားအမြင် ပြည့်စုံကြွယ်ဝခြင်းဟာ မင်္ဂလာတစ်ပါးပဲလို့ ဆိုလိုတာပေါ့နော်။

ဒီတော့ ကလေးတို့အားလုံး မျက်စိတွေကိုဖွင့်၊ နားကိုစွင့်ပြီး လောကကြီးကို မျက်ခြည်မပြတ် စောင့်ကြည့်ကြရမယ်။ တစ်နေ့တစ်နေ့ ကျောင်းသွား၊ အိမ်ပြန်၊ စာကျက်နေရုံနဲ့တော့ လောကကြီးအကြောင်း ကလေးတို့ ဘာမှ သိမှာမဟုတ်ဘူး။

တို့များနေထိုင်တဲ့ ရပ်ကွက်၊ မြို့ကလေးမှာ ဘာထူးခြားမှုတွေရှိသလဲ။ အရင် သိနေရမယ်။ အဲဒီကမှ တို့များရဲ့တိုင်းပြည်မှာ ဘာတွေ ပြောင်းလဲတိုးတက်လာပြီလဲ။ ဒါတွေကိုလည်း သိနေရမယ်။ အခုဆိုရင် တို့များနိုင်ငံမှာ ဂြိုဟ်တုကနေ တိုက်ရိုက်ထုတ်လွှင့်တဲ့ ရုပ်မြင်သံကြား ပစ္စည်းတွေ အများကြီး ရှိနေပြီ။ ဒီနေ့ ကမ္ဘာ့ထူးခြားချက်ကို ဒီနေ့ ချက်ချင်း သိနိုင်ပြီ။ ဒါတွေကို ကိုယ်နဲ့မဆိုင်ဘူးဆိုပြီး အာရုံလမ်းလွဲမထားရဘူးနော်။ အချိန်ရတဲ့အခိုက်မှာ လက်လှမ်းမီသလောက် သိနေရမယ်။

မြန်မာပြည်မှာမွေးပြီး ကြီးပြင်းကြရမယ့် ကလေးတို့ဟာ ကိုယ့်နိုင်ငံ အကြောင်းကိုလည်း ကောင်းကောင်းသိထားဖို့လိုတယ်။ တန်ခိုးကြီးဘုရားတွေ အကြောင်း၊ သာယာလှပတဲ့ ရှုမျှော်ခင်းတွေအကြောင်း၊ ထင်ရှားတဲ့ အဆောက်အဦးတွေအကြောင်း၊ လေးစားအပ်တဲ့ ပုဂ္ဂိုလ်တွေအကြောင်းပေါ့။ ဒါတွေက ဗဟုသုတကြွယ်ဝမှုရဲ့ ရလဒ်ဖြစ်တယ်။

နောက်တစ်မျိုးကတော့ လူတွေရဲ့စရိုက်လက္ခဏာတွေနဲ့ပတ်သက်ပြီး သိသင့်တာမျိုးဖြစ်တယ်။ များသောအားဖြင့် လူတွေဟာ အတ္တကြီးတယ်၊ တစ်ကိုယ်ကောင်းဆန်ကြတယ်၊ မျက်နှာလိုက်တတ်ကြတယ်၊ အပျော်အပါးကို မက်မောကြတယ်။ အများကြီးပေါ့ကွယ်။ အဲဒီလိုလူတွေရဲ့ ယေဘုယျ သဘောထားတွေကို သိနားလည်ထားမယ်ဆိုရင် လူတွေနဲ့ဆက်ဆံတဲ့အခါ အခက်အခဲ သိပ်မရှိတော့တာ တွေ့ရလိမ့်မယ်။ ဒါ သဘာဝပါလားဆိုတဲ့ သတိတရားက ကလေးတို့ကို ယဉ်ပါးလာအောင် သွန်သင်ပြသွားမှာပဲ။

တကယ်တော့ အကြားအမြင်ရတယ်ဆိုတာ ပညာရပ်တစ်ခု မဟုတ်ပါဘူး ကလေးတို့ရယ်။ နားလည်တတ်ခြင်းကို ဆိုလိုတာပါ။ သူတစ်ပါးအပေါ် နားလည်တတ်တဲ့သူတွေဟာ ကိုယ်ချင်းစာပေးတတ်ကြတယ်၊ ဝေမျှခံစားပေးတတ်ကြတယ်။ အဲဒါကမှ မင်္ဂလာပေါ့ ကလေးတို့ရေ။

တို့များရဲ့ မြတ်စွာဘုရားကတော့ လူသားတွေထက် များစွာ ပိုသာတဲ့ ဉာဏ်ပညာရှိသူ ဖြစ်တယ်။ ဒါကြောင့် လူသားတွေရဲ့ဒုက္ခ၊ သောကပရိဒေဝစတဲ့ အခက်အခဲတွေကို သိမြင်နိုင်တော်မူတယ်။ မေတ္တာဓာတ်နဲ့ ငြိမ်းအေးအောင် စွမ်းဆောင်ပေးနိုင်တယ်။

မေတ္တာဆိုတာ အအေးမြေဆုံး အလင်းရောင်ဖြစ်တယ်။ ဒါကြောင့် အရာရာကို မေတ္တာတရားနဲ့ ဆုံးဖြတ်ကြရမယ်။ အဲဒီမေတ္တာတရားကို မွေးမြူထားတတ်ဖို့ဆိုတာကတော့ အခုနက အနှိပ်ပြောခဲ့သလို လူတွေရဲ့သဘာဝကို နားလည်တတ်ဖို့ အဓိကပါပဲ။

ဒါကြောင့် ကိုယ့်ရဲ့နေရာသေးသေးကလေးထဲမှာ ကိုယ့်ကိုယ်ကိုယ် ပြည့်စုံနေပြီလို့ မထင်လိုက်ကြဖို့ မှာချင်ပါတယ်။ လောကကြီးမှာ ကလေးတို့ မသိတာတွေ အများကြီး ရှိတယ်နော်။ သိနိုင်သလောက် သိအောင် ကြိုးစားရမယ်။

စူးစမ်းလေ့လာခြင်းဆိုတဲ့ အလေ့အကျင့်ကတစ်ဆင့် ဆင်ခြင်တွေးဆာခြင်း၊ ဆုံးဖြတ်ပိုင်းခြားနိုင်ခြင်းဆိုတဲ့ အတတ်ပညာတွေကို သင်ယူကြရမယ်။

လူတွေမှာလည်း သဘာဝ ပြတင်းပေါက်တွေ ရှိတယ်။ မျက်လုံးတွေကို အကဲခတ်တတ်ရမယ်၊ စကားတွေကို သုံးသပ်တတ်ရမယ်။ အမူအရာ

တွေကို ဝေဖန်တတ်ရမယ်။ လုပ်တဲ့အလုပ်တွေကို အကဲဖြတ်တတ်ရမယ်။ အဲဒါမှ ကျွမ်းကျင်တဲ့ ခေါင်းဆောင်တစ်ဦး ဖြစ်မှာပဲ။ ကလေးတို့ လေ့ကျင့်နိုင်ပါ့မလား။

အခုကတည်းက မိဘရဲ့အရိပ်အကဲကို နားလည်အောင် ကြိုးစားပါ။ ဆရာ/ဆရာမတွေရဲ့ လမ်းညွှန်မှုကိုမြင်နိုင်အောင် အားထုတ်ပါ။ လမ်းတွေရဲ့ အတိမ်အနက် အကွေ့အကောက်ကိုသိရင် ရွေးချယ်သွားဖို့ မခဲယဉ်းတော့ပါဘူး။ အရေးကြီးတာက များများသိနေနိုင်ဖို့ပါပဲ။

ဒါကြောင့်လည်း တို့များရဲ့ မြတ်စွာဘုရားက အကြားအမြင် ဗဟုသုတများပြားခြင်းဟာ ကောင်းခြင်းမင်္ဂလာတစ်ပါးရယ်လို့ ဟောကြားတော်မူခဲ့တာပေါ့ ကလေးတို့ရေ...။

* * *

၈။ သိမ္ဘွ

[အပြစ်ကင်းအောင် တတ်မြောက်ခြင်း]

ကလေးတို့ရေ...

လောကကြီးမှာ ဘယ်လိုပညာရပ်မျိုးကိုမဆို သင်ကြားတတ်မြောက်ဖို့ဆိုတာ မခဲယဉ်းလှပါဘူးကွယ်။ လူတွေဟာ မွေးလာကတည်းက ငိုတတ်ရုံကလွဲပြီး ဘာများ တတ်လာခဲ့ကြလို့လဲ။ တဖြည်းဖြည်း ကြီးပြင်းလာတာနဲ့အမျှ တွေ့၊ မြင်၊ ကြားသိရသမျှတွေအပေါ်မှာ ပညာယူပြီး တတ်မြောက်လာကြရတာပဲ မဟုတ်လား။ ဒါပေမဲ့ ကလေးတို့ သိထားဖို့လိုတာကတော့ ဘယ်ပညာရပ်ကိုမဆို အပြစ်ကင်းအောင် သင်ယူတတ်မြောက် ထားရမယ်နော်။

ကလေးတို့ စာတွေ သင်ကြတယ်မဟုတ်လား။ စာတွေတတ်ပြီး အတန်းတွေ အောင်လာတဲ့အခါ ကလေးတို့ ဘာလုပ်ကြမှာလဲ။ မိမိကိုရော လောကကြီးကိုပါ အကျိုးရှိစေနိုင်မယ့်အလုပ်ကို လုပ်ကြရမယ်လေ။ အနိတိ ရှင်းပြတာကို သဘောပေါက်အောင် ကြိုးစားကြပါ။

အင်ဂျင်နီယာတစ်ယောက်ဟာ တိုက်တစ်လုံးကို ဘယ်လို အချိုးအဆနဲ့ ရောနှောတည်ဆောက်ရင် ခိုင်ခံ့မယ်ဆိုတာ သိတယ်နော်။ အဲဒါ သူ့ပညာပဲ။ သူဟာ သူကိုယ်တိုင်လည်း နာမည်ရမယ်၊ အကျိုးခံစားရမယ်၊ သူ့ကိုအပ်နှံသူလည်း ကျေနပ်မယ်၊ သဘောကျမယ်ဆိုတဲ့ စေတနာကောင်းနဲ့ တိုက်ကြီးကို တည်ဆောက်လိုက်မယ်ဆိုရင် ဘယ်လောက် နှစ်ဦးနှစ်ဖက် စိတ်ချမ်းမြေ့မလဲနော်။

အေး... ဒါပေမဲ့ အဲဒီ အင်ဂျင်နီယာဟာ ဘယ်ပစ္စည်းတွေကို ဘယ်လို လျှော့သုံးလိုက်ရင် သူ့အတွက် ဘယ်လောက် ပိုထွက်လာနိုင်မလဲဆိုတာ ကိုလည်း သိနေသူဖြစ်တယ်။ သူဟာ တိုက်ကြီးကို ဖြစ်ရုံသာဆောက်ပြီး အပိုကုန်ပစ္စည်းတွေကို သူ့အိတ်ထဲကိုထည့်လိုက်မယ်ဆိုရင် သူလည်း နာမည်မရ၊ အပ်နှံသူလည်း စိတ်တိုင်းမကျ၊ သူကိုယ်တိုင်ကတော့ စ,စ,ပ,ပ, ရလိုက်ပါရဲ့။ စိတ်ချမ်းချမ်းသာသာတော့ မဟုတ်ဘူးလေ။ ရှေ့အလားအလာအားဖြင့်လည်း သူ ဘယ်ကောင်းတော့မှာလဲ။

ကဲ... အဲဒီလုပ်ရပ်နှစ်ခုမှာ ဘယ်ကိစ္စက မဂ်ီလာရှိမလဲ။ ကလေးတို့ စဉ်းစားကြပါ။ ဒါကြောင့် တတ်မြောက်ထားတဲ့ ပညာကို အပြစ်ကင်းအောင် အသုံးချတတ်ခြင်းကမှ မဂ်ီလာရှိတယ်လို့ မြတ်စွာဘုရားက ဟောကြားခဲ့တာပေါ့ ကလေးတို့ရယ်။

နောက်ထပ် ဥပမာတစ်ခုပြရရင် ဆရာဝန်နှစ်ယောက်ဆိုပါတော့ကွယ်။ တစ်ယောက်ကတော့ လူနာကို မြန်မြန်သက်သာ ပျောက်ကင်းအောင် ဆေးကောင်းပေးပြီး ကုသတယ်။ တစ်ယောက်ကတော့ သူ့ဆီကို တစ်ရက်မကရောက်လာရအောင် ဆေးကို ဆွဲပေးပြီး တဖြည်းဖြည်း ပျောက်အောင်ကုတယ်။ ကုသပုံခြင်းတူပေမယ့် စိတ်စေတနာချင်းက လုံးဝ ကွဲပြားတာမို့ အပြစ်ရှိတဲ့ ဒုတိယဆရာဝန်ဆီမှာ တစ်စတစ်စ လူနာတွေ နည်းပါးလာကုန်တော့တယ်။ အဲဒီလောက်ဆိုရင် ကလေးတို့ သဘောပေါက်မှာပါ။

ဒါကြောင့် ကလေးတို့လည်း ကိုယ် သင်ကြားတတ်မြောက်ထားတဲ့ ပညာကို စေတနာ စိတ်သန္ဓါ ထက်သန်စွာနဲ့ အသုံးချကြပါ။ မသမာမှု၊ မရိုးသားမှုတွေကို အကျင့်သုံးကြပါနဲ့။ ပညာကို ပြန်လည်ဖြန့်ဖြူးရာမှာလည်း ဆရာစား ချန်မထားပါနဲ့။

နောက်တစ်ခု မှာချင်တာကတော့ ဘယ်ပညာမဆို သူ့နေရာနဲ့သူ အရေးပါတာချည်းပဲ ဆိုတာပါပဲ။ ငါ့ပညာကမှ အရေးပါတယ်လို့ ဘယ်တော့မှ မယူဆပါနဲ့။ 'ကျွမ်းကျင်ရာ လိမ္မာ' ဆိုတဲ့ စကားပုံလေးကို ကလေးတို့ ကြားဖူးကြမှာပါ။ သာယာချမ်းမြေ့တဲ့ အိမ်ကလေးတစ်လုံးဖြစ်ဖို့အတွက် အင်္ဂါရပ်တွေ အများကြီး လိုသလိုပါပဲ။ သူ့နေရာနဲ့သူ ကျွမ်းကျင်နိုင်နင်းမှု ရှိပါမှ လှပတဲ့ အိမ်ကလေးဖြစ်လာမှာ မဟုတ်လားကွယ်။

ဒါကြောင့် ဘယ်ပညာရပ်မဆို တန်ဖိုးရှိတယ်။ မိမိ ကျွမ်းကျင်တတ်မြောက်တဲ့ ပညာကို အပြစ်ကင်းကင်းနဲ့သာ အသုံးချတတ်ဖို့လိုတယ်။ ဒါမှလည်း မင်္ဂလာတရားနဲ့ ပြည့်ဝတယ်လို့ မှတ်ပေတော့ ကလေးတို့ရေ...။

* * *

၉။ ဝိနယောစ သုသိက္ခိတော

[ကျင့်ဝတ်တို့ကို ကောင်းစွာ လိုက်နာခြင်း]

ကလေးတို့ရေ...

ဝိနည်းဆိုတာ သိကြသလား။ ဝိနည်းဆိုတာ စည်းကမ်းပါပဲကွယ်။ ရဟန်းသံဃာတော်တွေ စောင့်ထိန်းအပ်တဲ့ စည်းကမ်းတွေကို ဝိနည်းတော်များလို့ခေါ်ပြီး လူစည်းကမ်းဆိုတာကတော့ ကျင့်ဝတ်လို့ခေါ်တာပေါ့။

ကလေးတို့ စည်းကမ်းဆိုတာကိုတော့ သိကြမှာပါ။ စည်းကမ်းဆိုတာ ကန့်သတ်ထားတဲ့ ဘောင်တစ်ခုပဲပေါ့။ အဲဒီဘောင်အတွင်းမှာ နေထိုင်ခြင်းကို စည်းကမ်းလိုက်နာခြင်းလို့ခေါ်တယ်။ သတ်မှတ်မူဘောင်ကို ကျော်လွန်ခဲ့ရင်တော့ စည်းကမ်းဖောက်ဖျက်ခြင်းပေါ့။ လူတစ်ယောက်ရဲ့ ဘဝရပ်တည်မှုအတွက် ဘောင်ခတ်သတ်မှတ်ထားတဲ့ တန်ဖိုးအကြီးမားဆုံးအရာဟာ စည်းကမ်းပါပဲ ကလေးတို့ရေ။

ကလေးတို့ရဲ့အိမ်မှာ မိဘတွေချမှတ်ထားတဲ့စည်းကမ်းတွေ ရှိမှာပေါ့နော်။ ကျောင်းမှာလည်း ဆရာ၊ ဆရာမတွေက သတ်မှတ်ထားတဲ့ စည်းကမ်းတွေ ရှိမှာပဲ။ ကလေးတို့ လိုက်နာကျင့်သုံးကြရဲ့လား။ ဒါဟာ ကလေးတို့ရဲ့ ဘဝအစမှာ ကြုံတွေ့ကြရတဲ့ ဝိနည်းတွေဖြစ်တယ်။ ဒီအရွယ်ကတည်းက ထိန်းသိမ်းကြရမယ်နော်။ စည်းကမ်းလိုက်နာတတ်ခြင်းဆိုတာ ဘဝရဲ့အရည်အချင်းတစ်ရပ်ဖြစ်တယ်။ စည်းကမ်းဟူသည် လူ၏တန်ဖိုးလို့ ဆိုတယ်။

စည်းကမ်းကို အဆင့်မြင့်မြင့် သတ်မှတ်လိုက်တဲ့အခါ ဥပဒေဆိုတာ ဖြစ်လာတယ်။ လမ်းတွေပေါ်မှာ လမ်းဥပဒေရှိတယ်၊ ဈေးတွေမှာ ဈေးဥပဒေရှိတယ်။ ရပ်ကွက်၊ မြို့၊ ရွာတိုင်းမှာ သက်ဆိုင်တဲ့ စည်းကမ်းဥပဒေရှိတယ်။

တိုင်းပြည်မှာလည်း ဥပဒေဟာ အရေးကြီးတယ်။ စည်းကမ်းလိုက်နာ ကျင့်ကြံမှုမရှိသူတွေဟာ ဥပဒေကို ချိုးဖောက်ဖို့ ဝန်မလေးတတ်ကြဘူး။ သူတို့ဟာ အပြစ်ဒဏ်ကျခံရတဲ့ အကျဉ်းသားတွေဖြစ်သွားတတ်ကြတယ်။

လူတွေ လိုက်နာရမယ့် စည်းကမ်းကိုတော့ ကျင့်ဝတ်လို့ခေါ်တယ်။ လူကျင့်ဝတ်ကို ဘယ်သူက သတ်မှတ်ပေးမယ်ထင်သလဲ။ ကိုယ့်ကိုယ်ကိုယ် ကန့်သတ်ပေးရမယ် ကလေးတို့ရေ။ ကျင့်ဝတ်ဆိုတာ သိက္ခာတစ်မျိုးလည်း ဖြစ်တာကို သတိပြုရမယ်။

လူတွေမှာ ဆောင်သင့်တဲ့အချက်တွေရှိသလို ရှောင်သင့်တဲ့အချက်တွေလည်း အများကြီးရှိတယ်။ အဲဒီအချက်တွေကို ခွဲခြားသိနိုင်ဖို့ဆိုတာလည်း အရေးကြီးတယ်။ ကိုယ့်ကိုယ်ကိုယ် ဘာကိုဆောင်လို့ ဘာကိုရှောင်ရမှန်းမသိရင် ဘာမှ အသုံးကျတဲ့သူဖြစ်မှာ မဟုတ်ဘူး။

ကလေးတို့ တစ်နေ့မှာ စာကျက်ချိန်ကို ဘယ်လို သတ်မှတ်မှာလဲ။ မိမိ လိုက်နာနိုင်ပြီး မိဘကလည်း သဘောတူနိုင်တဲ့ သင့်တင့်သော ကာလတစ်ခုဖြစ်ရမယ်။ အဲဒီသတ်မှတ်ချက်ကို ကလေးတို့ မပျက်မကွက်ရဘူး။ ဒီအလေ့အကျင့်ဟာ ကလေးတို့ လူကြီးဖြစ်သွားတဲ့အထိ စွဲမြဲဆုပ်ကိုင်ထားသင့်တဲ့ စရိုက်တစ်မျိုးဖြစ်တယ်။ အဲဒါကို ထိန်းချုပ်နိုင်ခြင်းလို့ခေါ်တယ်။

ချုပ်တည်းနိုင်တဲ့ အတတ်ပညာဆိုတာ ရယူပိုင်ဆိုင်ဖို့ အတော့်ကို ခဲယဉ်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတွေဟာ အတ္တကြီးကြလို့ပဲ။ လောဘ မသတ်နိုင်ကြလို့ပဲ၊ မရောင့်ရဲတတ်ကြလို့ပဲ၊ ကလေးတို့အနေနဲ့ ငယ်စဉ်ကတည်းက လေ့ကျင့်သွားကြပါ။

ကျင့်ဝတ်၊ စည်းကမ်း၊ ကလနား၊ ကန့်သတ်မှု၊ သတ်မှတ်ချက်၊ ဘောင်၊ နည်းလမ်း၊ ဥပဒေအားလုံးကို သိရှိနားလည်အောင် အရင်ကြိုးစားပါ။ ကိုယ့်ဘဝနဲ့ကိုက်ညီအောင် အသုံးချလိုက်နာပါ။ ဒါမှလည်း ကောင်းမြတ်သော မင်္ဂလာတစ်ပါးကို ရရှိခံစားနိုင်မယ် ကလေးတို့ရေ။

* * *

၁၀။ သုဘာသိတာစ ယာဝါစ

[စကားကို ကောင်းစွာဆိုတတ်ခြင်း]

ကလေးတို့ရေ...

စကားကို ကောင်းစွာ ဆိုတတ်ဖို့ လိုအပ်ပြန်တယ်တဲ့နော်။ ကလေးတို့ သေသေချာချာ မှတ်သားကြပါဦး။

ချိုသာတဲ့စကားကို ပြောရမယ်

စကားကိုပြောတဲ့အခါ ချိုချိုသာသာနဲ့ပြောပါ။ နားဝင်ချိုတဲ့အခါ ကြားရသူက လိုက်နာချင်စိတ်တွေ ဖြစ်ပေါ်လာတယ်။

ယဉ်ကျေးတဲ့စကားကို သုံးရမယ်

ရုန့်ရင်းကြမ်းတမ်းတဲ့ စကားမျိုးတွေကို ရှောင်ကြဉ်ကြရမယ်။ နေရာ ဌာန၊ လူပုဂ္ဂိုလ်အလိုက် စကားလုံးတွေကို ရွေးချယ်သုံးနှုန်းတတ်ရမယ်။

မှန်ကန်တဲ့စကားကို ဆိုရမယ်

လိမ်ညာမုသားပြောခြင်းဟာ မကောင်းမှုတစ်မျိုးဖြစ်ကြောင်း ကလေး တို့ သဘောပေါက်ကြပြီးဖြစ်တယ်။ လူလိမ်မာတစ်ယောက်ဖြစ်ဖို့ဆိုတာ ဖြောင့်မတ်မှန်ကန်တဲ့စကားကို ဆိုတတ်ရမယ်နော်။

ချီးမွမ်းထောပနာ ပြုတတ်ရမယ်

လူတွေဟာ သူတို့ကိုချီးမွမ်းရင် နှစ်သက်တတ်ကြစမြဲပဲ ကလေးတို့

ရေ။ လူတိုင်းမှာ ကောင်းတဲ့အချက်ကလေးတော့ ရှိကြတာပဲ။ ဒီတော့ သူတို့ရဲ့ကောင်းမှုကို ချီးကျူးစကားဆိုခြင်းအားဖြင့် မိမိအပေါ် ချစ်ခင်တွယ်တာမှုကို ရစေနိုင်တယ်။

အဲဒီအချက်တွေအပြင် စကားကို နည်းလမ်းတကျ ပြောတတ်ဖို့ကိုလည်း ကလေးတို့ လေ့ကျင့်ကြရမယ်။

"စကား၊ စကားပြောပါများ စကားထဲက ဇာတိပြ" ဆိုသလို စကားများများပြောမိတဲ့အခါ ထိန်းချုပ်နိုင်ခြင်း ကင်းမဲ့သွားပြီး ခံစားချက်တွေ နှုတ်ကျွံသွားတတ်တယ်။ မသိသင့်တာတွေ ပြောမိတဲ့သဘောပေါ့ကွယ်။

ကလေးတို့ရေ... မိမိတို့ အိမ်တွင်းအရေး၊ မိသားစုအရေးဆိုတာတွေဟာ လူတကာကို ပြောပြသင့်တဲ့ အကြောင်းအရာတွေ မဟုတ်ဘူးနော်။ ဆင်ခြင်ထိန်းသိမ်းတတ်ကြရမယ်။

"ကြမ်းကျွံရင် နုတ်လို့ရတယ်၊ စကားကျွံရင် နုတ်မရဘူး" ဆိုတာ ကြားဖူးကြတယ် မဟုတ်လား။ လူတစ်ယောက်ကို ကတိစကားတစ်လုံး လွယ်လွယ်နဲ့ မပေးမိစေနဲ့နော်၊ ကတိမတည်တဲ့သူဆိုတာ ကျက်သရေမင်္ဂလာ မရှိသူသာ ဖြစ်တယ်။

"စကားဆို တောင်လိုမမောက်နဲ့" တဲ့နော်။ စကားတစ်ခွန်းကို ဘယ်တော့မှ အလွန်အကျွံ မပြောရဘူး၊ ကြွားဝါခြင်းလို့ အထင်သေးခံရတတ်တယ်။ မိမိကိုယ်ကို ကိုယ်ရည်သွေးပြီး မပြောရဘူး၊ နှိမ့်ချပြောဆိုတတ်ရတယ်။ စကားကို ညင်ညင်သာသာ ပြောရမယ်၊ ကျယ်ကျယ်လောင်လောင်နဲ့ ဟောင်ဖွာဟောင်ဖွာ မပြောရဘူး။

လျှာဆိုတာ လူရဲ့အစေအပါးသာ ဖြစ်သင့်တယ်။ ကလေးတို့ဟာ ကလေးတို့လျှာတွေရဲ့ အရှင်သခင်ဖြစ်တယ်ဆိုတာ မမေ့ကြပါနဲ့။ ဒါကြောင့် ကလေးတို့ပြောစေချင်တဲ့ စကားကိုသာ လျှာက,လုပ်၊ နှုတ်က ပြောရပါမယ်။ လျှာက ပြောချင်တဲ့စကားတိုင်း နှုတ်က လိုက်မပါဖြစ်အောင် ကလေးတို့ ဦးနှောက်က ထိန်းချုပ်ပေးကြရမှာ ဖြစ်တယ်။

ငြင်းခုံပြောဆိုခြင်းဟာ အမှန်တရားကိုရှာဖို့ ခက်ခဲတတ်ပါတယ်။ တကယ့်အဖြစ်မှန်ကို သိလိုသူဟာ အေးအေးဆေးဆေး ညင်ညင်သာသာနဲ့ ညှိနှိုင်းဆွေးနွေးကြရမယ်။

စကားများတဲ့ ကြက်တူရွေးဟာ လှောင်ချိုင့်ထဲမှာ လှောင်ပိတ်ခံရ တတ်တယ်။ စကားမတတ်တဲ့ ငှက်တွေကတော့ လွတ်လပ်စွာ ပျံသန်းနိုင်ကြ တယ်တဲ့ ကလေးတို့ရေ။ အနှီတီပြောတာ နားလည်ရဲ့လား။

* * *

၁၁။ မာတာပိတု ဥပဋ္ဌာန်

[မိဘကို လုပ်ကျွေးပြုစုရခြင်း]

ကလေးတို့ရေ...

ဒီမင်္ဂလာတရားတော်ကိုတော့ အထူးတလည် ရှင်းပြနေဖို့ မလိုအပ်ဘူး ထင်ပါရဲ့ကွယ်။ မိဘရဲ့ကျေးဇူးတရား ဘယ်လောက်ကြီးမားတယ်ဆိုတာ ကလေးတို့အားလုံး သိနေကြပြီးသား ဖြစ်မှာပါ။

အမိက မွေး၊ အဖေက ကျွေးလို့ လူဖြစ်လာကြရတဲ့ ကလေးတို့ဟာ မိဘရဲ့ကျေးဇူးကိုတော့ အထူးနားလည်ပြီး ဖြစ်ကြပါလိမ့်မယ်။ များသောအားဖြင့်လည်း ကလေးတို့ဟာ ငါတို့ကြီးပြင်းလာတဲ့အခါ မိဘကို ပြန်ပြီးတော့ ကျေးဇူးဆပ်ကြမယ်လို့ ရည်ရွယ်ထားကြပါလိမ့်မယ်။ ဒါဟာ ဗုဒ္ဓဘာသာ မိသားစုတွေမှာရှိနေတတ်တဲ့ နှစ်လိုဖွယ်ရာ ဓလေ့စရိုက်ကလေးပါပဲ။

ဒါပေမဲ့ ကလေးတို့ရေ... မိဘတိုင်းကို သားသမီးတိုင်းက လုပ်ကျွေးပြုစုခွင့် မရတတ်ကြဘူးကွယ်။ ကလေးတို့ပဲ စဉ်းစားကြည့်ကြပါ။ ကလေးတို့အားလုံးဟာ အဘိုးတွေ အဘွားတွေနဲ့အတူတူ နေခွင့်ရကြသလား။ တချို့ကတော့ ရကြမယ်၊ တချို့ကတော့ မရကြဘူး။ ရကြပြန်တော့ရော ပြည့်ပြည့်စုံစုံ ရှိချင်မှရှိမယ်။ ဟိုဘက်ဒီဘက် ပြည့်ဝဖို့ဆိုတာ မလွယ်လှပါဘူး ကလေးတို့ရယ်။ အဲဒါကြောင့် ကလေးတို့ရဲ့ ဖေဖေနဲ့မေမေတို့ဟာ မိဘကို လုပ်ကျွေးပြုစုခွင့်ရသူတွေ ဖြစ်ချင်မှ ဖြစ်မယ်နော်။

တကယ်တော့ မိဘဆိုတာ လုပ်ကျွေးထိုက်မှ လုပ်ကျွေးခွင့်ရတာမျိုးပဲ။ ကိုယ်က ဘယ်လောက်ပဲ ကျွေးမွေးပြုစု စောင့်ရှောက်ချင်ပါတယ်ဆိုဆို ကိုယ့်ရဲ့ဘဝအခြေအနေက ပေးလာဦးမှဖြစ်တယ်။ လုပ်ကျွေးခွင့်ရတဲ့ သားသမီးတွေအတွက်တော့ မင်္ဂလာပေါ့ကွယ်။

ဘယ်လိုပဲဖြစ်ဖြစ် မိဘတွေဟာ မိမိရဲ့အနီးအနားမှာ မရှိနေနိုင်သည်ထားဦး၊ သက်ရှိထင်ရှား ရှိနေဆဲဆိုရင်တော့ တတ်အားသရွေ့ ပေးကမ်းကန်တော့နိုင်ကြသေးတာပေါ့ကွယ်။

လောကကြီးမှာ 'စုန်ရေ' ဆိုတာပဲရှိတယ် ကလေးတို့ရေ။ ရေဆိုတာမြင့်ရာက နိမ့်ရာကို စီးဆင်းရစမြဲပါ။ မိဘဆိုတာကတော့ သားသမီးအပေါ်မှာ ဘယ်အရွယ်မဆို စောင့်ရှောက်လိုတတ်ကြတာချည်းပါ။ ကိုယ့်အရိုးကိုယ် မချိနိုင်တဲ့ အရွယ်ရောက်မှသာ လက်လျှော့သွားတတ်ကြပါတယ်။

သားသမီးဆိုတာတွေသာ အရွယ်ရောက်လို့ အတောင်အလက်စုံလာတဲ့အခါ သိုက်မြုံက ခွာသွားတတ်ကြတဲ့ ငှက်ကလေးတွေလိုပါပဲ။ ပညာစုံလို့ လူလားမြောက်ပြီးတဲ့အခါ (တချို့ကဆိုရင်) ပညာတောင်မစုံသေးခင် ဘဝကြင်ဖော်နဲ့အတူ မိဘရင်ခွင်က ထွက်ခွာသွားတတ်ကြပါတယ်။

ဒါပေမဲ့ များစွာသော မိဘတွေဟာ ဘဝသစ်ထူထောင်သွားကြတဲ့ သားသမီးတွေကို ဥပေက္ခာမမူနိုင်ကြပါဘူး ကလေးတို့ရေ။ ဒါကြောင့်လည်း မြတ်စွာဘုရားသော်တောင်မှ မိခင်ရဲ့ကျေးဇူးကို နို့တစ်လုံးဖိုးမျှပင် ကျေအောင်မဆပ်နိုင်ခဲ့ဘူးလို့ ဆိုတာပေါ့ကွယ်။

ကလေးတို့လည်း မိဘကျေးဇူးကိုဆပ်နိုင်တဲ့ မင်္ဂလာရှိသော ကလေးတွေဖြစ်ကြဖို့ လိုတယ်နော်။ မိဘကို လုပ်ကျွေးပြုစုလို့ အထူးကုသိုလ်ရပြီး ချမ်းသာသုခ ရသွားကြတဲ့ ရာဇဝင်တွေ၊ ပုံပြင်တွေ ကလေးတို့ အများကြီးကြားဖူးကြမှာပါ။

မိဘကို မရှိမသေ စော်ကားမိတဲ့အတွက် အပါယ်ငရဲမှာ ကျရောက်သွားခဲ့ရကြောင်း၊ ရှေးကအဖြစ်တွေကိုလည်း ဖတ်ဖူး၊ မှတ်ဖူးကြမယ်ထင်ပါတယ်။ မိဘကို မျက်ရည်ကျအောင်လုပ်တဲ့ သားသမီးဆိုတာ ဘယ်သောအခါမှ မကြီးပွားဘူး ကလေးတို့ရေ။

* * *

၁၂။ ပုတ္တာဒါရဿ သင်္ဂဟော

[သားမယားတို့ကို ထောက်ပံ့ခြင်း]

ကလေးတို့ရေ...

စုန်ရေအကြောင်း ကလေးတို့ သဘောပေါက်ကြတယ်နော်။ မြင့်ရာက နေ နိမ့်ရာကို ရွှေ့လျားသွားတတ်တဲ့ သဘာဝတရားအရ ဒီမင်္ဂလာတရားတော်ကိုလည်း လူတွေ လိုက်နာကျင့်သုံးကြရမယ်။

အန်တီ ပြောခဲ့သလိုပဲ၊ အချိန်တန် အရွယ်ရောက်လို့ လူလားမြောက်လာတဲ့ သားသမီးတွေဟာ ပညာစုံတာနဲ့ ဘဝသစ်ကို ထူထောင်ကြတော့တယ်။ အဲဒီအခါ လင်ရယ်၊ မယားရယ်၊ သားရယ်၊ သမီးရယ်ဆိုပြီး သံယောဇဉ်သစ်တွေ တိုးပွားလာရတယ်။

မိဘကျေးဇူးဖြစ်တဲ့ ကြွေးဟောင်းကို ပေးဆပ်ကြရသလို ကိုယ်တိုင် မိဘနေရာကိုဝင်ရောက်ပြီး ကြွေးသစ်ချကြရတော့တယ်။ မိမိရဲ့လင်သား၊ မိမိရဲ့ဇနီးမယား၊ မိမိရဲ့ သမီးသားတို့ကို တစ်ဖန် ပြန်လည်ထောက်ပံ့ လုပ်ကျွေး ပြုစုကြရတယ်။ အဲဒါဟာလည်း မြတ်သော မင်္ဂလာတစ်ပါးပါပဲ ကလေးတို့ရေ။

မိမိကိုယ်တိုင် မိဘဆိုတဲ့နေရာကို ရောက်လာတဲ့အခါမှာ လူတွေဟာ မိဘရဲ့မေတ္တာ စေတနာနဲ့ ကျေးဇူးတရားတွေကို ပိုပြီး နားလည်ကြစမြဲပဲ။ တချို့ခမျာမှာတော့ အဲဒီအချိန်မှာ သူ့ရဲ့မိဘတွေ မရှိရှာတော့ဘူးလေ။ မိဘတို့ကို လုပ်ကျွေးခွင့် မရနိုင်ရှာတော့ဘူးပေါ့။

အဲဒီအခါ မိဘက မျိုးဆက်အမွေပေးခဲ့တဲ့ မိမိတို့ရဲ့ သားသမီးတွေကို လူလားမြောက်အောင် ကျွေးမွေးသုတ်သင်ကြရတော့တာပေါ့။ လောကကြီးဟာ လည်ပတ်နေတဲ့ သံသရာ ခြားရဟတ်ကြီးပါပဲ ကလေးတို့ရယ်။

ကလေးတို့လည်း တစ်နေ့နေ့ တစ်ချိန်ချိန်မှာ လူကြီးဖြစ်လာကြမှာပဲ မဟုတ်လား။ ကိုယ့်အိုးကိုယ့်အိမ် ကိုယ်လက်တွဲဖော်နဲ့အတူ ဘဝတစ်ခုကို ထူထောင်ကြရဦးမှာပဲ မဟုတ်လား။ အဲဒီအခါကျရင်လည်း ကလေးတို့ဟာ ကြွေးဟောင်းဆပ်ရင်း ကြွေးသစ်တွေ ထပ်ချကြရဦးမှာပဲပေါ့ကွယ်။

တကယ်တော့ မိမိရဲ့မိသားစုအပေါ် ဝတ္တရားကျေပွန်စွာ ပြုစုစောင့်ရှောက် ကျွေးမွေး ထိန်းသိမ်းတတ်ခြင်းဆိုတာ မင်္ဂလာရှိသော လူသားတစ်ယောက်ရဲ့ အကျင့်သိက္ခာတစ်မျိုး ဖြစ်ပါတယ်။

ကလေးတို့ပတ်ဝန်းကျင်မှာ တွေ့ဖူးကြသလား။ လင်ဆိုးမယား တဖားဖား၊ မယားဆိုးလင် တငင်ငင်၊ သားဆိုးမအေ တပေပေဆိုတာမျိုးတွေပေါ့။ တချို့သော လူတွေဟာ မိမိရဲ့မိသားစုအပေါ် ဥပေက္ခာရှုပြီး မိမိနေချင်သလိုနေ၊ စားချင်သလိုစား၊ သောက်ချင်သလိုသောက်၊ ပြန်ချင်တဲ့အချိန်မှပြန်၊ အိမ်ကိုရောက်တဲ့အခါ အပြစ်ရှာ ရန်လုပ်တတ်ကြတယ်။ တချို့သားသမီးတွေဟာလည်း မိဘကို ဂရုမစိုက်၊ မိမိဆန္ဒကိုလိုက်ပြီး နေထိုင်၊ သွားလာ၊ ဆဲဆို၊ အော်ဟစ်၊ ရိုင်းစိုင်းမိုက်မဲတတ်ကြတယ်။

အဲဒီလို အိမ်ဆိုတာ ဘယ်မှာ ကျက်သရေမင်္ဂလာ ရှိနိုင်ပါ့မလဲ ကလေးတို့ရယ်။ စည်းလုံးညီညွတ်မှုမရှိ၊ စည်းကမ်းသေဝပ်မှုမရှိ၊ စည်းမျဉ်းလိုက်နာမှုမရှိမှတော့ ဘယ်လိုလုပ်ပြီး သာယာချမ်းမြေ့နိုင်ပါတော့မလဲ။

ဒါကြောင့် ကလေးတို့ရဲ့ မိသားစုကလေးမှာ မင်္ဂလာအပေါင်းနဲ့ ခညောင်းစေချင်တယ်ဆိုရင် ခုလို အရွယ်ကတည်းက လိမ္မာ၊ ပါးနပ်၊ ယဉ်ကျေး၊ သိမ်မွေ့၊ ရိုသေကိုင်းရှိုင်းတတ်အောင် လေ့ကျင့်ထားကြရမယ်နော်။ အစကောင်းမှ အနှောင်းသေချာတယ် မဟုတ်လား ကလေးတို့ရေ။

* * *

၁၃။ အနာကုလာစ ကမ္ဘာ

[အရှုပ်အထွေးမရှိသော အလုပ်လုပ်ခြင်း]

ကလေးတို့ရေ...

ဘယ်အလုပ်ကိုမဆို ရှင်းရှင်းလင်းလင်းနဲ့ မှန်မှန်ကန်ကန် ပြတ်ပြတ်သားသား လုပ်ကိုင်ကြဖို့ရည်ရွယ်ပြီး ဒီမင်္ဂလာတရားတော်ကို မြတ်စွာဘုရားက ဟောကြားခဲ့တယ်။ အလုပ်တစ်ခုဟာ တိတိကျကျ၊ မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန်၊ ရှင်းရှင်းလင်းလင်းနဲ့ ပြတ်ပြတ်သားသားဖြစ်ဖို့ လိုအပ်တယ်။ ရှုပ်ထွေးမှု တစ်စုံတစ်ရာရှိနေမယ်ဆိုရင် ဘယ်လိုမှ ပီပီပြင်ပြင် မပြီးမြောက်နိုင်ဘူးနော်။ ဖြစ်နိုင်တာကို ဖြစ်နိုင်သလောက်ပဲ ပြောဆိုရလိမ့်မယ်။ ကိုယ်မလုပ်နိုင်ဘဲနဲ့ လုပ်နိုင်သယောင် အာမခံလိုက်တဲ့အခါ ဖြစ်မလာခဲ့ရင် ရှက်စရာနဲ့ ပြဿနာဖြစ်တတ်တာပေါ့။ ဒါဟာ လေမကြီးဖို့၊ လေမထွားဖို့ သတိပေးထားတဲ့ တရားတော်ပါပဲ။

လောကကြီးမှာ ပြည့်ဝတဲ့သူတွေဟာ တိကျကြတယ်။ သူတို့ရဲ့လိုအပ်မှုတွေ ရှိခဲ့ရင်လည်း ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ရဲကြတယ်။ မလျှို့ဝှက်ကြဘူး၊ မကြွားဝါကြဘူး။ ရှုပ်ရှုပ်ယှက်ယှက် မလုပ်တတ်ကြဘူး။ မပြည့်ဝတဲ့သူတွေကမှ သူတို့ရဲ့ကွက်လပ်တွေကို တစ်ပါးသူ မမြင်သာအောင် လေနဲ့ဖြည့်ကြည့်တာ၊ လျှို့ဝှက်ကြတာ၊ ဖုံးဖိကြတာ၊ ကာကွယ်ကြတာ၊ လှည့်ဖျားတတ်ကြတာ ကလေးတို့ရေ။

အဲဒီလိုလူမျိုးတွေရဲ့အလုပ်ဟာ ဘယ်လို မင်္ဂလာကျက်သရေ ရှိနိုင်ပါ့မလဲ။ ကိုယ်မှန်တယ်လို့ တစ်သမတ်တည်း ယူဆထားတဲ့အလုပ်ကို တွန့်ဆုတ်ခြင်းမရှိဘဲနဲ့သာ ဆောင်ရွက်ပါ။ ရိုးသားပါ၊ နိုးကြားပါ၊ ကြိုးစားပါ၊ တိုး

ပွားလာမှာ မုချ ဖြစ်ပါတယ်။ မသမာမှု၊ ဟန်ဆောင်မှု၊ လှည့်ဖျားမှုဆိုတာ တွေဟာ အန္တရာယ်ကြီးမားလှတဲ့ ဘဝရဲ့ခလုတ်ကန်သင်းတွေ ဖြစ်တယ်။

လူတစ်ယောက်ရဲ့ဆန္ဒဟာ အမြဲတမ်း ပြင်းပြနေရမယ် ကလေးတို့ရေ။ ချမ်းသာချင်ကြသလား၊ ပညာရှင်ကြီးဖြစ်ချင်ကြသလား၊ ကလေးတို့မှာ ဆန္ဒရှိနေရင် အဲဒီဆန္ဒဟာ အစဉ်ထက်သန်နေရမယ်နော်။ ဝိုးတိုးဝါးတား မဖြစ်ရဘူး။ ဘယ်အရာမဆို အမှန်တကယ် လိုချင်တပ်မက်မှုရှိမှ ရတတ်တာဟာ ထုံးစံပဲ။

ဟုတ်ပြီ၊ ဆန္ဒ တကယ်ပဲရှိပြီဆိုရင် အောင်မြင်ရမယ်ဆိုတဲ့ ယုံကြည်မှုကိုလည်း ဆက်ပြီး မွေးလိုက်ကြပါဦး။ အောင်မြင်ရင်၊ ဘယ်အတိုင်းအတာ အထိ ရောက်ရမယ်၊ ဘာတွေ ဘယ်အချိန် ပြီးစီးရမယ်ဆိုတဲ့ စွဲမြဲယုံကြည်စိတ်ကို လက်ကိုင်ပြုပြီး 'ဖြစ်နိုင်ပါ့မလား' ဆိုတဲ့ သံသယစိတ်ကို လုံးဝ ပယ်ဖျက်ကြရမယ်နော်။

ကြောက်စိတ်ဆိုတာဟာ အလုပ်တစ်ခုအတွက် အနှောင့်အယှက် အကြီးမားဆုံး ရန်သူကြီးပဲ။ ဒါကို အနိုင်တိုက်ရမယ်၊ အလဲထိုးရမယ်၊ တိုးတက်ကြီးပွား အောင်မြင်ချင်တဲ့လူတစ်ယောက်ဟာ ကြောက်စိတ်ကင်းရမယ်၊ ရဲရင့်ရမယ်လေ။

တစ်ခုတော့ရှိတယ်။ မိမိတက်ရမယ့် လှေကားထစ်တွေဟာ သူတစ်ပါးရဲ့ကျောကုန်းတွေ မဖြစ်ပါစေနဲ့၊ ကိုယ့်ကြောင့် သူတစ်ပါးကို မထိခိုက်မနစ်နာပါစေနဲ့။

ပြိုင်ဆိုင်မှုဟာ ကောင်းပါတယ်။ ဒါပေမဲ့ အနိုင်ယူခြင်းဟာ အနိုင်ကျင့်ခြင်း မဖြစ်စေဖို့ လိုပါတယ်။

ဒါကြောင့် ဘယ်လိုအလုပ်မျိုးကိုပဲလုပ်လုပ် မိမိအတွက်လည်းအကျိုးရှိ၊ သူများအတွက်လည်း အကျိုးသက်ရောက်စေနိုင်တဲ့ အလုပ်မျိုးကို ရွေးချယ်တတ်ရလိမ့်မယ်။ ဒါမှ မဂ်လာရှိသောအလုပ် ဖြစ်မယ်။

ကလေးတို့ နားလည်ကြရဲ့လား။

* * *

၁၄။ ဒါနဋ္ဌ

[စွန့်ကြဲပေးကမ်း လှူဒါန်းရခြင်း]

ကလေးတို့ရေ...

စွန့်ကြဲပေးကမ်း လှူဒါန်းရခြင်းဆိုတာဟာလည်း ကောင်းမြတ်သော မဂ်လာတစ်ပါး ဖြစ်ပြန်တယ်နော်။ ကလေးတို့ မှတ်သားထားကြပါဦး။

မြတ်စွာဘုရားကို ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ခြင်းဟာ ဗုဒ္ဓဘာသာဝင်တွေရဲ့ အထွတ်အမြတ် ဆောင်ရွက်မှုဖြစ်တယ်။ မိမိ လိုရာဆုကို တောင်းကြရမယ်နော်။ အဲဒီနောက်မှာတော့ သံဃာတော်တွေကို လှူဒါန်းပူဇော်ခြင်းပေါ့။ သံဃာတော်အရှင်သူမြတ်တို့ဟာ မြတ်စွာဘုရားရဲ့တရားတော်များကို လူတွေကြားနာနိုင်ရအောင် တစ်ဆင့် ပြန်လည်ဖြန့်ဖြူးတဲ့ သာသနာ့ဝန်ထမ်းတွေဖြစ်တာမို့ သူတို့ကို လှူဒါန်းရခြင်းဟာလည်း အကျိုးများစွာကို ခံစားရတယ် ကလေးတို့ရေ။

အဲဒီနောက်မှာတော့ လူပုဂ္ဂိုလ်ချင်းကို ပေးကမ်းစွန့်ကြဲခြင်းဆိုတာ ပြုလုပ်ကြရတယ်။ ပေးကမ်းခြင်းဟာ သဒ္ဓါတရားက ပေါက်ဖွားလာတာ ဖြစ်တယ်။ သဒ္ဓါတရားကတော့ ကရုဏာက မြစ်ဖျားခံလာတာပေါ့ကွယ်။ လူလူချင်း သနားညှာတာတတ်ရမယ်နော်။ မရှိတဲ့သူကို ကူညီရှိုင်းပင်းရမယ်။ ပေးကမ်းမျှဝေရမယ်။

ပြည့်နေတဲ့ အိုးတစ်လုံးထဲကို ရေတွေထပ်ထည့်နေရင် လျှံကျကုန်ပြီး အလဟဿ ဖြစ်သွားမှာပဲ။ လိုနေတဲ့ ကွက်လပ်ကလေးတွေကို ဖြည့်ပေးခြင်းအားဖြင့် ပြည့်စုံခြင်းကို ဖြစ်ပေါ်စေရတယ်။

အလှူပေး သူဌေးဖြစ်ဆိုတဲ့ ပုံပြင်ကလေးကို ကလေးတို့ ကြားဖူးကြ

မှာပါနော်။ 'မရှိလို့မလှူ၊ မလှူလို့မရှိ' ဆိုတာရော နားလည်ကြသလား။ မိမိမှာ ရှိသမျှလေးနဲ့ပဲ ရနိုင်သမျှ ဒါနကုသိုလ်ကို ယူတတ်ကြရမယ် ကလေးတို့ရေ။ ပေးကမ်းခြင်းသည် အောင်မြင်ရာ၏လို့ ဆိုကြတယ် မဟုတ်လား။

ဒီမင်္ဂလာတရားတော်ရဲ့ အဓိပ္ပာယ်ကတော့ မတွန့်တိုရဘူး၊ စေတနာထားရတယ်။ သဒ္ဓါထက်သန်ရတယ်ဆိုတဲ့ သဘောပါပဲကွယ်။ မိမိက သူတစ်ပါးအပေါ်မှာ ပေးကမ်းစွန့်ကြဲတတ်သူဖြစ်ရင် မိမိအတွက် လိုအပ်လာတဲ့ အခါမှာလည်း ပြန်လည် ကူညီစောင့်ရှောက်သူကို တွေ့ရတတ်တယ်။ ဒါဟာ သံသရာပါပဲ ကလေးတို့ရယ်။

လူတွေဟာ မွေးဖွားလာတဲ့အခါမှာ ဘာမှ ပါလာကြတာမဟုတ်သလို သေဆုံးသွားတဲ့ အချိန်မှာလည်း ဘာကိုမှ ယူမသွားနိုင်ကြဘူးနော်။ ဒီတော့ ပစ္စည်း၊ ဥစ္စာ၊ ဂုဏ်သိက္ခာ၊ ပညာဆိုတာတွေဟာ လူတွေ အသက်ရှိနေစဉ်မှာသာ တန်ဖိုးရှိတဲ့အရာတွေဖြစ်တယ် ကလေးတို့ရေ။

ဒါပေမဲ့ ကလေးတို့ မမြင်သာတဲ့အချက်ရှိတယ်။ အနှစ်တီ ရှေ့မှာတုန်းက ရှင်းပြခဲ့ပြီးပြီ။ မွေးလာတဲ့ ကလေးတစ်ယောက်မှာ သူ့ရဲ့အတိတ်ဘဝက ကောင်းမှုကုသိုလ်တွေဟာ ကံတရားအဖြစ် ပါလာတတ်တယ်ဆိုတာလေ။ အဲဒါကို တို့များမမြင်ရလို့ မသိကြတာပဲ။ အဲဒီကလေးရဲ့ ပြည့်စုံမှုကိုသာ လူတွေက မြင်ကြရတယ်။ ဒီကလေးက ကံအကျိုးပေးကောင်းလိုက်တာလို့ ပြောကြတယ်။

အေး... အဲဒီလိုပဲ၊ တို့များမမြင်နိုင်တဲ့ အနာဂတ်ဘဝမှာ ကံအကျိုးပေးကောင်းအောင်ကတော့ ဒီဘဝရဲ့ ဒါန၊ သီလ၊ ဆောက်တည်နိုင်မှုအပေါ်မှာ မူတည်တယ် ကလေးတို့ရေ။ ဒါကြောင့် တတ်နိုင်သမျှ လှူကြပါ။ မနှမြောမစေးကပ်ကြပါနဲ့။

ကလေးတို့အတွက် ရေလှူခြင်းရဲ့ အကျိုးဆယ်ပါးကို ဥပမာ ပြောပြမယ်နော်။

၁။ လျင်မြန်ခြင်း။
၂။ ကျော်စောခြင်း။
၃။ စင်ကြယ်ခြင်း။
၄။ မွတ်သိပ်မှုကင်းခြင်း။

၅။ အခြေအရံများခြင်း။
၆။ အသက်ရှည်ခြင်း။
၇။ အဆင်းလှခြင်း။
၈။ ခွန်အားကြီးခြင်း။
၉။ ဉာဏ်ပညာကြီးခြင်း။
၁၀။ ချမ်းသာခြင်း။

* * *

၁၅။ ဓမ္မစရိယာစ

[သုစရိုက်တရားကို ကျင့်ရခြင်း]

ကလေးတို့ရေ...

ကောင်းမြတ်သောတရား၊ မှန်ကန်သောတရား၊ မျှတသော တရားတို့ကို ကျင့်သုံးခြင်းဟာလည်း မင်္ဂလာတစ်ပါးပါပဲကွယ်။

သူတစ်ပါးအပေါ်မှာ ကိုယ်စိတ်နှလုံး သုံးပါးတို့ဖြင့် မပြစ်မှား မကျူးလွန်မိစေဖို့ အင်မတန် အရေးကြီးလှပါတယ်။ အဲဒါကို မနာလိုခြင်း၊ သဝန်တိုခြင်း၊ မစ္ဆရိယစိတ်ကင်းခြင်းလို့ခေါ်တယ်။ သူတစ်ပါး ကောင်းမွန်ချမ်းသာခြင်းအပေါ်မှာ မနာလိုမရှစိမ့်ဖြစ်ပြီး မလိုမုန်းတီးစိတ်ထားခြင်းဟာ အမင်္ဂလာတစ်မျိုးပါပဲ။ အလွန် စက်ဆုပ်စရာ ကောင်းလှပါတယ်။

ကလေးတို့ရေ... ကလေးတို့အတန်းထဲမှာ ပညာတော်တဲ့ သူငယ်ချင်းတွေ ရှိကြတယ်နော်။ သူတို့ ဘာဖြစ်လို့ တော်ကြတာလဲ၊ ကလေးတို့ အတုယူကြရမယ်။ သူတို့စာကျက်တဲ့အချိန်မှာ ကလေးတို့ ဘာလုပ်နေကြသလဲ၊ ကစားနေမိကြသလား။ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးပြုပြင်ပါ။ တော်သူကို အားကျပါ။

လောကကြီးမှာ လောကဝတ်ဆိုတာ ရှိတယ် ကလေးတို့ရေ။ မင်းမှာလည်း မင်းကျင့်တရားဆိုတာရှိသလို လူမှာလည်း လူ့ကျင့်ဝတ်ရှိတယ်။ လူသားတို့ စောင့်ထိန်းအပ်သော ကျင့်ဝတ်သိက္ခာကို မဖောက်ဖျက်ရဘူးနော်။

ဘယ်သူမှ မသိပါဘူး၊ ဘယ်သူမှ မမြင်ရပါဘူးဆိုပြီး ဘယ်အလုပ်ကိုမှ ခိုးကြောင်ခိုးဝှက် မလုပ်ပါနဲ့။ အဲဒီအလုပ်ကို ကလေးတို့ကိုယ်တိုင် လုပ်တာမို့ ကိုယ်တိုင်က သိနေတာပဲ။ ကိုယ့်ကိုယ်ကိုယ် ရှက်တတ်ရမယ်နော်။

ကိုယ့်ကိုယ်ကိုယ် အထင်ကြီးရမယ်၊ ကိုယ့်ကိုယ်ကိုယ် လေးစားတတ်ရမယ်။ ဒါမှလည်း အများက ကိုယ့်ကို အထင်ကြီးလေးစားမှာဖြစ်တယ်။ ကိုယ်ကမှ ကိုယ့်ကိုယ်ကိုယ် အလကားကောင်လို့ထင်နေရင် ဘယ်သူကရော ကိုယ့်ကို တန်ဖိုးထားမှာလဲ။ ဒီအချက်ကို ကလေးတို့ သေသေချာချာ မှတ်ထားရမယ်နော်။

ဖြောင့်မတ်ခြင်း၊ မှန်ကန်ခြင်း၊ မျှတခြင်းဆိုတာဟာလည်း ကောင်းမြတ်သော ကိုယ်ကျင့်တရားတွေဖြစ်တယ်။ ဘက်မလိုက်ရဘူး၊ မျက်နှာမလိုက်ရဘူး၊ တရားသဖြင့် ဆုံးဖြတ်တတ်ရတယ်။

ဥပမာ ကလေးတို့ရဲ့မောင်၊ ညီမလေး တစ်ယောက်ယောက်ဟာ တခြားကလေးတစ်ယောက်ရဲ့မှန့်ကို လုစားပြီဆိုပါစို့။ ကလေးတို့က ဆုံးမတတ်ရမယ်။ ကိုယ့်မောင်နှမ မိသားစုဘက်ကလိုက်ပြီး တစ်ဖက်သား မှန့်နေမှန်းသိလျက်နဲ့ ဇွတ်ဝင်မပါရဘူးနော်။ မှားနေသူကို အကျိုးသင့်အကြောင်းသင့် ရှင်းပြတတ်ရတယ်။ အဲဒီ အလေ့အကျင့်ကို ကလေးတို့ ကြီးပြင်းသည်အထိ သယ်ယူသွားကြရမယ်။ ဒါမှလည်း လောကမှာ ကလေးတို့ဟာ တည်ကြည်ရင့်ကျက်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်လာလိမ့်မယ်။

သူတစ်ပါးအပေါ် ချောက်တွန်းခြင်း၊ မကောင်းကြံခြင်း စတာတွေဟာ အင်မတန် ရွံ့မုန်းဖွယ်ကောင်းတဲ့ အကျင့်စရိုက်တွေဖြစ်တယ်။ ကလေးတို့မှာ လုံးဝ မမွေးမြူမိပါစေနဲ့။ လူတစ်ယောက် လဲကျသွားတဲ့အခါ ဟာသလုပ်ပြီး ရယ်မောမယ့်အစား အပြေးအလွှား ဆွဲကူထူမပေးခြင်းဟာ မွန်မြတ်သော အကျင့်သီလတစ်မျိုးပါပဲ။

ဒါကြောင့် တို့များရဲ့မြတ်စွာဘုရားက ကောင်းမြတ်သော အကျင့်စရိုက်တို့ကိုကျင့်သုံးခြင်းဟာ မင်္ဂလာတစ်ပါးရယ်လို့ ဟောကြားတော်မူခဲ့ပေတာပေါ့ ကလေးတို့ရယ်။ မင်္ဂလာရှိအောင် နေတတ်ကြရမယ်နော်။

* * *

၁၆။ ဥတကာနဋ္ဌ သင်္ဂဟော

[ဆွေမျိုးတို့ကို ချီးမြှောက်ထောက်ပံ့ခြင်း]

ကလေးတို့ရေ...

သစ်တစ်ပင်ကောင်းရင် ၄က်တစ်သောင်းတောင် နားခိုနိုင်သတဲ့။ ကြားဖူးကြရဲ့လားကွယ်။ မိမိရဲ့ဆွေမျိုးသားရင်းတွေအပေါ် စောင်မကြည့်ရှု ထောက်ပံ့ခြင်းဆိုတာ ကောင်းမြတ်သော မင်္ဂလာတစ်ပါးပါပဲ။

ကလေးတို့ အလှူမင်္ဂလာဖိတ်စာတွေကို ကြည့်ဖူးကြတယ်နော်။ အဲဒီမှာ ဆွေမျိုးသားချင်းတွေနဲ့ အမည်နာမတွေကို အမှူးပြုထားတာ တွေ့ရလိမ့်မယ်။ အဲဒါ ဘာဖြစ်လို့လဲ၊ ကလေးတို့ တွေးကြည့်မိသလား။ ဆွေမျိုးဥတကာတို့ကို အမှီသဟဲပြုပြီး မင်္ဂလာအမှုကို ပြုကြရတာကြောင့်ပါ။

ကြက်မှာအရိုး လူမှာအမျိုးတဲ့ ကလေးတို့ရေ။ လူရယ်လို့ဖြစ်လာရင် ဆွေမျိုး၊ မိတ်သင်္ဂဟဆိုတာ ရှိရတယ်နော်။ လူမှာ မျိုးရိုးကောင်းမွန်ဖို့ အင်မတန် အရေးကြီးတယ်။ ကိုယ့်အမျိုးထဲမှာ အားကိုးအားထားပြုရမယ့်၊ လေးစားကြည်ညိုရမယ့်၊ စံနမူနာယူနိုင်ရမယ့်ပုဂ္ဂိုလ်မျိုး ပါလာခဲ့မယ်ဆိုရင် ဘယ်လောက် ဂုဏ်ယူစရာကောင်းသလဲ။

ကလေးတို့ကိုယ်တိုင်ကလည်း ကိုယ့်ဆွေမျိုးသားချင်းရဲ့ ဂုဏ်သိက္ခာကို မြင့်မားတိုးတက်စေနိုင်ဖို့ ကြိုးစားရမယ်နော်။ အဲသည်လို အမျိုးဂုဏ်ကို မြှင့်တင်နိုင်ခြင်းဟာလည်း မင်္ဂလာတစ်ပါးပဲပေါ့။

ဒါတင်မကသေးဘူး ကလေးတို့ရေ၊ ဆွေမျိုးသားချင်းတွေကိုလည်း ကူညီစောင့်ရှောက်တတ်ရမယ်။ များသောအားဖြင့် လူတွေဟာ အားကိုးရှာတတ်ကြစမြဲ မဟုတ်လား။ ဘုရားတောင်မှ အမှီရှိမှ ပွင့်ရတယ်လို့ ဆိုကြ

တယ်။ ဒါကြောင့် လူတွေဟာလည်း မိမိတို့လိုရာဆန္ဒ အောင်မြင်ပြည့်ဝဖို့ အတွက် မီတွယ်ရာကို ရှာလေ့ရှိကြတယ်။ အဲဒီအချိန်မှာ ကိုယ်က မာနကြီး တစ်ခွဲသားနဲ့ ကိုယ်နဲ့မဆိုင်သလို မငြင်းပယ်ရဘူးနော်။ တတ်နိုင်တဲ့ဘက်က နွတ်အားဖြင့်လည်းကောင်း၊ ကိုယ်အားဖြင့်လည်းကောင်း၊ အကြံပေးခြင်း၊ ထောက်ပံ့ခြင်းတို့ကို ပြုရတယ်။

ဆွေမျိုးဆိုတာ မခေါ်ချင်လို့ပဲရတယ်၊ မတော်ချင်လို့ မရဘူး ကလေး တို့ရေ။ ပြီးတော့ ဆွေမျိုးသားချင်းဆိုတာ သွေးနီးကြတဲ့သူတွေဖြစ်တယ်။ ဘေးစကားပြောတာထက် သွေးစကားပြောတာကို ပိုပြီး ယုံကြည်ရမယ်။ ဘယ်လောက်ပဲ စိတ်ထဲမှာ မကျေနပ်တာတွေ ရှိနေပါစေ၊ ဆွေမျိုးဂုဏ်သိက္ခာ ထိခိုက်လာရင်တော့ ဘယ်သူမှ မခံရပ်နိုင်ကြဘူး။ ကိုယ့်အမျိုးဘက်က ကာကွယ်တိုက်ခိုက်ကြရတာပဲ။ ဒါဟာ သဘာဝတရားဖြစ်တယ်။

လူတွေရဲ့ယုံကြည်မှုဆိုတာဟာလည်း မျိုးရိုးနဲ့သက်ဆိုင်တယ်ကွဲ့။ တို့အမျိုးထဲမှာ အကျင့်စာရိတ္တဖောက်ပြန်သူ မရှိဘူးဆိုတာ ဂုဏ်ယူစရာဖြစ် တယ်။ တခြားလူတွေရဲ့ လေးစားယုံကြည်ခြင်းကို ရယူနိုင်တယ်။

သူတို့မျိုးရိုးက ဒီလောက် ချမ်းသာတာ၊ ဒီလောက် ပညာတတ်တာ၊ ဒီလောက် ရာထူးကြီးတာ မစောင့်ရှောက်ဘူးလားဆိုတဲ့ အပြစ်တင်စကားမျိုး မကြားရပါစေနဲ့။ ကိုယ့်ဆွေမျိုးသားချင်းထဲမှာ ချို့တဲ့သူ၊ အားနည်းသူပါလာခဲ့ ရင် ဖေးမကူညီဖို့ ဝန်မလေးရဘူးနော်။

မြတ်စွာဘုရားက မင်္ဂလာရှိသော တရားတော်အဖြစ် ဟောကြားခဲ့တာ ဖြစ်တယ်။ တော်သူကို ချီးမြှောက်ပါ၊ အားပေးပါ၊ လိုအပ်သူကို ဖေးကူလက် တွဲပါ၊ အားနည်းသူကို ဆွဲယူတွန်းတင်ပါ၊ ကိုယ့်အမျိုးရဲ့ဂုဏ်ကျက်သရေကို တင့်တယ်ထည်ဝါအောင် ကြိုးစားကြပါ။

မိမိကလည်း သစ်ရိပ်ကောင်းမှာ ခိုးနားနိုင်အောင် ကြိုးစားပါ။ မိမိ ကိုယ်တိုင်ကလည်း သစ်ရိပ်ကောင်းဖြစ်အောင် ဖန်တီးအားထုတ်ပါ။ အန်တီ ပြောတာ နားလည်ကြတယ်နော်။

* * *

၁၇။ အနဝဇ္ဇာနီ ကမ္မာနီ

[အများအကျိုးကို ဆောင်ရွက်ခြင်း]

ကလေးတို့ရေ...

အများအကျိုးကို ဆောင်ရွက်ခြင်းအားဖြင့် မိမိအကျိုးပါ အောင်မြင်စေ နိုင်ကြောင်း ကလေးတို့ ကြားဖူးနေကြပြီးဖြစ်လိမ့်မယ်လို့ အန်တီ ထင်ပါ တယ်။ ဒီအကြောင်းအရာနဲ့ပတ်သက်တဲ့ ပုံပြင်တွေ၊ နိပါတ်တော်တွေကိုလည်း ကလေးတို့ သိထားသင့်သလောက် သိနေကြမှာပါ။ တကယ်တော့ အများ အကျိုးကိုဆောင်ရွက်ခြင်းဟာ ပရဟိတလုပ်ငန်း ဖြစ်ပါတယ်။ နိုင်ငံတွေ၊ တိုင်းပြည်တွေမှာ အဲဒီလိုလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နေ ကြတာ ကလေးတို့ တွေ့နေမှာပါ။ ဥပမာ ကြက်ခြေနီလုပ်ငန်း၊ မီးသတ် လုပ်ငန်း၊ ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှုလုပ်ငန်း၊လူမှုဝန်ထမ်း ကယ်ဆယ်ရေးလုပ်ငန်း အများကြီးပါပဲကွယ်။

ကလေးတို့ရေ အကျိုးလိုလို့ ညောင်ရေလောင်းတယ်ဆိုတာ ကြာဖူး ကြသလား။ ကိုယ်လိုချင်တာရဖို့အတွက် သူတစ်ပါးအပေါ်မှာ ကူညီတာမျိုး ပေါ့။ ကူညီတယ်ဆိုတာ ကောင်းမြတ်သောလုပ်ငန်းဖြစ်ပေမယ့် အဲဒီလို ကိုယ့်အတွက်ရည်ရွယ်ပြီး တမင် လုပ်ခိုင်းတာမျိုးကျတော့ အပြစ်ကင်းသော ထောက်ပံ့မှုလို့ မခေါ်နိုင်ဘူး။

မိမိအတွက် အကျိုးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သူတစ်ပါးရဲ့ အခက်အခဲကို ကူညီဖြေရှင်းပေးခြင်းသည်သာ မွန်မြတ်သော မင်္ဂလာဖြစ်တယ်။ ကမ္ဘာပေါ်မှာ ရှိခဲ့ဖူးကြတဲ့ ကြီးကျယ်မြင့်မြတ်သော ပုဂ္ဂိုလ်တွေဟာ သူတို့ရဲ့ ကိုယ်ကျိုးကိုစွန့်လွှတ်ပြီး အများကောင်းကျိုးအတွက် ဆောင်ရွက်ခဲ့ကြသူ

တွေဖြစ်တယ်။ ဘယ်လောက် အတုယူ အားကျဖွယ် ကောင်းလိုက်ပါသလဲ ကလေးတို့ရယ်။

အဲဒီလို ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေဟာ လူပင်သေသော်လည်း နာမည် ကတော့ ရှင်သန်ထင်ကျန်ရစ်ခဲ့တယ်။ ဥပမာ ကမ္ဘာပေါ်မှာရှိတဲ့ လူသားတွေ အလင်းရောင်ရစေဖို့ စတင် တီထွင်ခဲ့တဲ့ လျှပ်စစ်စွမ်းအားရှင် 'အက်ဒီဆင်' ကို ဒီနေ့အထိ လူသားတွေ မေ့မထားနိုင်ကြဘူး။

အနီတိုက ကမ္ဘာနဲ့ယှဉ်ပြိုးပြောပြနေလို့ ကလေးတို့ လက်လှမ်းမမီ ဖြစ်နေသလား။ ကလေးတို့ဆောင်ရွက်လို့ရတဲ့ ပရဟိတလုပ်ငန်းတွေ အများ ကြီး ရှိပါတယ်။ လူသွားလမ်းပေါ်မှာရောက်ရှိတဲ့ ခလုတ်ကန်သင်းတွေကို ရှင်းလင်းပါ။ ရွံ့ဗွက်အိုင်တွေကို မြေဖို့ပါ။

သက်ကြီးရွယ်အိုတွေကိုကို ဖေးမကူညီပါ။ မိမိထက်ငယ်ရွယ်သော ကလေးများကို အန္တရာယ်မဖြစ်အောင် စောင့်ရှောက်ပါ။ အများသောက်ရန် ရေကုသိုလ်လုပ်ပါ။ လမ်းပြင်ခြင်း၊ တံတားဆောက်ခြင်း လုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ပါ။

အဲသည်လို ငယ်ရွယ်စဉ်ကတည်းက အများအကျိုးအတွက် သယ်ပိုး ဆောင်ရွက်တတ်သူအဖြစ် လေ့ကျင့်ယူခဲ့မယ်ဆိုရင် ကလေးတို့အရွယ်ရောက် ပြီး လူလားမြောက်လာတဲ့အခါ ကလေးတို့ဟာ စံပြုထိုက်တဲ့ လူတော်လူ ကောင်းတစ်ယောက် ဖြစ်လာပါလိမ့်မယ်။

ဆရာဝန်တစ်ယောက်ဟာ မိမိကိုယ်ကျိုးချမ်းသာထက် လူနာများ အတွက် ရှင်သန်လှုပ်ရှားနေသူဖြစ်ရမယ်။ စာရေးဆရာတစ်ယောက်ဟာ မိမိကိုယ်ကျိုးစီးပွားထက် လူအများကို လမ်းညွှန်ပြသသူဖြစ်ရမယ်။ သမား ရိုးကျ သာမန်ဘဝနဲ့ လောကကြီးမှာ ရှင်သန်ရပ်တည်နေထိုင်သွားတဲ့ သူတွေ ဆိုတာ လူဖြစ်လာပြီး လူကောင်းကောင်း မဖြစ်လိုက်ရသူတွေပဲ။

လူရယ်လို့ဖြစ်လာမှတော့ လူပတ်ဝန်းကျင်အတွက် အကျိုးတစ်စုံ တစ်ရာ ဖြစ်ထွန်းအောင် ကြိုးစားရလိမ့်မယ်။ ဒါမှလည်း မင်္ဂလာရှိသော လူသားတစ်ယောက်ဖြစ်မှာ အမှန်ပဲ ကလေးတို့ရေ။

* * *

၁၈။ အာရတီ ပါပါ

[မကောင်းမှုမှ စိတ်ဖြင့် ဝေးစွာရှောင်ကြဉ်ခြင်း]

ကလေးတို့ရေ...

စိတ်ဆိုတာ လူတစ်ယောက်အတွက် အရေးအကြီးဆုံးသော မိတ်ဆွေ ဖြစ်သလို ရန်သူလည်းဖြစ်တယ်ကွယ်။ လူတစ်ယောက် ကောင်းဖို့ဆိုးဖို့ဆိုတာ သူ့ရဲ့စိတ်နဲ့သာ သက်ဆိုင်တယ်။ တို့တစ်တွေကို အဓိက လွှမ်းမိုးချုပ်ကိုင်နေသူဟာ စိတ်ပါပဲ။

ကိုယ့်စိတ်ကို နိုင်အောင်ထိန်းဖို့ အရေးကြီးတယ် ကလေးတို့ရေ။ မကောင်းမှုကို မကောင်းမှန်း၊ ပထမဦးဆုံးသိတာဟာ စိတ်ဖြစ်တယ်။ အဲဒီ စိတ်က မကောင်းမှုကိုသိပြီး မလုပ်ထိုက်ကြောင်း ဆုံးဖြတ်လိုက်နိုင်ရင် ကိုယ့်နဲ့နှုတ်က ပါလာစရာ မရှိတော့ဘူးပေါ့။ ဒါကြောင့် စိတ်သာရှင်စောဘုရားဟောလို့ ဆိုကြတာပဲ။

စိတ်ဆိုတာ လူက မြင်နိုင်တဲ့အရာမဟုတ်ဘူး။ စိတ်ဆိုတာ ခန့်မှန်းရခက်တယ်၊ စိတ်ဆိုတာ အပြောင်းအလဲမြန်တယ်။ စိတ်ဆိုတာ အတိုအရှည် ရှိတယ်။ စိတ်ရဲ့စေစားရာကို လူတွေလိုက်ပါသွားတတ်ကြတယ်။

ဒါကြောင့် အရေးကြီးလှတဲ့စိတ်ကို ကောင်းမွန်တည်တံ့အောင် ပထမဦးဆုံး ကြိုးစားကြရမယ်။ သန့်ရှင်းစင်ကြယ်အောင် ထိန်းသိမ်းစောင့်ရှောက်ရမယ်။ နားလည်ကြရဲ့လား။

ကိုယ့်ရဲ့စိတ်ကို ဖြူစင်သန့်ရှင်းအောင် လေ့ကျင့်တဲ့နေရာမှာ ပတ်ဝန်းကျင် အခြေအနေဟာလည်း အရေးပါလှသေးတယ်။ ဒေါသစိတ်၊ မောဟစိတ်၊ မာနစိတ် စတာတွေဟာ ပတ်ဝန်းကျင်က တွန်းအားပေးတဲ့ စိတ်မိုက်ရိုင်းတွေ

ပဲ။ ဒါတွေကို သည်းခံစိတ်၊ ခွင့်လွှတ်စိတ်၊ ရောင့်ရဲစိတ်တွေနဲ့ ထိန်းချုပ်ရမယ်။ စိတ်ကို စိတ်နဲ့သာ ဆေးကြောပစ်ရမယ် ကလေးတို့ရေ။

စိတ်ကို ဘယ်တော့မှ အလိုမလိုက်ကြရဘူးနော်။ စာကျက်ရမယ့်အချိန်မှာ စာကျက်ပါ။ ပတ်ဝန်းကျင်ရဲ့စေ့ဆော်မှုကြောင့် အပျော်အပါးဆီကို အာရုံမရောက်သွားပါစေနဲ့။ အဲဒါ ကလေးဘဝအရွယ်ကတည်းက လေ့ကျင့်ယူရမယ့် အလွယ်ကူဆုံး လမ်းစဉ်ပါပဲ။

မခံချင်စိတ် ဖြစ်လာပြီဆိုပါတော့။ ကလေးတို့ရဲ့စိတ်ကို ရန်ပြုချင်စိတ်အဖြစ် ပြောင်းလဲလိုက်မလား။ မကောင်းမှုက ဘယ်စိတ်ဖြစ်မလဲ၊ မကောင်းတဲ့စိတ်ကိုပယ်ပြီး ကောင်းတဲ့စိတ်နဲ့ ကယ်တင်ကြရမယ်။ မိမိစိတ်ကို အနိုင်ယူနိုင်သူဟာ လူတော်ဖြစ်တယ်။ မင်္ဂလာရှိသောသူ ဖြစ်တယ် ကလေးတို့ရေ။

မကောင်းမှုကို စိတ်ဖြင့်ရှောင်ကြဉ်ရာမှာ မကောင်းမှုဆိုတာ ဘာတွေလဲဆိုတဲ့အချက်ကို အရင်ဆုံး သိရမယ်နော်။ အဲဒီပညာကို ဘယ်သူကမှ တကူးတက ကလေးတို့ကို သင်ပြပေးမှာမဟုတ်ဘူး။ ကလေးတို့ကိုယ်တိုင် စဉ်းစားချင့်ချိန် ဆုံးဖြတ်ကြရမယ်။ ဘုရားဟောတွေကို သိနားလည်ရမယ်။ မိဘဆရာတို့ရဲ့ ဆုံးမစကားတွေကို လိုက်နာမှတ်သားရမယ်။

ဘာလုပ်ရင် ဘာဖြစ်တယ်ဆိုတာ သိဖို့လိုတယ်။ ဘာကောင်းတယ် ဘာမကောင်းဘူးဆိုတာလည်း သဘောပေါက်ရမယ်။ ဒါတွေကို စိတ်အာရုံထဲမှာ စုစုစည်းစည်း သိမ်းဆည်းထားရမယ်။ ဒါမှလည်း ရှောင်ကြဉ်ထိန်းသိမ်းနိုင်မယ်။

မကောင်းမှုကို ဖြစ်ပေါ်စေတဲ့စိတ်တွေက ရှိသေးတယ်။ လောဘစိတ်၊ သဝန်တိုစိတ်၊ တစ်ကိုယ်ကောင်းစိတ်၊ နာကြည်းစိတ်တွေဖြစ်တယ်။ ကလေးတို့ ဝေးဝေးရှောင်ကြဉ်ကြရမယ်နော်။ မကောင်းမှုကို တားဆီးနိုင်တဲ့စိတ်တွေကတော့ ကိုယ်ချင်းစာစိတ်၊ ကူညီချင်စိတ်၊ မျှတစိတ်နဲ့ ကြင်နာစိတ်တွေဖြစ်တယ်။ ကလေးတို့ ကောင်းစွာ မွေးမြူကြရမယ်။ ဒါမှလည်း မင်္ဂလာတရားနဲ့ ညီညွတ်ကြလိမ့်မယ်ကွယ်။

* * *

၁၉။ ဝိရတီ ပါပါ

[မကောင်းမှုမှ အထူးသဖြင့် ကိုယ်နှင့်နှုတ်ကို ရှောင်ကြဉ်ခြင်း]

ကလေးတို့ရေ...

မကောင်းမှုကို စိတ်အားဖြင့် ရှောင်ကြဉ်နိုင်ခဲ့ကြပြီးရင်တော့ ကိုယ်နှင့် နှုတ်တို့ကနေ ရှောင်ကြဉ်နိုင်ကြဖို့ သိပ်ပြီး မခဲယဉ်းတော့ပါဘူးကွယ်။

တစ်ခုတော့ရှိတယ်။ တစ်ခါတလေ သိပ်ပြီး ခံစားရတဲ့အခါ စိတ်ထဲမှာ ဒေါသတွေ မုန်တိုင်းထန်နေတတ်တယ်။ ဘယ်လိုမှ ဖြေသိမ့်လို့မရအောင် ဖြစ်နေတတ်တယ်။ ဒါပေမဲ့ အဲဒီစိတ်ရဲ့ ခံစားမှုတွေကို နှုတ်က ပွင့်အန်မလာဖို့နဲ့ ကိုယ်က မကျူးလွန်မိဖို့ အထူး ဆင်ခြင်ရမယ်နော်။

မကောင်းမှုဆိုတာ ဒုစရိုက်မှု၊ မတရားမှု၊ လောင်းကစားမှု၊ သိက္ခာပျက်မှု၊ စော်ကားမှု၊ မိုက်ရိုင်းမှု စသဖြင့် လောကကြီးမှာ အများကြီးရှိနေတယ် ကလေးတို့ရေ။ မကောင်းမှုဆိုတာ ကျူးလွန်ဖို့ အင်မတန်လွယ်တဲ့ ဆွဲဆောင်မှုတွေဖြစ်တယ်။ ကူးစက်လည်း လွယ်လှတယ်။ တစ်ခါတလေမှာ စိတ်က မထိန်းချုပ်လိုက်နိုင်ခင် ကိုယ်နဲ့နှုတ်က ပါသွားတတ်တယ်။

ဒါကြောင့် ကလေးတို့ အလွန် သတိထား ရှောင်ကြဉ်ကြရမယ်။ နောက်တစ်ခုကတော့ မသိစိတ်ရဲ့အကြောင်းတရားပဲ။ လူမှာ သိစိတ်နဲ့မသိစိတ်ဆိုတာ ရှိတယ်။ မသိစိတ်ဟာ လျှို့ဝှက်နက်နဲတယ်၊ နက်ရှိုင်းကျယ်ဝန်းတယ်၊ အပေါ်ယံမှာဖြစ်နေပြီး အကဲခတ်လို့ရနိုင်တဲ့ သိစိတ်အပိုင်းထက် အများကြီး စွမ်းအင်ကြီးမားတယ်။ မသိစိတ်ကို ထိန်းချုပ်လို့ မရနိုင်ဘူး။ ဒါကြောင့်လည်း မသိစိတ်နဲ့ ကျူးလွန်မိတတ်တဲ့အပြစ်တွေ အများကြီး ရှိလာနိုင်တယ်။

အဲဒီအခါ ကလေးတို့ ဘယ်လို ပြုပြင်ယူကြမလဲ။ ဆင်ခြင်တုံတရားနဲ့ ကယ်တင်ကြရမယ်နော်။ တောင်းပန်ခြင်းနဲ့ ဝပ်တွားကြရမယ်။ လူဆိုတာ မမှားဖူးတဲ့သူ မရှိဘူးမဟုတ်လား ကလေးတို့ရယ်။ မိမိ မသိစိတ်ကြောင့် ပြုမိ၊ မှားခဲ့မိရင် ဝန်ခံဖို့ ဘယ်သောအခါမှ ဝန်မလေးကြပါနဲ့။

ကလေးတို့လုပ်လိုက်တာ မှားသွားပြီ၊ ကလေးတို့ပြောလိုက်တာ မှားသွားပြီဆိုရင် ဆူမှာစိုးလို့၊ ရိုက်မှာစိုးလို့၊ အပြစ်တင်ခံရမှာစိုးလို့ဆိုတဲ့ စိုးရိမ်စိတ်တွေနဲ့ ရေငုံနှုတ်ပိတ် မနေကြရဘူးနော်။ ပွင့်ပွင့်လင်းလင်း ဝန်ခံကြရမယ်။ အမှားကိုသိခြင်းဟာ အမှန်ကိုရောက်နိုင်ဖို့လမ်းစ ဖြစ်တယ်။ ဘယ်သောအခါမှ ချော်လဲရောထိုင် မလုပ်ကြပါနဲ့။ ပြန်ထပါ၊ လမ်းသစ်ရှာပါ၊ ပြုပြင်ပါ။ တစ်ခါမှား၊ နှစ်ခါမှား၊ သုံးခါအထိမှားပြီးရင် ထပ်မှားဖို့ဆိုတာ အလွန်အလွန် မိုက်မဲသူတွေမှသာ ဖြစ်နိုင်တော့မယ်။

ကလေးတို့ ပညာသင်နေကြတဲ့ ကျောင်းသူ၊ ကျောင်းသားတွေ ဖြစ်တယ်။ ကလေးတို့ကို သွန်သင်ဆုံးမ နည်းလမ်းပြမယ့် မိဘဆရာတွေရှိတယ်။ လမ်းညွှန်နည်းပေးမယ့် စာအုပ်စာပေ လူမိတ်ဆွေတွေရှိတယ်။ ကလေးတို့ အန်တီကတော့ ယုံကြည်ပါတယ်။ ကလေးတို့ဟာ မင်္ဂလာရှိသောကလေးများ ဖြစ်လာကြမှာပါနော်။

ကလေးတို့ကို မှာချင်တာလေးတစ်ခုတော့ရှိတယ်။ လောကကြီးကို မျက်ခြည်မပြတ်ကြဖို့ပါ။ ကောင်းတဲ့အလုပ်ကို လုပ်တဲ့သူတွေဟာ ကောင်းတာဖြစ်တယ်။ မကောင်းတဲ့အလုပ် လုပ်သူတွေဟာ တစ်ခဏသာ သာယာမှုရှိပြီး မကောင်းတာဖြစ်သွားကြတယ်။ အဲဒီအဖြစ်တွေကို မြင်သာအောင် လေ့လာကြည့်ကြပါ။ ကလေးတို့ကိုယ်တိုင်လည်း ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ မကောင်းမှုကို မကျူးလွန်မိအောင် ထိန်းသိမ်းကြပါနော်။

* * *

၂၀။ မရွပါနှာစ သံယမော

[အရက်သေစာ မသောက်စားခြင်း]

ကလေးတို့ရေ...

ဒီတစ်ခါပြောပြမယ့် အကြောင်းအရာကတော့ လောကမှာ ကြောက်စရာအကောင်းဆုံးသော အကုသိုလ်အကြောင်းပါပဲကွယ်။ ကလေးတို့ ငါးပါးသီလကို ရွတ်ဆိုဖူးကြတယ် မဟုတ်လား။ သူရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ ဆိုတာပေါ့နော်။ မူးယစ်ခြင်း၊ မေ့လျော့ခြင်းများ၏ အကြောင်းရင်းဖြစ်သော သေရည်သေရက် သောက်သုံးခြင်းမှ ရှောင်ပါ၏။ ဤသို့ စိတ်ထားမြင့်ကြောင်း ကျင့်ဝတ်ဟောင်းကို မတိမ်းမစောင်း ထိန်းကျောင်းဆောက်တည်ပါ၏။

ဒီခေတ်အခါမှာတော့ သေရည်သေရက်နဲ့အတူ မူးယစ်ဆေးဝါးဆိုတာကိုပါ ယှဉ်တွဲမှတ်ယူကြရမယ်။ ကဲငါးပါးမှာ ဒီကဲဟာ အဆိုးဝါးဆုံးဖြစ်တယ် ကလေးတို့ရေ။ အရက်သေစာ သောက်စားသူတွေဟာ ပျော်ပါးလိုလို၊ စော်ကားလိုလို့ဆိုတဲ့ အချက်နှစ်ခုပေါ်မှာမူတည်ပြီး မှီဝဲကြတာဖြစ်တယ်။ အရက်တွေ ဝမ်းထဲရောက်သွားတဲ့အခါ အရက်ခိုးတွေက တစ်ကိုယ်လုံးကို ပျံ့နှံ့သွားတယ်။

ပြစ်မှားသင့်သူ မသင့်သူ၊ ကြံစည်သင့်သူ မသင့်သူ မခွဲခြားနိုင်တော့ဘူး။ ပြောသင့်မပြောသင့်၊ လုပ်သင့်မလုပ်သင့် မချင့်ချိန်နိုင်တော့ဘူး။ သူ့ရဲ့အသိဉာဏ်ဟာ သေဆုံးသွားပြီဖြစ်တယ်။ ဒါကြောင့် လူစိတ်ကင်းမဲ့အောင် ပြောင်းလဲပေးတဲ့ ကိရိယာဟာ အရက်နဲ့ မူးယစ်ဆေးဝါးပဲ။ ဒုစရိုက်တရားအားလုံးရဲ့ တံခါးဝဖြစ်တယ် ကလေးတို့ရေ။

သူတို့ဟာ သတ်ဖြတ်ဖို့ရာလည်း ဝန်မလေးတော့ဘူး။ သူ့ဥစ္စာကို လုယက်ဖျက်ဆီးဖို့လည်း မခက်ခဲတော့ဘူး။ လိမ်ညာစကား၊ ကုန်းချောစကား၊ ဆဲရေးစကား၊ မမှန်စကား ပြောကြားဖို့ရာလည်း နှုတ်ရဲတတ်ကြတယ်။ ဒါကြောင့် အရက်ဟာ ကိုယ့်ကိုယ်ကိုယ် အရင်ဖျက်ဆီးပစ်ပြီး သူ့ကိုပါ ဖျက်ဆီးရာမှာ အလွန်ထိရောက်တဲ့ လက်နက်တစ်မျိုးပါပဲ။

အားနာခြင်း၊ ညှာတာထောက်ထားခြင်း၊ ကိုယ်ချင်းစာခြင်းဆိုတဲ့ လူစိတ်တွေ ပျောက်ကွယ်သွားစေပြီး မာန်ဖီတတ်တဲ့ တိရစ္ဆာန်တစ်ကောင် ဘဝထဲ ရောက်သွားစေတာဟာ အဲဒီအရက်ပါပဲကွယ်။ နောက်ပြီး သိက္ခာ တရားကိုလည်း ထိန်းမထားနိုင်တော့ဘူးလေ။ ဒီတော့ အရက်သေစာသောက် စားသူဟာ ဘယ်နည်းနဲ့မှ မင်္ဂလာမရှိနိုင်ဘူးနော်။

အထူးသဖြင့် အနှစ်တီ မှာချင်တာကတော့ သားငယ်များကိုပါပဲ။ ဒီ ခေတ်ကြီးထဲမှာ အရက်မသောက်တတ်ရင်လည်း ယောကျ်ားမဟုတ်တော့ သလို ပြောဆိုတတ်ကြတဲ့အထိ အရက်ရဲ့လွှမ်းမိုးမှုအားက မသေးလှဘူးနော်။ သားငယ်တို့ အတော့်ကို ထိန်းသိမ်းရှောင်ကြဉ်ကြရလိမ့်မယ်။

လောကကြီးမှာ အကျိုးရှိမယ့်အလုပ်၊ မိမိအတွက်ရော မိမိ ပတ်ဝန်း ကျင်အတွက်ပါ အကျိုးသက်ရောက်နိုင်မယ့် အလုပ်တွေကို ရွေးချယ်တတ်ရ မယ် ကလေးတို့ရေ။ အချိန်ဟာ နာရီလက်တံနဲ့အမျှ ရွှေ့လျားနေတယ်။ ရှိတဲ့အချိန်ကလေးကို အလဟဿ သောက်စားခြင်းဟာ အကျိုးရှိ,မရှိ ကလေးတို့ ဦးနှောက်နဲ့ပဲ စဉ်းစားကြည့်နော်။

မိမိဘဝကို တိုးတက်မြင့်မားအောင် တည်ဆောက်ပြီး ချမ်းသာသုခ ကို ခံစားချင်ကြတယ်ဆိုရင် အရက်သေစာ ရှောင်ကြဉ်နိုင်ခြင်းဆိုတဲ့ မင်္ဂလာ တရားတော်နဲ့အညီ ကျင့်ကြံနေထိုင်ကြပါလို့ မှာပါရစေ ကလေးတို့ရေ။

* * *

၂၁။ အပွမာဒေါစ ဓမ္မေသု

[ကုသိုလ်တရားကို မမေ့လျော့ခြင်း]

ကလေးတို့ရေ...

အနိတိက မကောင်းမှုတွေ၊ အကုသိုလ်တွေ၊ ဒုစရိုက်တရားတွေ အကြောင်းပြောနေလို့ ကလေးတို့ ငြီးငွေ့နေကြပြီလား။ ကဲ...ဒီတစ်ခါတော့ ကုသိုလ်တရားအကြောင်း ပြောပြတော့မယ်နော်။ ကလေးတို့ မမေ့မလျော့ ပြုမှုကျင့်ကြံကြရမယ့် ကုသိုလ်ကောင်းမှုတွေ အကြောင်းပေါ့ကွယ်။

ကုသိုလ်ကောင်းမှုရယ်လို့ ယှဉ်တွဲထားတာကိုကြည့်ရင် ကောင်းမှု ပြုသူဟာ ကုသိုလ်ရတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ ကလေးတို့ရေ။ ကောင်းမှု ဆိုတာ ဘာတွေလဲ၊ ကြည့်ကြရအောင်။

သူတစ်ပါးကို သနားညှာတာ ကူညီစောင့်ရှောက်ခြင်း၊ ဒုက္ခရောက် သူကို ဖေးမကယ်တင်ခြင်း၊ မရှိချို့တဲ့သူကို ပေးကမ်းဝေမျှခြင်း၊ အများအကျိုး ကို ဆောင်ရွက်ခြင်း၊ ဘုရား၊ တရား၊ သံဃာ၊ မိဘ ဆရာတို့ကို ရိုသေဝပ်တွား ပူဇော်ကန်တော့ခြင်း စသဖြင့် သာဓုခေါ်ဖွယ်ရာ အမှုကိစ္စ မှန်သမျှတို့ဟာ ကုသိုလ်ကောင်းမှုတွေပေါ့။

ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ တံတိုင်းဆောက်ခြင်း၊ ရေ တွင်းရေကန် တူးဖော်ခြင်း၊ လမ်းတံတားဖောက်ခြင်း၊ အလှူအတန်းပြုခြင်း စတာတွေဟာလည်း ကုသိုလ်တရားတွေပဲပေါ့။ ရေစက်ချ အမျှဝေရမယ့် ကောင်းမှုတွေဖြစ်တယ်။

အဲဒီလို ကုသိုလ်ကောင်းမှုတွေကို ပြုခွင့်ရကြသူတွေဟာ မင်္ဂလာ ရှိသူတွေဖြစ်တယ်။ နတ်,လူ သာဓုခေါ်ကြရတယ်။ သူတို့ဟာ ယခုဘဝ၊ နောင်ဘဝမှာလည်း ကံအကျိုးပေးကောင်းသူတွေ ဖြစ်ကြလိမ့်မယ်။

သူတစ်ပါးအသက်ကိုကယ်တင်ခြင်းဟာလည်း ကုသိုလ်ကံအကြောင်းတရား ဖြစ်တယ်။ ကလေးတို့ ငါးကလေးတွေ၊ ၄ကလေးတွေကို လွှတ်ဖူးကြသလား။ အင်မတန် ကုသိုလ်ရတဲ့အလုပ် ဖြစ်တယ်နော်။ ကြောင်ကလေးတွေ၊ ခွေးကလေးတွေကို ကျွေးမွေးစောင့်ရှောက်ခြင်းဟာလည်း မင်္ဂလာရှိသောအလုပ် ဖြစ်တယ်။

အဲဒီလို ဆင်းရဲချို့တဲ့သူကို မိမိ တတ်နိုင်သလောက် ပေးကမ်းစွန့်ကြဲခြင်းဟာလည်း ကောင်းမှုပြုခြင်းဖြစ်တယ်။ တချို့ မိသားစုတွေဟာ တစ်နေ့လုပ်မှ တစ်နေ့ စားကြရတယ်။ သားသမီးတွေရဲ့ပညာရေးကို လှည့်မကြည့်နိုင်တဲ့ မိဘတွေ အများကြီးရှိတယ်။ အဲဒီကလေးတွေကို ပညာဒါန ထောက်ပံ့ကူညီခြင်းဟာလည်း အလွန် မွန်မြတ်တဲ့ အလုပ်ဖြစ်တယ်။

လုပ်ကိုင်စားသောက်နိုင်ခြင်းမရှိတဲ့ သက်ကြီးရွယ်အိုတွေကို ပေးကမ်းစွန့်ကြဲခြင်းဟာလည်း ကောင်းမြတ်သော မင်္ဂလာ ဖြစ်ပြန်တယ်။ လှူတယ်ဆိုတာ တန်ဖိုးနဲ့တိုင်းတာလို့မရဘူး ကလေးတို့ရေ။ ကလေးတို့ တတ်နိုင်သလောက် အလှူဒါနကို ပြုလုပ်ကြပါ။ များများလှူမှ များများ ကုသိုလ်ရတာ မဟုတ်ပါဘူး။ မိမိရဲ့စိတ်ရင်း စေတနာပေါ်မှာ မူတည်ပြီး အကျိုးတရားကို ရစေပါတယ်။

ကုသိုလ်များများ ရရှိဖို့အတွက်ကတော့ အကုသိုလ်တွေကို များများ ရှောင်ရှားကြဖို့ပါပဲ။

* * *

၂၂။ ဂါရဝေါစ

[ရိုသေအပ်သောသူတို့ကို ရိုသေရခြင်း]

ကလေးတို့ရေ...

ဂါရဝတရားထားသင့်တဲ့အကြောင်း ကလေးတို့ရဲ့မိဘတွေက ဆုံးမဖူးကြမှာပေါ့နော်။ ရိုသေထိုက်သူကို ရိုသေခြင်းဟာ ဂါရဝေါစဆိုတဲ့ မင်္ဂလာတစ်ပါးပါပဲကွယ်။

ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကို သနားပါဆိုတဲ့ ဆုံးမစကားကို ကလေးတို့ ကြားဖူးကြလိမ့်မယ် ထင်ပါတယ်။ မိမိထက် တစ်နေ့၊ တစ်ရက်၊ တစ်စက္ကန့်ကြီးသူဟာ မိမိရိုသေထိုက်သူ ဖြစ်တယ်။ ကြီးသူရဲ့သွန်သင်မှုကို ရိုသေစွာ လိုက်နာကြရမယ်။

အနေ့ကော အနေ့ငါးပါးတို့ကိုတော့ ရိုသေကိုင်းရှိုင်းရမယ်ဆိုတာ ကလေးတို့ နားလည်ထားကြပြီးသားပါနော်။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတွေရဲ့ ဆုံးမစကားများကို ရိုသေလေးစား နားထောင်ကြရမယ်။ ဒီအချက်ကတော့ လုံးဝ ငြင်းပယ်စရာ မလိုဘူးပေါ့။

ဒါပေမဲ့ ကလေးတို့ရေ... ရိုသေခြင်းရဲ့ လေးစားခြင်းမှာ အတိုင်းအတာဆိုတာ ရှိတယ်ကွဲ့။ လူတစ်ယောက်ဟာ မိမိထက် အရွယ်ကြီးသူတော့ မှန်ပါရဲ့၊ သူဟာ အရက်သေစာ သောက်စားသူဖြစ်တယ်၊ ခိုးဆိုးမိုက်ရိုင်းနေသူ ဖြစ်မယ်ဆိုရင် ကလေးတို့ ရိုသေလေးစားနိုင်ကြပါ့မလား။

လူဆိုတာ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားရမယ်၊ အများက ရိုသေလေးစားအောင် နေတတ်ရမယ်နော်။ ရိုသေထိုက်သူဖြစ်မှသာ ရိုသေကြမှာပေါ့ကွယ်။ ဒါကြောင့် အရေးအကြီးဆုံးက မိမိကိုယ်ကို မိမိတည်ဆောက်တတ်ဖို့ပဲ။ မိမိကိုယ်တိုင်က မိမိကိုယ်ကို တန်ဖိုးထားတတ်ဖို့ပဲ။

ဘဝမှာ အောင်မြင်မြင့်မားချင်ရင် ကိုယ့်ကိုယ်ကိုယ် သို့လော သို့လောနဲ့ မရေမရာ အနေအထားမျိုးမှာ ဘယ်တော့မှ မထားရဘူးနော်။ ချီတုံချတုံ၊ တွန့်ဆုတ်လုပ်နေရင် ဘယ်တော့မှ မကြီးပွား၊ မတိုးတက်နိုင်ဘူး။ လူတွေကလည်း ရိုသေလေးစားမှာ မဟုတ်ဘူး။

ရိုးသားမှုဆိုတာ ကောင်းမွန်တဲ့ အလေ့အကျင့်တစ်ခုဖြစ်ပေမယ့် ရိုးသားခြင်းဆိုတဲ့ နယ်ကလေးအတွင်းမှာပဲ ရှင်သန်နေမယ်ဆိုရင်တော့ လူဖြစ်ရကျိုး ဘယ်နပ်ပါ့မလဲ။

ဘယ်လုပ်ငန်းမှာမဆို ကြီးကြီးကျယ်ကျယ် အောင်မြင်ခဲ့သူတွေမှန် သမျှဟာ မိမိရဲ့အလုပ်အပေါ်မှာ ကျွမ်းကျင်နိုင်နင်းသူတွေ ဖြစ်ကြတယ်။ ကျွမ်းကျင်တယ်ဆိုတာ မရိုးသားတာ မဟုတ်ဘူးနော်။ သမားရိုးကျတွေကို ထပ်ဆင့်ပွားယူကြတာပဲ။ သူများလုပ်သလိုသာ လိုက်လုပ်နေရင် သူများနောက်လိုက်ပဲ ဖြစ်မှာပေါ့ ကလေးတို့ရယ်။

ဒါကြောင့် တီထွင်ကြံဆ ကြိုးစားကြရမယ်။ အေး... တိကျရမယ်၊ မျှတရမယ်၊ မှန်ကန်ရမယ်၊ ပြတ်သားရမယ်။ ဒါဟာ ရိုသေလေးစားထိုက်သော အရည်အချင်းတွေဖြစ်တယ်။

မိမိထက် ဉာဏ်အမြော်အမြင်ကြီးသူတွေကို ရိုသေလေးစားပါ၊ မိမိထက် ရာထူးဂုဏ်သရေ မြင့်သူတွေကို ရိုသေကိုင်းရှိုင်းပါ၊ မိမိထက် အတွေ့အကြုံ ရင့်ကျက်ခိုင်မာသူတွေကို ရိုသေခယပါ။ ရိုသေအပ်သောသူတို့ကို ရိုသေရခြင်းဟာ မင်္ဂလာတစ်ပါး ဖြစ်ပါတယ်။

မိမိကိုယ်တိုင်လည်း သူတစ်ပါးက ရိုသေမြတ်နိုး၊ လေးစားချစ်ခင်သောဘဝကို ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားခြင်းဖြင့် မင်္ဂလာရှိပါစေ။

* * *

၂၃။ နီဝါတောစ

[မိမိကိုယ်ကို နှိမ့်ချရခြင်း]

ကလေးတို့ရေ...

မိမိကိုယ်ကို နှိမ့်ချရခြင်းဟာလည်း မဂ်လာတစ်ပါးလို့ မြတ်စွာဘုရား က ဟောကြားခဲ့ပါတယ်။ အဓိပ္ပာယ်ကတော့ မိမိကိုယ်မိမိ မမောက်မာနဲ့၊ မဝါကြွားနဲ့ဆိုတဲ့ သဘောပါပဲကွယ်။

အထူးသဖြင့် ချမ်းသာကြွယ်ဝတဲ့သူတွေ၊ အောင်မြင်ကျော်ကြားတဲ့ သူတွေဟာ သူတို့ကိုယ်သူတို့ ဂုဏ်ယူဝင့်ကြွားတတ်ကြတယ်။ မာနကြီးတတ်ကြတယ်။ မိမိထက် နိမ့်ကျသူတွေအပေါ်မှာ ရင့်ရင့်သီးသီး ဆက်ဆံတတ်ကြတယ်။

အဖက်မတန်သလို နှိမ့်ချကြတယ်။ နေရာမပေးတတ်ကြဘူး၊ အရေးမစိုက်တတ်ကြဘူး။ မခေါ်ချင် မပြောချင်သလိုလို၊ ခေါ်ရပြောရမှာကိုပဲ မိမိတို့ သိက္ခာကျသွားရတော့မလို ကိုယ့်ကိုယ်ကိုယ် ဘဝင်မြင့်လွန်းတတ်ကြတယ်ကွယ်။

အဲဒီလို လူစားမျိုးတွေဟာ ဘယ်လောက်ပဲ ဂုဏ်ရှိနိုဂုဏ်ဝါ မြင့်မားကြပါစေ၊ မဂ်လာရှိသူတွေ မဟုတ်ဘူး၊ ကျက်သရေရှိသူတွေ မဟုတ်ဘူး။ သူတို့လို လူမျိုးတွေဟာ ဘဝရဲ့အလှည့်အပြောင်း တစ်ခုခုကြောင့် လက်ရှိ နေရာက လျှောကျသွားတဲ့အခါ အများက ကြဉ်ဖယ်ခြင်းကိုခံရမယ့်သူတွေသာ ဖြစ်တယ်။

ကလေးတို့ရေ... လူရယ်လို့ဖြစ်လာရင် ကံကြမ္မာဆိုတဲ့ ရေစီးကြောင်းပေါ်မှာ စီးမျောသွားကြရမှာချည်းပဲနော်။ ရေစီးတစ်ခါ ရေသာတစ်လှည့်၊

သစ်ငုတ်မြင့်တုံ၊ မြက်မြင့်တုံဆိုတဲ့ စကားပုံတွေကို ကလေးတို့ ကြားဖူးကြတယ် မဟုတ်လား။ ဆင်းရဲတစ်ခါ၊ ချမ်းသာတစ်လှည့်ပါပဲ။ ဒါကြောင့် မိမိ အမြင့်ကိုရောက်ရှိတဲ့အချိန်မှာ ဂုဏ်ယူပါ၊ ဂုဏ်မမောက်ပါနဲ့။

မိမိထက်သာသူ၊ တတ်သူ၊ ကျော်သူ၊ မော်သူတွေ လောကမှာ အများကြီး ရှိနေသေးတယ်ဆိုတဲ့ ဆင်ခြင်အသိနဲ့ မိမိကိုယ်ကို နှိမ့်ချထားပါ။ မာန်မဝင့်ပါနဲ့၊ ဟိတ်ဟန်မလုပ်ပါနဲ့။

ငါ သိတယ်၊ ငါ တတ်တယ်၊ ငါ နားလည်တယ် ဆိုတာတွေဟာ 'ငါ' ဆိုတဲ့ အတ္တမာနတွေဖြစ်တယ်။ တကယ်တော့ ငါ မသိတာတွေ လောကမှာ အများကြီးရှိတဲ့အကြောင်း ငါ မသိတာပဲ။

ဘဝဆိုတာ လှေကားထစ်တွေနဲ့တူတယ် ကလေးတို့ရေ။ ဘယ်တော့မှ အမြင့်ဆုံးကို ရောက်တယ်ဆိုတာ မရှိဘူး။ တက်ပြီးရင်း တက်နေရတယ်။ အေး... ဒါပေမဲ့ ပြန်ပြီး ပြုတ်မကျအောင်တော့ ရောက်တဲ့နေရာမှာ ခိုင်ခိုင်မြဲမြဲ ဆုပ်ကိုင်ထားနိုင်ရမယ်။ မိမိတက်လာရတဲ့ လှေကားထစ်တွေကို ဘယ်တော့မှ မေ့မပစ်ရဘူး။ မကြာခဏ ငုံ့ကြည့်ရတယ်။ ဒါမှလည်း ငါ ဘယ်လောက် အားစိုက်ထုတ်ခဲ့ရတယ်ဆိုတာကို ပြန်မြင်နိုင်လိမ့်မယ်။ အဲဒီနေရာကို ပြန်ရောက်မသွားအောင် ထိန်းသိမ်းနိုင်လိမ့်မယ်။

ကိုယ့်ကိုယ်ကိုယ် အမြင့်ရောက်တာနဲ့ ခေါင်းမော့ ရင်ကော့ လက်လွှတ်လိုက်ရင်တော့ ဝုန်းခနဲပြုတ်ကျမှာ သေချာတယ် ကလေးတို့ရေ။ ဒါကြောင့်လည်း မြတ်စွာဘုရားက နိဝါတောစဆိုတဲ့ မင်္ဂလာတရားတော်ကို ဟောကြားတော်မူခဲ့တာပေါ့။

မိမိကိုယ်ကို အများကြီးလိုနေသေးကြောင်း အစဉ်သဘောပေါက်ထားပါ။ ဆက်၍ ဆက်၍ပြည့်အောင် ဖြည့်ပါ။ အရာခပ်သိမ်း ပြည့်စုံချမ်းသာခြင်းဆိုတာ နိဗ္ဗာန်မှာသာ ရှိနိုင်ပါတယ် ကလေးတို့ရယ်။

အနိတိပြောတာ နားလည်ကြတယ်နော်။

* * *

၂၄။ သန္ဓယီစ

[ရရှိသမျှနှင့် ရောင့်ရဲတတ်ခြင်း]

ကလေးတို့ရေ...

ရတာလေးနဲ့ ဝအောင်စား၊ ရှိတာလေးနဲ့ လှအောင်ဝတ်၊ တင်းတိမ်ရောင့်ရဲတတ်ခြင်းသည် မဂ်လာလို့ ဆိုထားပြန်တယ်ကွယ်။ အဲဒါကတော့ လောဘသတ်ဖို့ သတိပေးတဲ့ ပညတ်ချက်တွေပါပဲ။

အန်တီက ရှေ့မှာပြောခဲ့တယ်။ မိမိဘဝကို မြင့်မားတိုးတက်အောင် တည်ဆောက်ရမယ်လို့နော်။ ဒါပေမဲ့ ဒီမဂ်လာတရားတော်ကတော့ ရရှိသမျှနဲ့ ရောင့်ရဲရမယ်တဲ့။ ဘယ်လိုများပါလိမ့်လို့ ကလေးတို့ တွေးနေမိကြပါသလား။

ရှင်းရှင်းလေးပါပဲ ကလေးတို့ရယ်။ ရရှိသမျှနဲ့ ရောင့်ရဲရမယ်ဆိုတာ မိမိတို့ စွမ်းအားရှိသလောက် ကြိုးစားရမယ်လို့ ဆိုလိုတာပါ။ အမြင့်ကြီးကို ရောက်ချင်တဲ့အတွက် ခုနက်ကျော်မတက်ရဘူး၊ ပြေးလွှားမသွားရဘူး။ မသမာမှုတွေကို အသုံးမပြုရဘူးဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

လောဘကြီးလွန်းတဲ့အခါ မောဟကြီးထွားလာပြီး ဒေါသ ပိုကြီးမားလာတတ်တယ်။ အဲဒီအခါမှာ မှားယွင်းတဲ့အပြစ်တွေကို ကျူးလွန်မိတတ်တယ် ကလေးတို့ရေ။ တိုးတက်ကြီးပွားချင်တယ်ဆိုတာ မှန်ကန်သောဆန္ဒဖြစ်တယ်။ ဒါပေမဲ့ မိမိ သတ်မှတ်ထားတဲ့ အတိုင်းအတာတစ်ခုတော့ ရှိရလိမ့်မယ်။

အဲဒီလို မရောင့်ရဲနိုင်ရင်တော့ စိတ်ဆင်းရဲခြင်း သောကဝေဒနာကို ခံစားရမှာ မုချဖြစ်တယ်။ ကလေးတို့ရဲ့ မိဘတွေဟာ တစ်ဦးနဲ့တစ်ဦး ဘဝချင်း မတူညီကြဘူး။ ကံတရားချင်းလည်း ခြားနားကြတယ်။

ချမ်းသာကြွယ်ဝပြီး လိုတာရနိုင်တဲ့ ကလေးရဲ့သူငယ်ချင်းတစ်ဦးကို ကလေးက အားကျလို့ပဲ ရနိုင်မယ်၊ တုပလို့မရနိုင်ဘူး။ သူ့လိုဖြစ်ချင်လို့ ဇွတ်အတင်း မိဘအပေါ်ပူဆာရင် လုပ်မပေးနိုင်တဲ့ မိဘတွေခများ စိတ်ဆင်းရဲကြရမယ်၊ သားသမီးအလိုကို မျက်စိစုံမှိတ် လိုက်တတ်ကြတဲ့ မိဘတွေကျ ပြန်တော့ အမှားတွေ ပြုမိတတ်ကြတယ်။ ပူဆာလို့မရနိုင်တဲ့ ကလေးကိုယ် တိုင်ကလည်း ဝမ်းနည်းအားငယ် စိတ်မချမ်းမြေ့ ဖြစ်ရတယ်။

အဲဒီလိုဖြစ်ခြင်းဟာ မိမိရဲ့ဘဝအခြေအနေကို မိမိ နှားမလည်တာပဲ၊ မိမိရဲ့မိဘအပေါ်မှာ မည္ဘာတာတတ်တာပဲ။ ဒါကြောင့် အဲဒီလို ပူဆာခြင်းဟာ ကျက်သရေမင်္ဂလာမရှိဘူး ကလေးတို့ရေ။ ဖြစ်နိုင်တဲ့ အတိုင်းအတာဘောင် တစ်ခုအတွင်းမှာ ရှင်သန်အောင်နေထိုင်တတ်ခြင်းကသာ မင်္ဂလာရှိမှာဖြစ်တယ်။

အလိုကြီးလို့ အရနည်းတဲ့ ပုံပြင်လေးကို ကလေးတို့ ဖတ်ဖူး မှတ်ဖူး ကြတယ် မဟုတ်လား။ လောဘရမ္မက်ဆိုတာ မီးနဲ့တူတယ်။ လောင်မြိုက်တတ် တယ်၊ ငြိမ်းသတ်ဖို့ ခဲယဉ်းတယ်။ ဒါကြောင့် ငယ်ရွယ်စဉ်ကတည်းက ဆန္ဒကို ချိုးနှိမ်ကျင့် မွေးမြူရမယ်။

မိမိ ရရှိထားတဲ့ဘဝကို ကျေနပ်တတ်ရမယ်။ မိမိ တည်ဆောက်ထားတဲ့ ဘဝကို မိမိကိုယ်တိုင်က တွယ်တာမြတ်နိုးရမယ်၊ နှစ်သက်တန်ဖိုးထားရမယ်၊ ဒါမှလည်း စိတ်ချမ်းသာမှုကို ပိုင်ဆိုင်ခွင့်ရမှာပါ။

လူရယ်လို့ဖြစ်လာရင် လိုအပ်ချက်ဆိုတာတော့ အမြဲ ရှိနေမှာပဲ။ လူ တစ်ဦးရဲ့ဘဝဟာ ဘယ်သောအခါမှ ပြည့်စုံကုံလုံတယ်ဆိုတာ မရှိဘူး။ ရောင့်ရဲတင်းတိမ်မှုသာ မရှိရင်တော့ အမြဲတမ်း စိတ်ဆင်းရဲနေရမှာပဲ။

* * *

၂၅။ ကတည်ကြာ

[သူတစ်ပါးကျေးဇူးကို သိတတ်ခြင်း]

ကလေးတို့ရေ...

သူတစ်ပါးရဲ့ကျေးဇူးကို သိတတ်ရမယ်ဆိုတာကတော့ ကလေးတို့အားလုံး နားလည်ကျင့်ကြံနိုင်တဲ့ မဂ်လာတစ်ပါးဖြစ်လိမ့်မယ်လို့ အနှံတီယုံကြည်မိပါတယ်ကွယ်။

ရှေ့မှာတုန်းက အနှံတီ ရှင်းပြခဲ့တာရှိတယ်နော်။ မိမိအပေါ်မှာ ကျေးဇူးတစ်ခုခု ပြုဖူးသူဟာ ပူဇော်ထိုက်သူဆိုတာလေ။ ပူဇော်ကန်တော့ခြင်းဆိုတာလည်း ကျေးဇူးသိတတ်ခြင်း တစ်မျိုးပါပဲကွယ်။

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့ရဲ့ကျေးဇူးတွေကို သိတတ်ရမယ်နော်။ ဘုရား၊ တရား၊ သံဃာတို့ရဲ့ကျေးဇူးကို သိတတ်ခြင်းဆိုတာ မြတ်စွာဘုရားရဲ့ တရားတော်တွေကို လိုက်နာကျင့်ကြံခြင်းဖြစ်တယ်။

မိဘကျေးဇူးကို သိတတ်ခြင်းဆိုတာကိုလည်း ကလေးတို့ သဘောပေါက်ပြီး ဖြစ်ပါလိမ့်မယ်။

မိမိ မွေးဖွားစဉ်မှ စပြီး အသက်ရှင်သန်စဉ် ကာလတစ်လျှောက်လုံးမှာ မိမိဘဝအတွက် အကျိုးပြုသူအားလုံးဟာ မိမိရဲ့ကျေးဇူးရှင်တွေပါပဲ။ တစ်လုတ်စားဖူး၊ သွားကျေးဇူး၊ အထူးသိတတ်ပါဆိုတဲ့အတိုင်း ထမင်းတစ်လုတ်၊ ရေတစ်မှုတ် တိုက်ကျွေးဖူးလျှင်ပဲ ကျေးဇူးရှင်လို့ ခေါ်တယ် ကလေးတို့ရေ။ ကျေးဇူးသိတတ်ခြင်းဆိုတာ အလွန်အရေးပါတဲ့ လူကျင့်ဝတ်တစ်မျိုးဖြစ်တယ်။

မိမိ မရှိဆင်းရဲစဉ်က ပေးကမ်းစွန့်ကြဲဖူးသူ၊ မိမိ ဒုက္ခရောက်စဉ် စောင့်ရှောက်ကူညီဖူးသူ၊ မိမိ လိုအပ်နေစဉ် ဖြည့်တင်းအားပေးဖူးသူ၊ မိမိကို

၂၆။ ကာလေန ဓမ္မသဝဏ်

[သင့်လျော်သောအခါ တရားနာခြင်း]

ကလေးတို့ရေ...

မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ တရားဒေသနာတော်တွေဟာ လူသားတွေအတွက် လိမ္မာရေးခြားရှိဖို့ ဆိုဆုံးမတဲ့ စကားတွေပါပဲ။ အဲဒီ တရားတွေကို အခါအားလျော်စွာ နာကြားရခြင်းသည်လည်း ကောင်းခြင်း မင်္ဂလာတစ်ပါး ဖြစ်ပါတယ်ကွယ်။

ကလေးတို့ကို ငယ်ရွယ်စဉ်အခါကတည်းက မိဘဘိုးဘွားတွေက ဘုရားစာတွေ သင်ကြားပေးလေ့ရှိကြတယ် မဟုတ်လား။ ကလေးငယ်တစ် ယောက်ဟာ 'ဦးတော်' ဆိုတဲ့စကားနဲ့ လက်အုပ်ချီခြင်းအတတ်ကို သိတတ်စ အရွယ်ကတည်းက သင်ကြားခဲ့ရလေ့ရှိတယ်။

တဖြည်းဖြည်း စာတတ်လာတဲ့အခါမှာတော့ 'သြကာသ'၊ 'သမ္မုဒ္ဓေ' စတဲ့ ဘုရားဟော ဒေသနာတွေကို ရွတ်ဖတ်နိုင်လာကြတယ်။ ကျောင်းကို ရောက်တဲ့အခါမှာတော့ ကျောင်းက သင်ကြားပေးတဲ့ ဗုဒ္ဓတရားတော်တွေကို နေ့စဉ် ရွတ်ဖတ်ကြရတယ်။ အခုအချိန်မှာဆိုရင် ဗုဒ္ဓဘာသာ သင်တန်းတွေရယ် လို့ ကျောင်းပိတ်ချိန်တွေမှာ ဖွင့်လှစ်ပြီး ဗုဒ္ဓသာသနာကို နားလည်သိတတ် အောင် သင်ကြားပို့ချပေးနေတာ တွေ့ရတယ်။

တရားဓမ္မကို သိနားလည်တဲ့ ကလေးတို့ဟာ မကောင်းမှု၊ ကောင်းမှုကို ခွဲခြားတတ်ကြတယ်။ အမှားအမှန်ကို ချင့်ချိန်နိုင်ကြတယ်၊ ယဉ်ကျေးသိမ်မွေ့ ကြတယ်၊ လိမ္မာပါးနပ်ကြတယ်၊ မင်္ဂလာရှိတဲ့ကလေးတွေ ဖြစ်ကြတာပေါ့ ကွယ်။

တရားနာတယ်ဆိုတာ ကလေးအလုပ် မဟုတ်ဘူးလို့ မယူဆရာဘူးနော်။ တရားနာတယ်ဆိုတာ သံဃာတော်တွေ ရွတ်ဖတ်သရဇ္ဈာယ်တဲ့ ပါဠိတရားတော်တွေကို နာကြားကြရတာကိုချည်း ဆိုလိုတာမဟုတ်ဘူး။ ဗုဒ္ဓက ဟောကြားခဲ့တဲ့ တရားတွေနဲ့ပတ်သက်ပြီး ပုံပြင်ကလေးတွေ နားထောင်ခြင်း၊ ငါးရှောငါးဆယ် ဇာတ်နိပါတ်တော်ထဲက ဇာတ်လမ်းကလေးတွေကို ဖတ်မှတ်ရခြင်းစတဲ့ ဆည်းပူးမှုတွေပါ အကျုံးဝင်တယ်။

အဲဒီလို ဗုဒ္ဓတရားတော်တွေကို တစ်နည်းနည်းဖြင့် နာကြားရခြင်းအတွက် အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ ဆိုတဲ့ ကောင်းကျိုးတွေကို ရရှိစေတတ်တယ် ကလေးတို့ရေ။ အာယုဆိုတာ တရားတော်ကြောင့် စိတ်ရှင်လန်းပြီး သက်တမ်းရှည်ရှည်နေရခြင်း ဖြစ်တယ်။ ဝဏ္ဏဆိုတာ တရားတော်ကြောင့် ဒေါသကင်းတဲ့အတွက် အဆင်းလှပလာခြင်းဖြစ်တယ်။ သုခဆိုတာ တရားတော်ကြောင့် စိတ်ချမ်းသာလာပြီး ကိုယ်လည်း ကျန်းမာလာခြင်းဖြစ်တယ်။ ဗလဆိုတာ တရားတော်ကို နာကြားရလို့ ကုသိုလ်ရဲ့ကံအား ဉာဏ်အားတွေ တိုးပွားလာခြင်းဖြစ်တယ်။

ကလေးတို့ရေ ဗုဒ္ဓဘာသာတစ်ယောက်ဖြစ်တဲ့ ကလေးတို့အတွက် နေ့စဉ် ပြုကျင့်သင့်တဲ့ ဘာသာရေးအလုပ်တွေ ရှိတယ်။ ကလေးတို့အတွက် အန်တီ လက်ဆောင်အဖြစ် ပြောပြပေးမယ်နော်။

နံနက်လင်းလို့ အိပ်ရာက နိုးထလာတဲ့အခါ ပြုနေကျ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ခြင်းအမှုကို ဦးစွာ ဆောင်ရွက်ကြရမယ်။ အဲဒီနောက် ဘုရားရှင်ရဲ့ပုံတော် (သို့မဟုတ်) ရုပ်ပွားတော်ရှေ့မှာ ဂါရဝပြုရမယ်၊ သရဏဂုံ တည်ရမယ်၊ သီလခံယူရမယ်။ ဗုဒ္ဓံသရဏံ ဂစ္ဆामိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိဆိုတာ သရဏဂုံသုံးပါး ဖြစ်တယ်နော်။ အဲဒီလို ဆောက်တည်ပြီး နေ့တစ်နေ့ကို စရမယ်။

တစ်နေ့တာ ကာလအတွင်းမှာလည်း စိတ်စေတနာ ဖြူဖြူစင်စင်နဲ့ တတ်နိုင်သမျှ ဒါနကောင်းမှုကို ပြုရမယ်။ သီလကျင့်ဝတ်ကို စောင့်စည်းရမယ်။

ညရောက်လို့ အိပ်ရာဝင်တော့မယ်ဆိုတဲ့အခါ မေတ္တာဘာဝနာ ပွားများ

ရမယ်။ သတ္တဝါအပေါင်းကို မေတ္တာပို့ရမယ်။ လူကြီးမိဘကို ဦးချဝပ်တွား ရမယ်။ ဘုရား၊ တရား၊ သံဃာတို့ရဲ့ ဂုဏ်တော်များကို တသရွတ်ဆိုရမယ်။ အဲဒါမှ မင်္ဂလာကျက်သရေရှိသော ကလေးတစ်ယောက် ဖြစ်နိုင်မယ်။

ကြိုးစားကြည့်ကြပါ ကလေးတို့ရေ...။

* * *

၂၇။ ခန္ဓိစ

[အရာရာ သည်းခံခြင်း]

ကလေးတို့ရေ...

သည်းခံခြင်းသည် အရာရာကို အောင်မြင်ရာ၏လို့ မြတ်စွာဘုရားက ဟောကြား ဆုံးမခဲ့ပြန်တယ်ကွယ်။ 'နိုင်လိုသူကို အရှုံးပေးရင် နှလုံးအေးတယ်'လို့ ပြောကြတာ ကလေးတို့ ကြားဖူးကြမှာပါ။

လောကကြီးမှာ လူရယ်လို့ဖြစ်လာရင် ဒေါသ၊ လောဘ၊ မာန စတာတွေကို ထိန်းသိမ်းနိုင်ဖို့ အင်မတန် ခဲယဉ်းလှတယ်။ သည်းခံတတ်သူဆိုတာ အလွန် ရှားပါးတဲ့ အရေအတွက် ဖြစ်တယ်။

ဒါပေမဲ့ ကလေးတို့ရေ... ကလေးတို့ရဲ့ပတ်ဝန်းကျင်ကို လေ့လာကြည့်ကြပါ။ တိုးတက်ကြီးပွား အောင်မြင်သူတွေ တော်တော်များများဟာ သည်းခံခြင်းတရားကို လက်ကိုင်ထားကြတာ တွေ့ရလိမ့်မယ်။ မိမိရဲ့အကျိုးစီးပွားအတွက် 'မချစ်သော်လည်း အောင့်ကာနမ်း'ဆိုသလို အတတ်နိုင်ဆုံး လိုက်လျောသည်းခံကြတယ်။ မိမိ မနှစ်သက်တာတောင်မှ မာမာတင်းတင်း မပြောကြဘဲ ချိုချိုသာသာ ဆက်ဆံကြတယ်။ လိုက်လျောညီထွေပြုမှုခြင်းလို့လည်း ဆိုနိုင်တာပေါ့။ ကလေးတို့ အတုယူသင့်လှတယ်နော်။

ကလေးတို့ရော ရန်ဖြစ်ဖူးကြသလား။ အိမ်မှာ၊ ကျောင်းမှာ၊ ရပ်ကွက်ထဲမှာ အချင်းချင်း စကားများဖူးကြသလား။ ရန်ဖြစ်တယ်ဆိုတာ လူလိမ္မာတွေရဲ့အလုပ် မဟုတ်ဘူးနော်။ အဲဒါ သည်းမခံတတ်ခြင်းရဲ့ လက္ခဏာတစ်မျိုးပဲ။ ကလေးတို့ ဆင်ခြင်ကြရလိမ့်မယ်။

ကလေးတို့စိတ်ထဲမှာ မကျေနပ်တာရှိရင် လူကြီးမိဘ၊ ဆရာ၊ ဆရာမ

တွေကို ဖွင့်ပြောပါ။ ဒါလည်း အမြဲတမ်း သွားတိုင်နေဖို့ မလိုဘူး။ သည်းခံနိုင်တဲ့ အတိုင်းအတာအထိ သည်းခံတတ်ရမယ်။

လူတစ်ယောက်ဟာ လူတစ်ယောက်အပေါ်မှာ အလကားနေရင်း မကျေမနပ် ဒေါသထွက်၊ ရန်လိုမနေတတ်ပါဘူး ကလေးတို့ရယ်။ ဘာကြောင့် လဲဆိုတဲ့ အဖြေကိုသိအောင် အရင်ကြိုးစားကြည့်ပါဦး။ အချင်းချင်း ပြေလည်အောင် ညှိနှိုင်းဖြေရှင်းကြတာ အကောင်းဆုံးပါပဲ။

ဒေါသကို ဒေါသနဲ့သွားမယှဉ်ပါနဲ့။ မာနကို မာနနဲ့သွားမပြိုင်ပါနဲ့။ သည်းခံခြင်းထက် လွန်ကဲလာတဲ့အခါ ဥပေက္ခာတရားကို ကျင့်သုံးလိုက်ပါ။ သူ ဘာပြောပြော ကိုယ်က လျစ်လျူရှုလိုက်တဲ့အခါ သူ့အလိုလို နောက်ဆုတ်သွားပါလိမ့်မယ်။

ကလေးတို့ရေ... အမြင့်ကိုရောက်နေတဲ့ သစ်ရွက်တွေဟာ ပိုပြီးလေအတိုက်ခံရတတ်တယ်။ လေတိုက်တိုင်းသာ သစ်ရွက်တွေ ကြွေနေမယ်ဆိုရင်လည်း ဘယ်မှာ သစ်ပင်လှပနိုင်ပါတော့မလဲ။ အနှိပ်ခံပြောတာ သဘောပေါက်ကြရဲ့လား။

လောကကြီးမှာ ခံနိုင်ရည်စွမ်းအားဆိုတာ အရေးကြီးတဲ့အရည်အချင်းတစ်ရပ် ဖြစ်တယ်။ လူတွေဆိုတာကတော့ ဝေဖန်ကြမှာပဲ။ ကလေးတို့ မြည်းတစ်ကောင်နဲ့ သားအဖနှစ်ယောက် ပုံပြင်ကို ကြားဖူးကြမှာပေါ့။ မသိရင် မိဘတွေကိုမေးကြည့်နော်။ လူတွေဟာ ဘာကိုပဲလုပ်လုပ် အပြစ်တင်တတ်ကြတယ်။ အဲဒါတွေကို ဂရုစိုက် အလေးမူနေမယ်ဆိုရင် ဘာမှလုပ်လို့ရမှာ မဟုတ်တော့ဘူး။ ဒါကြောင့် ကိုယ်မှန်တယ်ထင်တာ ပြတ်ပြတ်သားသား လုပ်ပါ။ ဘယ်သူ ဘာပြောပြော သည်းခံလိုက်ပါ။

ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်လို့ ပြောကြတယ်။ အချိန်တန်တော့ လည်း ပြီးသွားတာပါပဲ။ အရေးကြီးတာက ကိုယ့်ဆုံးဖြတ်ချက် ကိုယ်ခိုင်မာဖို့ပဲ။

မိုးရွာထဲမှာရပ်နေရင် မိုးစိုမှာပဲ၊ မိုးရွာနေတုန်း ပြေးသွားရင်တော့ မိုးလေ ပိုအပက်ခံရမှာပဲ။ မြန်မြန်ရောက်ချင်တယ်ဆိုရင်တော့ ပြေးရမှာပေါ့ ကလေးတို့ရယ်၊ နားလည်တယ်နော်။

* * *

၂၈။ သောဝစဿတာ

[ဆို ဆုံးမလွယ်သူဖြစ်ခြင်း]

ကလေးတို့ရေ...

ဆိုဆုံးမလွယ်သူဟာလည်း မင်္ဂလာရှိသောသူ ဖြစ်တယ်နော်။ ကလေးတို့ရော ဆုံးမစကားကို နာခံတတ်သူ ဖြစ်ရဲ့လား။

တချို့ကလေးတွေဟာ မိဘဆရာသမားတွေရဲ့ ပြောဆိုဆုံးမမှုတွေကို ပြက်ရယ်ပြုတတ်ကြတယ်။ ကလေးတို့ တွေ့ဖူးကြမယ်ထင်ပါတယ်။ ဆရာဆရာမရဲ့ ပြောဆိုဆုံးမစကားတွေကို လျှောင်ပြောင်တတ်ကြတဲ့ ကလေးဆိုးတွေပေါ့။ တချို့များဆို ဘယ်လောက်တောင် မိုက်ရိုင်းသလဲဆိုတော့ 'ဝါး' ခနဲ သမ်းပြတာမျိုးအထိ စော်ကားတတ်ကြတယ်။

မိဘက ဆိုဆုံးမရင်လည်း 'ဟုတ်ကဲ့' ဆိုပြီး လုပ်ချင်ရာ လုပ်ကြတယ်။ ပြန်မပြော နားမထောင်ဆိုတဲ့ ကလေးမျိုးတွေပေါ့။ တချို့ကတော့ 'အဖေ မသိပါဘူး၊ အမေ မသိပါဘူး' စသဖြင့် သူတို့ကပဲ လူတတ်ကြီးတွေ လုပ်ကြတယ်။ အဲဒီလို ကလေးတွေဟာ ဘယ့်နှယ်လုပ်ပြီး မင်္ဂလာရှိနိုင်ကြပါ့မလဲ။

ပြောပြတဲ့သူဆိုတာ အတွေ့အကြုံရင့်ကျက်သူ ဖြစ်တယ်။ မိမိရှေ့ကရင်ဆိုင်ခဲ့ရသမျှတွေကို ကြိုတင်ခန့်မှန်း ဆင်ခြင်နိုင်အောင် ရှင်းပြသူဖြစ်တယ်။ ဒါကို အလေးမမှု ဂရုမထားဘဲ လုပ်ချင်ရာလုပ်မယ်ဆိုရင်တော့ အမှားတွေ့ရမှာ မုချပေါ့ ကလေးတို့ရယ်။

ဆိုဆုံးမလွယ်သူဆိုတာ အရာရာကို နားလည်တတ်သူ ဖြစ်ရမယ်။ အရာရာကို စာနာတတ်သူ ဖြစ်ရမယ်။ သဘာဝတရားကို သဘောပေါက်နိုင်သူ ဖြစ်ရမယ်။ အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားနိုင်သူ ဖြစ်ရမယ်။ အထူးသဖြင့် စာပေပညာ လေ့လာနိုင်စွမ်းသူ ဖြစ်ရမယ်။

နှုတ်တစ်ရာ၊ စာတစ်လုံးဆိုတဲ့အတိုင်း စာပေတွေက လူသားတွေ အတွက် မိတ်ဆွေဖြစ်တယ်။ ကောင်းရာကို လမ်းညွှန်သူများဖြစ်တယ်။

ဗဟုသုတကို ရစေတယ်။

အသိတရားကို ရစေတယ်။

စိတ်ကို တည်ငြိမ်စေတယ်။

သဘာဝကို သိမြင်စေတယ်။

စာများများ ဖတ်လေ့ရှိသူတွေဟာ ဆိုဆုံးမခြင်းကို အလွယ်တကူ နားဝင်တတ်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့မှာ ချင့်ချိန်စဉ်းစားနိုင်တဲ့ အလေ့အကျင့်တွေ ရထားကြလို့ပဲ။ ဒါကြောင့် ကလေးတို့ကို အနီတီ အထူးမှာချင်တာကတော့ စာများများဖတ်တဲ့အကျင့်ကို မွေးကြပါ။

ကလေးတို့ ကျောင်းသင်ခန်းစာတွေမှာလည်း ဆိုဆုံးမတဲ့ သာဓကတွေ အများကြီး ပါနေပါတယ်။ ဒါတွေကို နှုတ်က အာဂုံအလွတ်မဆိုဘဲ နားလည်အောင် ကြိုးစားကျက်မှတ်ကြရမယ်။

အဲဒီလို ငယ်စဉ်ကတည်းက ဆုံးမသြဝါဒစကားတွေ၊ စာတွေကို လိုက်နာကျင့်သုံးတတ်သူဖြစ်ရင် အရွယ်ရောက်လို့ လူလားမြောက်တဲ့အခါမှာ သတ်မှတ်ထားတဲ့ စည်းကမ်း ဥပဒေဘောင်အတွင်းမှာ ယဉ်ကျေးသိမ်မွေ့စွာ လူပ်ရှားရှင်သန်နိုင်သူ ဖြစ်လာမှာ မုချပါပဲ။

မိမိ အထက်လူကြီးစကားကို နာခံတတ်ခြင်း၊ မိမိရဲ့တာဝန်ဝတ္တရား အပေါ်မှာ ကျေပွန်တတ်ခြင်း၊ အမိန့်ကို လိုက်နာတတ်ခြင်း၊ ဥပဒေကို ထိန်းသိမ်းတတ်ခြင်း စတဲ့ အရည်အချင်းတွေနဲ့အတူ မင်္ဂလာကျက်သရေနှင့် ပြည့်စုံသောဘဝတစ်ခုကို ပိုင်ဆိုင်လာရပါလိမ့်မယ်။

* * *

၂၉။ သမဏနဋ္ဌ ဒဿနံ

[ရဟန်းမြတ်တို့ကို ဖူးမြင်ရခြင်း]

ကလေးတို့ရေ...

ရဟန်းသံဃာတော်များဟာ မြတ်စွာဘုရားရဲ့သားတော်များ ဖြစ်ကြတယ်နော်။ ရတနာသုံးပါးကို ကလေးတို့ နားလည်ထားကြရမယ်။ ဘုရားဆိုတာ လူသားများအား လမ်းမှန်ပြရန်အတွက် ပွင့်တော်မူလာခြင်းဖြစ်တယ်။ တရားဆိုတာ လူသားများအား လမ်းမှန်ကျင့်တတ်ရန် ဖော်ဆောင်ထားခြင်းဖြစ်တယ်။ သံဃာဆိုတာ လူသားအကျိုး သယ်ပိုးရန်အတွက် စောင့်ရှောက်ခြင်း ဖြစ်တယ်။

အဲဒီအကြောင်းအရင်းခံကို ရည်မှန်းပြီး ရတနာသုံးပါးတို့ရဲ့ကိုယ်စားကိုယ်ပွားတော်များဖြစ်ကြတဲ့ ဘုရားပုံတော်ရှေ့၊ ဘုရားဆင်းတုတော်ရှေ့၊ ဘုရားစေတီရှေ့ (ဒါမှမဟုတ်) ရဟန်းမြတ်တို့ရဲ့ရှေ့မှောက်မှာ မိမိတို့မာန်ကို ချပြီး ဖူးမြော်ကန်တော့ကြရမယ်။ အဲဒီလို ဖူးမြင်ရခြင်းကို မင်္ဂလာတစ်ပါးရယ်လို့ မှတ်သားထားကြရမယ်နော်။

တချို့ကလေးတွေဟာ ရဟန်းသံဃာတော်တွေကို ရိုသေကိုင်းရှိုင်းရမှန်း နားမလည်တတ်ကြဘူး။ အဲဒီအလုပ်ဟာလည်း သူတို့နဲ့ မသက်ဆိုင်တဲ့ လူကြီးမိဘတွေရဲ့အလုပ်ပဲလို့ သဘောထားကြတယ်။ ဒါပေမဲ့ များသောအားဖြင့်တော့ ဗုဒ္ဓဘာသာ မိသားစုဝင်ဖြစ်ရင် ရဟန်းသံဃာတော်ကို ကြည်ညိုဝပ်တွားတတ်ကြတာ တွေ့ရပါတယ်။ ဒါဟာ ဗုဒ္ဓသာသနာတော် စည်ပင်ထွန်းကားတဲ့နိုင်ငံ ဖြစ်လို့ပါပဲ။

တချို့များဆိုရင် ဘုန်းတန်ခိုးကြီးမားလှတဲ့ ဆရာတော်ဘုရားကြီးများကို တကူးတက သွားရောက်ဖူးမြော်လေ့ရှိကြတယ်။ ကလေးတို့ရော ရောက်ဖူးကြသလား။ မြန်မာနိုင်ငံရဲ့ နေရာအနှံ့အပြားမှာရှိကြတဲ့ ရဟန်းတော်မြတ်ကြီးတွေကို ဆည်းကပ်ပူဇော်ခွင့်ရခြင်းဟာ ကောင်းမြတ်သောမဂ်လာနဲ့ ပြည့်စုံခြင်းတစ်မျိုးပါပဲ။ မြင့်မြတ်သော ရဟန်းတော်များကို ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ကန်တော့ခွင့် ရကြသူတွေဟာ ကံအကျိုးပေး ကောင်းလှတာပေါ့ ကလေးတို့ရယ်။ ကလေးတို့လည်း ရည်ရွယ်ရည်မှန်း ပူဇော်ကြရမယ်နော်။

ကလေးတို့ နေ့စဉ် မြင်တွေ့နေကြရတဲ့ သံဃာတော်တွေနဲ့ အနီတီပြောတဲ့ ရဟန်းတော်မြတ်တွေဆိုတာ ဘယ်လို ကွာခြားသလဲ သိကြသလား။ သေသေချာချာ ဆောက်တည်ပြီး သီလမြဲကြသူတွေအဖြစ် နှစ်ကာလရှည်ကြာအောင် ကြိုးပမ်းခဲ့ကြသူတွေဖြစ်တယ်။ သူတို့ရဲ့အသားအရေဟာ ရွှေကဲ့သို့ ဝင်းဝါနေတယ်။

ကလေးတို့ရေ... ဒေါသဖြစ်နေသူရဲ့မျက်နှာဟာ ညိုမည်းနေတယ်။ လောဘရှိနေသူရဲ့မျက်နှာဟာ နီရဲနေတယ်။ မောဟဖြစ်နေသူရဲ့မျက်နှာမှာ ပြာမွဲနေတယ်။ လောဘ၊ ဒေါသ၊ မောဟ ကင်းစင်နေပြီးဖြစ်တဲ့ ရဟန်းတော်မြတ်ရဲ့ မျက်နှာကတော့ ရွှေစင်လို ဝင်းပနေတာပေါ့ကွယ်။

သဒ္ဓါကြည်လင်နေမှုကြောင့် စိတ်ရဲ့တည်ရာ နှလုံးသွေးကစပြီး တစ်ကိုယ်လုံး သွေးသားတွေ ကြည်လင်နေတာကြောင့် ပြင်ပခန္ဓာဟာလည်း တောက်ပပြီး မြင်သူတို့ရဲ့ နှစ်သက်ကြည်ညိုမှုကို ရရှိစေတယ်။

အဲသည်လို ရဟန်းတော်မြတ်ရဲ့ အသရေတော်ကို ဖူးမြင်ရသူတွေအဖို့မှာ စိတ်နှလုံး ကြည်နူးသိမ်မွေ့ပြီး ချမ်းသာသုခကို ရရှိစေနိုင်မှာဖြစ်တယ်။ ဒါကြောင့် ရဟန်းမြတ်တို့ကို ဖူးမြော်ခွင့်ရရှိခြင်းဟာ မဂ်လာတစ်ပါးလို့ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားခဲ့တာပေါ့ ကလေးတို့ရယ်။ ကလေးတို့လည်း ဖူးမြော်ခွင့် ရရှိနိုင်ကြပါစေ။

* * *

၃၀။ ကာလေန ဓမ္မသာကစ္စာ

[သင့်လျော်သောအခါ တရားစကား ဆွေးနွေးမေးမြန်းခြင်း]

ကလေးတို့ရေ...

သင့်လျော်သောအခါ တရားစကား ဆွေးနွေးမေးမြန်းရခြင်းဆိုတာဟာ လည်း မဂ်လာတစ်ပါးဖြစ်တယ်လို့ ဆိုပြန်တယ်ကွယ်။ အဓိပ္ပာယ်ကတော့ ဘုရားရဲ့ဒေသနာတော်တွေကို ရွတ်ဖတ်သရဇ္ဈာယ်ရုံမျှမက တရားတော်တွေ ကို သိနားလည်အောင် ဆွေးနွေးမေးမြန်းဖို့ လိုအပ်တယ်ဆိုတာပါပဲ။

အဲဒီအလုပ်ကို များသောအားဖြင့် လူကြီးသူမတွေ အချင်းချင်း ပြုလုပ်တတ်ကြတယ်။ ဘုရား၊ ကျောင်းကန်၊ ဓရုပ်တွေမှာ ဆွေးနွေးတတ်ကြ တယ်။ ကလေးတို့ရဲ့အလုပ်မဟုတ်ဘူးလို့ မထင်ကြနဲ့နော်။ ကလေးတို့က ပိုပြီး သိသင့်သိထိုက်တယ်။ ရှိခိုးဆိုလို့ ခိုးလိုက်ရတယ်။ ဘာမှန်းမသိရင် ဘယ်လို အကျိုးရှိနိုင်ပါ့မလဲကွယ်။

ကဲ... သည်တစ်ခါတော့ ကလေးတို့ရွတ်ဆိုနေကျဖြစ်တဲ့ 'သြကာသ' ကန်တော့ခန်းမှာပါတဲ့ တရားတွေအကြောင်း အနံ့တီ ဆွေးနွေးပြမယ်။ မသိ နားမလည်ရင် ကလေးတို့ မိဘတွေကို ပြန်မေးကြနော်။

ကလေးတို့ ကန်တော့တဲ့အချိန်မှာ ရွတ်ဆိုနေကြတဲ့ အပါယ်လေးပါး ဆိုတာ ဘာတွေလဲ သိကြသလား။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တို့ ဖြစ်တယ်။ ချမ်းသာမှု လုံးဝမရှိတဲ့ ဒေသတွေဖြစ်လို့ ကင်းလွတ်ရပါစေလို့ ဆုတောင်းရအောင်နော်။

ကပ်သုံးပါး ဆိုတာကတော့ ကမ္ဘာနဲ့ချီပြီး စစ်ပွဲတွေဖြစ်နေရတဲ့ သတ္တန္တရကပ်၊ ရောဂါဒဏ်ရာ အနာတရဖြစ်စေတဲ့ ရောဂန္တရကပ်နဲ့ အစာရေစာ ငတ်ပြတ်စေတဲ့ ဒုဿ္ဘိက္ခန္တရကပ်တွေဖြစ်ပြီး ကျော်လွှားလွတ်မြောက်ရပါစေလို့ ဆုတောင်းရတာပဲ။

ရပ်ပြစ်ရှစ်ပါးဆိုတာ အပြစ်ရှိသော အရပ်ရှစ်မျိုးကို ဆိုလိုတယ်။ အခွင့်အရေးတွေ လက်လွတ်ဆုံးရှုံးရတတ်လို့ ကင်းဝေးပါစေလို့ ဆုတောင်းရတာပေါ့။

၁။ ငရဲဘဝ

၂။ တိရစ္ဆာန်ဘဝ

၃။ ပြိတ္တာဘဝ

၄။ အသူရကာယ်ဘဝ

၅။ သက်တမ်းလည်းရှည်၊ ရုပ်နာမ်အစုံလည်း မရှိဖြစ်တဲ့ အရူပ (နာမ်သက်သက်ရှိဘဝ)

၆။ အယူလွဲမှားသော ဘာသာခြားဘဝ

၇။ ဘုရား၊ တရား၊ နားမလည် သဘောမပေါက်သေးသောဘဝနဲ့

၈။ ဘုရားမပွင့်သောအချိန် လူဖြစ်ရသော ဘဝတွေ ဖြစ်တယ်။

ရန်သူမျိုးငါးပါးဆိုတာကတော့ ကလေးတို့ သိပြီးဖြစ်တဲ့ မီးဘေး၊ ရေဘေး၊ မင်းဘေး၊ ခိုးသူဘေး၊ မချစ်မနှစ်သက်သောသူတို့၏ အနှောင့်အယှက်ဘေးတွေဖြစ်လို့ ကင်းဝေးစေလို့ ဆုတောင်းရတယ်။

ဝိပတ္တိတရားလေးပါးဖြစ်တဲ့ အကျင့်ပျက်နေသူ၊ အယူဘာသာ ပျက်နေသူ၊ ကတိပျက်နေသူ၊ ဥပဓိရှပ်ပျက်နေသူအဖြစ်မှ ကင်းဝေးဖို့လည်း ဆုတောင်းရတယ်။

ဗျသနတရားငါးပါးဆိုတာကတော့ ဆွေမျိုးပျက်စီးခြင်း၊ စီးပွားပျက်စီးခြင်း၊ ရောဂါဖိစီးခြင်း၊ သီလပျက်စီးခြင်းနဲ့ အယူဘာသာ ပျက်စီးခြင်းတွေ ဖြစ်ပြီး မိမိကိုယ်တိုင် မကြုံတွေ့ရဖို့ ဆုတောင်းရတာ ဖြစ်တယ်။

အဲဒီလို ကင်းဝေးပြီးမှ နိဗ္ဗာန်ချမ်းသာကို ရရှိစေနိုင်ကြောင်း ဆုတောင်းကြရတယ်နော်။ ကဲ... ကလေးတို့ နားမလည်တာရှိရင် လူကြီးသူမတွေကို မေးကြပါ။ ဘုရားဟောနဲ့ပတ်သက်ပြီး မေးမြန်းကြရတာဟာ မင်္ဂလာရှိတယ်နော်။ မရှက်မကြောက်ကြရဘူး၊ မိမိကိုးကွယ်တဲ့ ဘာသာတရားကို သဘောပေါက် နားလည်ထားကြရမယ်။ ဟုတ်ပြီလား။

* * *

၃၁။ တပေါစ

[ခြီးခ်ီရွေတာခြင်း]

ကလေးတို့ရေ...

ခြီးခ်ီရွေတာခြင်းသည် မဂ်လာတစ်ပါးဖြစ်သည်လို့ မြတ်စွာဘုရား က ဟောကြားခဲ့ပြန်တယ်။ 'ရွေတာစုဆောင်း သူဌေးလောင်း' ဆိုတဲ့ စကားပုံ ကလေးကိုလည်း ကလေးတို့ ကြားဖူးကြမယ် ထင်ပါတယ်။

ရွေတာခြင်းဆိုတာ တင်းတိမ်ရောင့်ရဲခြင်း တစ်မျိုးပါပဲ။ အင်မတန် မဂ်လာရှိတဲ့အလုပ် ဖြစ်ပါတယ်။ ကလေးတို့မှာ ရှိသမျှ မုန့်ဖိုးတွေကို အကုန် လုံး သုံးပစ်တတ်ကြသလား။ ဒါမှမဟုတ် လိုသလောက်ထုတ်သုံးပြီး သိမ်း ဆည်းထားတတ်ကြသလား။ ဒီနေ့ ကုန်သွားရင် နောက်တစ်နေ့မှာ မိဘက ထပ်ပေးမှာပဲဆိုတဲ့အသိမျိုး ရှိကြသလား။ အကုန်မသုံးဘဲ စုထားရင် ငါ လိုချင်တာ မိဘကို မပူဆာဘဲ ဝယ်လို့ရမယ်ဆိုတဲ့အသိမျိုး ရှိကြသလား။

ကလေးတို့ဟာ ပတ်ဝန်းကျင်တစ်ခုစီမှာ ကြီးပြင်းလာခဲ့သူတွေဆို တော့ တစ်ဦးနဲ့တစ်ဦး စရိုက်ချင်းမတူနိုင်ဘူးပေါ့နော်။ ဒီတော့ အနီတီပြောမယ့် အကြောင်းအရာအပေါ်မှာ တူညီတဲ့လက်ခံမှုမျိုး ထားနိုင်ချင်မှ ထားနိုင်ကြ လိမ့်မယ်။ ဒါပေမဲ့ ကလေးတို့ရေ... သေသေချာချာ တွေးကြည့်ရင် အဖြေ က တစ်ခုပဲရှိပါတယ်။

မလိုအပ်ဘဲနဲ့ သုံးစွဲခြင်းကို ဖြုန်းတယ်လို့ခေါ်တယ်။ အမှန်တကယ် လိုအပ်လို့ သုံးစွဲခြင်းကိုတော့ သုံးတယ်လို့ခေါ်တယ်။ ဒီတော့ သုံးရမယ်။ မဖြုန်းရဘူးပေါ့။ တကယ်လိုနေပါလျက်နဲ့ မသုံးဘဲ ခြစ်ကုပ်သိမ်းဆည်းထား ခြင်းဟာ ရွေတာလွန်းခြင်းဖြစ်တာမို့ အနီတီကတော့ အားမပေးပါဘူး။ မဂ်လာရှိတယ်လို့ မဆိုနိုင်ပါဘူး။

စားသင့်သလောက် စားရမယ်၊ ဝတ်သင့်သလောက် ဝတ်ရမယ်၊ ကုန်သင့်သလောက် ကုန်ရမှာပဲ။ အဲဒီ 'သင့်တင့်သော အတိုင်းအတာ' ပေါ်မှာ အခြေခံပြီး ခြိုးခြံခြင်းအမှုကို ပြုတတ်ရတယ်။

စားတော့ စားချင်ပါရဲ့၊ ဝတ်တော့ ဝတ်ချင်ပါရဲ့။ ဒါပေမဲ့ မဝတ်လိုက်၊ မစားလိုက်ရလို့ ငတ်မွတ်စုတ်ပြတ်နေမှာ မဟုတ်ရင်တော့ ဆင်ခြင်ရမှာပေါ့။ အဲဒီလို ခြိုးခြံလိုက်ခြင်းအတွက် နောက်တစ်နေ့ရာမှာ အကျိုးရှိစွာ သုံးစွဲနိုင်မယ်ဆိုရင် မဂ်ီလာရှိတာပေါ့နော်။

လူဆိုတာ သူတစ်ပါးကို အားကျတတ်သူချည်းပါပဲ။ မိမိထက် ပြည့်စုံသူတွေကို အားကျတတ်ကြတာပါပဲ။ ဒါပေမဲ့ အဲဒီအတွက် စိတ်ဆင်းရဲနေလို့ ဘယ်ဖြစ်ပါ့မလဲ။ သူများသုံးသလို လိုက်သုံးချင်ရင် သူများရှာသလို ရှာနိုင်ရမယ်။ အဲဒီလိုမှ မဟုတ်ရင်တော့ သူများဥစ္စာပစ္စည်းကို အလွဲသုံးစားလုပ်မိပြီး ဒုက္ခသောက ရောက်ရလိမ့်မယ်။ ဒါကြောင့် မိမိရဲ့ စံနှုန်းဆိုတာ သတ်မှတ်ထားရမယ်။ တစ်ဖက်မှာ လိုချင်ရင် တစ်ဖက်မှာ ဆင်ခြင်ရမယ်။ လောကကြီးမှာ အရာရာတိုင်း ပြီးပြည့်စုံတယ်ဆိုတာ မရှိနိုင်ပါဘူး ကလေးတို့ရေ။

ကလေးတို့ လေ့လာကြည့်ကြပါ။ တိုးတက်ကြီးပွား အောင်မြင်ချမ်းသာတဲ့လူတွေဟာ ငွေကို ရေလိုမသုံးကြဘူး။ သုံးသင့်သလောက်ကိုသာသုံးပြီး ချွေတာခြိုးခြံ စုဆောင်းတတ်ကြတယ်။ လူဆိုတာ အမြဲတမ်း သည်အတိုင်းမနေဘူး။ အိုမင်းလာတဲ့အခါ မရှာဖွေနိုင်တော့တဲ့အခါ ခြိုးခြံချွေတာခြင်းရဲ့ ကျေးဇူးကို ခံစားရဖို့လိုတယ်။ သေရင်မပါဘူးဆိုတဲ့ ခပ်ပေါ့ပေါ့လူတွေ အပြောကို နားမဝင်ပါနဲ့။ မျိုးဆက်အမွေဆိုတာ ရှိတယ်။ ဒါနကုသိုလ်ဆိုတာ ရှိတယ်။ နားလည်နိုင်ကြရဲ့လား။

* * *

၃၂။ မြဟู စရိယ၌

[မြတ်သောအကျင့်ကို ကျင့်ခြင်း]

ကလေးတို့ရေ...

ကောင်းမြတ်သောအကျင့်ကို ကျင့်ကြံကြဖို့ မြတ်စွာဘုရားက တိုက်တွန်း ဟောကြားခဲ့တယ်။ မြတ်သောအကျင့်ဆိုတာ ဘာတွေလဲ။ ကလေးတို့ သိပြီးကြပြီလား။ မြတ်စွာဘုရား ဟောပြောခဲ့တဲ့ မဂ်လာတရားတော်တွေ အတိုင်း ကျင့်ကြံနိုင်ခြင်း၊ သီလကို စောင့်ထိန်းနိုင်ခြင်း၊ သမာဓိရှိခြင်း၊ ဒါနကိုဆောက်တည်နိုင်ခြင်း၊ ဘာဝနာတရားကို ပွားများနိုင်ခြင်းတို့ဟာ မြတ်သောအကျင့်များပါပဲကွယ်။

ဗုဒ္ဓဘာသာဝင် မိဘတိုင်းဟာ သားယောကျ်ားလေး မွေးဖွားတဲ့အခါမှာ သာသနာ့ဘောင်ကို သွတ်သွင်းဖို့ တာဝန်ကြီးတစ်ရပ်အဖြစ် ခံယူလိုက်တတ်ကြတယ်။ မိမိတို့ရဲ့သားငယ်ကို ရှင်သာမဏေအဖြစ် ချီးမြှောက်ဖို့ ရည်မှန်းအားထုတ်ကြတယ်။ သံဃာတော် အရှင်သူမြတ်တို့ထံ မြတ်သောအကျင့်ကို ကျင့်ကြံတတ်ရန် အပ်နှံကြဖို့ ကြိုးစားတတ်ကြတယ်။ ဒါဟာ မဂ်လာတစ်ပါးပါပဲ ကလေးတို့ရယ်။

မေတ္တာ၊ သစ္စာ၊ စေတနာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ အကြင်နာ စသည်တို့ဟာ မြတ်သောအကျင့်ရဲ့ အပွင့်အဖူးတွေဖြစ်တယ်။

မေတ္တာ

လူတိုင်းအပေါ်မှာ မေတ္တာထားရမယ်။ မေတ္တာပို့သရမယ်၊ မေတ္တာတရား ပွားများနိုင်သူတွေဟာ ခွင့်လွှတ်နိုင်တယ်၊ စာနာနိုင်တယ်။

သစ္စာ

အရာအားလုံးအပေါ်မှာ သစ္စာရှိရမယ်။ ကတိတည်ရမယ်၊ သမာဓိရှိရမယ်၊ မှန်ကန်တိကျရမယ်၊ မျှတမှုရှိရမယ်။

စေတနာ

လူတိုင်းအပေါ်မှာ စေတနာထားရမယ်။ ဘာကိုပဲလုပ်လုပ် စေတနာအရင်းခံရမယ်၊ စေတနာရှိရှိ ကူညီရမယ်၊ သဒ္ဓါတရား ရှိရမယ်။ ကိုယ်ကျိုးစီးပွားတစ်ခုတည်း မကြည့်ရဘူး။ မိမိရဲ့စေတနာဟာ မှန်ကန်ဖြူစင်ရမယ်။

ကရုဏာ

လူတိုင်းအပေါ်မှာ ကရုဏာထားရမယ်၊ သနားငဲ့ညှာရမယ်။ အနိုင်မယူရဘူး၊ အနိုင်မပိုင်းရဘူး၊ ညှာတာထောက်ထားရမယ်။ ကိုယ်ချင်းစာနာတတ်ရမယ်။

မုဒိတာ

လူတွေရဲ့အပေါ်မှာ မနာလိုခြင်း၊ သဝန်တိုခြင်း၊ ကဲ့ရဲ့ပြစ်တင်ခြင်း၊ လက်ညှိုးထိုးခြင်း မပြုရဘူး။ သူတစ်ပါးရဲ့အောင်မြင်မှုကို ဂုဏ်ယူရမယ်၊ ဂုဏ်ပြုရမယ်၊ လက်ခုပ်တီးတတ်ရမယ်၊ အားပေးရမယ်၊ ချီးမြှင့်ရမယ်၊ ပီတိဖြစ်တတ်ရမယ်။

ဥပေက္ခာ

လူတွေရဲ့အပေါ်မှာ ဥပေက္ခာ ရှိနိုင်ရမယ်။ သည်းခံနိုင်ရမယ်၊ ခွင့်လွှတ်နိုင်ရမယ်၊ ရန်ကိုရန်ချင်း မတုံ့နှင်းရဘူး။

အကြင်နာ

လူတိုင်းအပေါ်မှာ ကြင်နာတတ်ရမယ်၊ ယုယမှု ပေးတတ်ရမယ်၊ သံယောဇဉ် ထားတတ်ရမယ်၊ မြတ်နိုးချစ်ခင်တတ်ရမယ်၊ ကာကွယ်စောင့်

ရှောက်ရမယ်။ မိမိကို အားကိုးတွယ်တာသူရဲ့ရှေ့မှာ မားမားမတ်မတ် ရပ်တည်ပေးရမယ်။ ဦးဆောင် လမ်းပြရမယ်။

အဲဒီအကျင့်တွေကို ကျင့်သုံးနိုင်သောသူဟာ တကယ့်ကို မင်္ဂလာရှိသောသူပါပဲ။

* * *

၃၃။ အရိယသစ္စာန ဒဿနံ

[အရိယသစ္စာကို သိမြင်ခြင်း]

ကလေးတို့ရေ...

အရိယသစ္စာဆိုတာ သစ္စာလေးပါး တရားတော်ကို ဆိုလိုပါတယ်။ အဲဒီသစ္စာတွေကတော့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိယောဓသစ္စာနဲ့ မဂ္ဂသစ္စာတို့ ဖြစ်ပါတယ်။

ဒုက္ခသစ္စာဆိုတာက ဆင်းရဲခြင်း အမှန်တရားကို ပိုင်းခြားသိမြင်ခြင်းဖြစ်တယ်။ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ မချစ်မနှစ်သက်သောသူနှင့် ပေါင်းသင်းရခြင်း၊ ချစ်သောသူနှင့် ကွေကွင်းရခြင်း၊ တောင့်တတိုင်း မရရှိခြင်း စသည်တို့ဟာ ဒုက္ခဆင်းရဲခြင်းဖြစ်တယ်။ နားလည်အောင် မှတ်ကြနော်။

သမုဒယသစ္စာဆိုတာက ဆင်းရဲခြင်းအကြောင်းတရားကို ပယ်ဖျက်သိမြင်ခြင်းဖြစ်တယ်။ သမုဒယဆိုတာ တဏှာပေါ့ကွယ်။ တပ်မက်ခြင်း၊ စွဲလမ်းခြင်း၊ နှစ်သက်ခြင်း၊ ခုံမင်ခြင်း စသည်တို့ကို ပယ်ဖျက်နိုင်တဲ့ သစ္စာတရားဟာ သမုဒယသစ္စာပဲဖြစ်တယ်။

နိရောဓသစ္စာဆိုတာက ဆင်းရဲခြင်းမှ ကင်းဝေးသည့်အရာကို မျက်မှောက်ပြု၍ သိခြင်းဖြစ်တယ်။ ဒုက္ခတို့၏ချုပ်ငြိမ်းရာ သမုဒယတို့ ကပ်ငြိခြင်းကင်းရာဆိုတာ နိဗ္ဗာန်ဖြစ်ကြောင်း သိမြင်နိုင်တဲ့ သစ္စာတရားကို နိရောဓသစ္စာလို့ ခေါ်တာပေါ့။

မဂ္ဂသစ္စာဆိုတာကတော့ နိဗ္ဗာန်ရောက်ကြောင်း အကျင့်တို့ကို ပွားများသိမြင်ခြင်း ဖြစ်တယ်။

သေသေချာချာ ပြန်မှတ်နော်။

ဒုက္ခသစ္စာ = ဒုက္ခကိုပိုင်းခြားသိခြင်း။

သမุဒယသစ္စာ = တပ်မက်မှုကို ပယ်ဖြတ်နိုင်ခြင်း။

နိရောဓသစ္စာ = နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း။

မဂ္ဂသစ္စာ = နိဗ္ဗာန်ရောက်ကြောင်း ပွားများနိုင်ခြင်းဖြစ်တယ်။

ကလေးတို့ရေ...

မဂ္ဂင်ရှစ်ပါးရှိတယ်။ မှတ်ရတာ မခဲယဉ်းလှတာမို့ သေသေချာချာ မှတ်သားစေချင်တယ်။

ကောင်းစွာ မြင်ခြင်း။

ကောင်းစွာ ကြံခြင်း။

ကောင်းစွာ ဆိုခြင်း။

ကောင်းစွာ ပြုခြင်း။

ကောင်းစွာ အသက်မွေးခြင်း။

ကောင်းစွာ အားထုတ်ခြင်း။

ကောင်းစွာ အောက်မေ့ခြင်း။

ကောင်းစွာ တည်ကြည်ခြင်း။

အဲဒီ မဂ္ဂင်ရှစ်ပါးတရားဟာ ဒုက္ခရဲ့ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်ပြီး အရိယာတို့ သိအပ်တဲ့သစ္စာဖြစ်တယ်။ ကလေးတို့ မင်္ဂလာရှိသော ကလေးတွေ ဖြစ်နိုင်ကြပြီနော်။

သေသေချာချာ ပြန်တွေးကြည့်ရင် ကောင်းမှုများကိုပြုလုပ်ဖို့ မြတ်စွာဘုရားက လမ်းညွှန်ခဲ့တာပါပဲ ကလေးတို့ရယ်။ လောကကြီးမှာ ဘယ်အရာကမှ မတည်မြဲဘူးနော်။ ဒုက္ခကိုမကြောက်ကြနဲ့ သောကကို မကြောက်ကြနဲ့။

အရေးကြီးတာက မိမိကိုယ်တိုင် ကောင်းမွန်ဖို့ပဲ။ မိမိဘဝကို ကောင်းမွန်အောင် ထုဆစ်တတ်ဖို့ပဲ။

* * *

၃၄။ နိဗ္ဗာန သစ္စကိရိယာစ

[နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း]

ကလေးတို့ရေ...

တဖြည်းဖြည်းနဲ့ အနံ့တီ ရှင်းပြလာလိုက်တာ နိဗ္ဗာန်ဆိုတဲ့ အသိအထိ ရောက်လာခဲ့ပြီနော်။ ခုနက ဆိုခဲ့ပြီးပြီ။ ဒုက္ခတို့ရဲ့ချုပ်ငြိမ်းရာဆိုတာ နိဗ္ဗာန်တဲ့နော်။ ကလေးတို့ ဘုရားရှိခိုးတဲ့အခါ နိဗ္ဗာန်သို့ မျက်မှောက်ပြုရပါလို၏ လို့ ဆုတောင်းကြရတယ်။ အဲဒါ ဘာကြောင့်လဲဆိုတာ သိကြပြီ မဟုတ်လား။

ဒါပေမဲ့ ကလေးတို့ရေ၊ နိဗ္ဗာန်ကိုရောက်ရှိနိုင်ဖို့ဆိုတာ အင်မတန် ခဲယဉ်းလွန်းလှပါတယ်။ လူတွေမဆိုထားနဲ့၊ အကျင့်သိက္ခာ မြင့်မြတ်လှပါတယ်ဆိုတဲ့ ရဟန်းတော်တွေတောင်မှ နိဗ္ဗာန်ကိုရဖို့ဆိုတာ မလွယ်ကူလှပါဘူး။ တို့တစ်တွေဟာ ဘုရားပွင့်လာစဉ်ကာလမှာ လူဖြစ်ကြရသူတွေ မဟုတ်ဘူး။ ဘုရားရဲ့ ဆုံးမသြဝါဒ တရားတော်တွေကို တစ်ဆင့်ပြီးမှတစ်ဆင့် ကြားနာခဲ့ကြရသူတွေ ဖြစ်တယ်။ ဒါတောင်မှပဲ အကုန်အစင် လိုက်နာကျင့်သုံးနိုင်ခြင်း မရှိကြသေးဘူး။ ဒီတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဖို့အတွက် ဘဝများစွာ ကျင်လည်ကြရဦးမယ်။

အဲဒီအချိန်တွေမှာ တို့တွေဟာ ကောင်းမှုကို များများပြုရင် ကောင်းတဲ့ဘဝတွေကို ရောက်ကြမယ်။ တဖြည်းဖြည်းနဲ့ ကောင်းမှုကိုချည်း ပြုကြပြီး ဘဝများစွာ ဖြတ်သန်းပြီးမှ နိဗ္ဗာန်ဆိုတာကို မျက်မှောက်ပြုနိုင်မယ်။ ဒီတော့ အဝေးကြီးကိုမျှော်မှန်းရင်း အနီးဆုံးဘဝမှာ ကောင်းမွန်အောင် ကြိုးစားကြရမယ်။ နိဗ္ဗာန်ကို သိမြင်နိုင်မှတော့ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှု မဂ်လာတွေကို များများပြုကြရမှာပေါ့ ကလေးတို့ရယ်။

ဒီဘဝမှာကတည်းက ဘုရား မနှစ်သက်တဲ့ အလုပ်တွေကို တပ်မက်နေကြမယ်ဆိုရင်တော့ အနှီတီ စောစောက ရှင်းပြခဲ့တဲ့ အပါယ်လေးပါးဆီကို ရောက်သွားမှာပဲ။ နိဗ္ဗာန်နဲ့ ပိုပြီး ဝေးကွာသွားမှာပေါ့ကွယ်။

တချို့ကတော့ နောက်မှဖြစ်လာမှာ လာမပြောနဲ့၊ ခုဘဝမှာ ဟော်အောင်နေမယ်ဆိုတာမျိုးတွေ ရေရွတ်တတ်ကြတယ်။ ဟော်အောင်နေတာ ကောင်းပါတယ်။ ဒါပေမဲ့ မိမိရဲ့ဟော်ရွင်မှုအတွက် သူတစ်ပါးရဲ့ မျက်ရည်တွေကို အသုံးမချမိစေဖို့ လိုပါတယ်။ မိမိကိုယ်တိုင် ဒုက္ခမတွေ့ချင်ရင် သူတစ်ပါး ဒုက္ခရောက်အောင်လည်း မလုပ်ကြရဘူး။ မိမိကိုယ်နဲ့ စာနာစဉ်းစားဆင်ခြင်ကြရမယ်။

ကလေးတို့မကြိုက်တာ တွေ့ရှိလိမ့်မယ်။ ကလေးတို့ နာမှာကြောက်သလား။ သူများကိုလည်း နာအောင်မလုပ်ရဘူး။ ကလေးတို့ ပစ္စည်းဥစ္စာကို နှမြောသလား၊ သူများလည်း နှမြောလိမ့်မယ်ဆိုတာ ကိုယ်ချင်းစာကြည့်ပါ။ မိမိပစ္စည်းမဟုတ်တာနဲ့ မရိုမသေ၊ တန်ဖိုးမထား၊ ပစ်စလတ်ခတ် မလုပ်ကြရဘူးနော်။ နေရာတိုင်းမှာ မိမိကိုယ်ကို စံနမူနာပြုပြီး ဆုံးဖြတ်ဆောင်ရွက်တတ်ကြရမယ်။ ဒါမှလည်း မျှတမှုနဲ့ကန်မယ်။

* * *

၃၅။ ဗုဒ္ဓသာသနာ ဓမ္မေဟီ

[လောကမ်ိုးနှင့်ကြုံသော်လည်း စိတ်မတုန်လှုပ်ခြင်း]

ကလေးတို့ရေ...

အခုလောက်ဆိုရင် ကလေးတို့ တော်တော်သဘောပေါက်ကြရောပေါ့နော်။ ဘယ်အရာကမှ မမြဲဘူးဆိုတာ သိနေကြလောက်ပြီလို့ အနှီတီ ထင်ပါတယ်။ ကဲ... ဒီတော့ ကလေးတို့ လောကကြီးရဲ့ ဖြစ်ခြင်းပျက်ခြင်းသဘောတရားတွေအပေါ်မှာ တုန်လှုပ်ချောက်ချားမှု ရှိနေကြသေးသလား။

မနက်ဖြန် ဘာဖြစ်မလဲဆိုတာ ဘယ်သူကမှ မပြောနိုင်ဘူး ကလေးတို့ရေ။ ကံကြမ္မာဆိုတာ လူက မမြင်သာဘူး။ အဲဒီလိုပဲ သဘာဝအန္တရာယ်ဆိုတာကိုလည်း လူတွေ ဘယ်လိုမှ မခန့်မှန်းနိုင်ဘူး။ အရေးကြီးတာကတော့ ဘယ်လိုအခြေအနေမျိုးကိုပဲ ကြုံတွေ့လာပါစေ၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားနိုင်ဖို့ပဲ လိုပါတယ်။

မိမိရဲ့စိတ်ဓာတ်ကို ကြံ့ခိုင်မှုရှိအောင် လေ့ကျင့်နိုင်ခဲ့ရင် ကြုံတွေ့ခံစားရမယ့် ဆင်းရဲဒုက္ခတွေကို ကျော်လွှားနိုင်ပါတယ်။ စိတ်ဓာတ်ကြံ့ခိုင်တဲ့သူဟာ ပတ်ဝန်းကျင်အနေအထားအောက်မှာ ပြောင်းလဲမသွားတတ်ဘူး။ သူကပဲ သူ့ဆန္ဒနဲ့ လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲယူတတ်တယ်။ သူ့ကံကြမ္မာကို သူ ဖန်တီးတတ်တဲ့ လူမျိုးပဲ။ ကလေးတို့ ကြိုးစားလေ့ကျင့်ကြည့်ကြပါ။

ကံထမ်းလာတာကို မမြင်ရဘူး၊ လှံထမ်းလာတာကိုပဲ မြင်ရတယ်ဆိုတဲ့ စကားပုံကို ကလေးတို့ ကြားဖူးမှာပေါ့။

ထီပေါက်တယ်ဆိုတာ ကံပေါ့ကွယ်။ အေး... မြွေပေါက်တယ်ဆိုတာလည်း ကံပါပဲ။ အနှီတီ ပြောတာ နားလည်ရဲ့လား။

ကံက ဘယ်အချိန်ကောင်းမှာလဲ၊ ဘယ်အချိန်မှာ ကံဆိုးမှာလဲဆိုတာ ဘယ်သူမှ မသိနိုင်ဘူးနော်။ ဒါကြောင့် လောကကြီးမှာ လူရယ်လို့ဖြစ်လာမှ တော့ လူတစ်ယောက် လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေကို လုပ်သွားရလိမ့်မယ်။ အကောင်းကိုဖြစ်စေ၊ အဆိုးကိုဖြစ်စေ သတ္တိရှိရှိ ရင်ဆိုင်ရလိမ့်မယ်။

လူတွေမှာ ဘာလုပ်လုပ် အဆင်ကိုမပြေပါဘူးဆိုတဲ့ လူမျိုးတွေဟာ သတ္တိနည်းတဲ့သူတွေပါ ကလေးတို့ရေ။ တစ်မျိုးပြီးတစ်မျိုး လုပ်နေမှတော့ တစ်မျိုးကဖြင့် အဆင်ကို ပြေမှာပဲ။ အဲသည်လောက် ကံဆိုးနေရင်လည်း လူတောင်ဖြစ်လာမှာ မဟုတ်ပါဘူးကွယ်။ အရေးကြီးတာက စိတ်ဓာတ်မကျ ဖို့ပါ။

တစ်ခါတလေမှာတော့ အောင်မြင်မှုတွေ အများကြီး ရင်ဆိုင်ခဲ့ရသူတွေ ဟာ ရုတ်တရက် ကြုံတွေ့လာရတဲ့ ရှုံးနိမ့်မှုကို ခံနိုင်ရည်မရှိတတ်ကြဘူး။ စိတ်တွေ တုန်လှုပ်ပြီး ယူပစ်လိုက်သလို ကျဆင်းသွားကြတယ်။ ဒါဟာ မပြည့်ဝမှုရဲ့ သင်္ကေတဖြစ်တယ်။ လေ့ကျင့်မှုမရှိခဲ့တဲ့ သာဓကဖြစ်တယ်။ အဲဒီအချိန်မှာ ကျက်သရေမင်္ဂလာမရှိတဲ့အလုပ်တွေ အတွေးအခေါ်တွေနဲ့ ဘဝကို ရေစုန်မျောပစ်တတ်ကြတယ်။

ကလေးတို့ သတိထားကြရမယ်နော်။ လူဟာ ဘယ်တော့မှ အမြင့်ဆုံး မှာ မရှိနိုင်သလို ဘယ်တော့မှလည်း အနိမ့်ဆုံးမှာ မရှိနိုင်ပါဘူး။ သဘာဝ တရားကိုက နေ့ပြီးရင် ညလာမယ်၊ ညပြီးရင် နေ့ရောက်မှာပဲ။ ညရောက်မှာ ကို ကြောက်စရာမလိုသလို နေ့ကိုရောက်တိုင်းလည်း မြောက်စရာမလိုဘူး။ ကလေးတို့ရေ။

လောကခံကို ခံနိုင်ရည်ရှိခြင်းဟာ မင်္ဂလာတစ်ပါးဖြစ်တယ်တဲ့။ ချော့တိုင်းလည်း မပျော့နဲ့၊ ခြောက်တိုင်းလည်း မကြောက်နဲ့၊ သတိနဲ့ ဆင်ခြင် ရမယ်နော်။

* * *

၃၆။ အသောက်

[စိုးရိမ်သောက မရှိခြင်း]

ကလေးတို့ရေ...

အဲဒီလို လောကမ်ကို ရင်ဆိုင်ရပြီဆိုမှတော့ စိုးရိမ်သောကဆိုတာ ဘယ်မှာရှိစရာ လိုပါတော့မလဲ။ အစိုးရိမ်လွန်တဲ့သူတွေဟာ မိမိသောကကို မိမိ ဝယ်ယူနေတဲ့သူတွေပါပဲ ကလေးတို့ရယ်။

စိုးရိမ်စိတ် အမျိုးမျိုးရှိတယ်။ အဝေးမှာ ရောက်နေသူအတွက် ပူပန်ခြင်းကတော့ သံယောဇဉ်ရဲ့ထိုးနှက်မှုဖြစ်တယ်။ မျက်ရည်ကို မွေးဖွားစေတယ်၊ စိတ်ဆင်းရဲမှုကို ပေးတယ်။

ဖြစ်မှုဖြစ်ပါ့မလားဆိုတဲ့ စိုးရိမ်မှုကတော့ သံသယဖြစ်တယ်။ စစ်မရောက်ခင် မြားကုန်တာနဲ့အတူတူပေါ့ကွယ်။ လုပ်မကြည့်ရသေးဘူး၊ ဒီဟာ စိတ်က ဝင်နေပြီမို့ အဲဒီအလုပ်ဟာ အောင်မြင်နိုင်ပါတော့မလား။

နောက်တစ်မျိုးကတော့ ဖြစ်မလာရင် ဒုက္ခပဲဆိုတဲ့ ပူပန်စိတ်ပေါ့။ မတွေ့သေးခင်က ကြိုတင် တွေးပူနေတတ်တဲ့ သူမျိုးတွေပါပဲ။ ကိုယ့်ကိုယ် ကိုယ် ရှာကြံစိတ်ဆင်းရဲအောင် ဖန်တီးနေသူပေါ့။

အဲဒီလို လူမျိုးတွေဟာ ဘယ်မှာ မင်္ဂလာရှိနိုင်ပါ့မလဲ။ အမြဲတမ်း သောကအပူတွေနဲ့ လုံးထွေးနေကြသူတွေပဲဖြစ်မယ်။ ကလေးတို့ရော အမြဲ ပူပင်နေကြမှာလား။

အန်တီ ပြောခဲ့ပြီးပြီနော်။ မိမိဘဝကို မိမိ တည်ဆောက်ကြရမယ်ဆိုပေမယ့် ဘဝဆိုတာ ကိုယ်ဖြစ်ချင်သလို ဖန်တီးချင်တိုင်း မရနိုင်တဲ့ ကံတရားရဲ့ သားကောင်ပဲ။ ကြိုးစားရမှာက ကိုယ့်တာဝန်၊ ဖြစ်မဖြစ်က

ကံတရားဆိုတာ လေ။ ဖြစ်မှုဖြစ်ပါ့မလား၊ ဖြစ်မလာရင်တော့ ဒုက္ခပဲဆိုတဲ့ စိုးရိမ်သောကတွေ ကလေးတို့ဦးနှောက်ထဲ ဝင်မလာပါစေနဲ့။

ချော်လဲမှာ ကြောက်နေရင်တော့ ဘယ်လမ်းကိုမှ မလျှောက်နဲ့တော့။ လမ်းတိုင်းမှာတော့ ဆူးငြောင့်ခလုတ်ဆိုတာ ရှိမှာပဲ။ အကွေ့အကောက်ဆိုတာ ရှိမှာပဲ။ လှေကားထစ်တွေပေါ်ကိုတက်တဲ့အခါ မောမှာပဲ၊ ညောင်းမှာပဲ၊ အဲဒါကို စိုးရိမ်နေရင်တော့ အောက်မှာသာ ထိုင်နေဖို့ပဲ ရှိတော့တယ်။

ဖွဲ့၊ လုံ့လ၊ ဝီရိယ၊ သတ္တိ၊ ခံနိုင်ရည်ဆိုတာတွေဟာ ဘဝကို မြင့်မားတိုးတက် အောင်မြင်လိုသူတွေအတွက် အင်အားတွေဖြစ်တယ်။ စိုးရိမ်စိတ်၊ ဒွိဟစိတ်၊ သံသယစိတ်တွေကတော့ အနှောင့်အယှက် အတားအဆီးတွေဖြစ်တယ်။ ရဲရင့်တဲ့ကလေးတွေ ဖြစ်ကြရမယ်နော်။ ဒါမှလည်း မင်္ဂလာရှိမယ်။

တစ်ခုတော့ရှိတယ်။ စိုးရိမ်သောက မရှိရဘူးဆိုတာနဲ့ပဲ တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် ဖြစ်ချင်ရာဖြစ်ဆိုပြီး လုပ်ချင်တာကိုတော့ ဇွတ်အဓမ္မ မလုပ်ကြရဘူးနော်။ လောကမှာ ကန့်သတ်ချက်ဆိုတာ ရှိတယ်၊ တားမြစ်ချက်ဆိုတာ ရှိတယ်၊ သတ်မှတ်ချက်ဆိုတာ ရှိတယ်။ အဲဒီအတွင်းမှာပဲ လှုပ်ရှားရန်းကန်ရမယ်။

အန္တရာယ်ရှိမှန်းသိလျက်နဲ့ မကြောက်ပါဘူးကွာ၊ မစိုးရိမ်ပါနဲ့ဆိုတာ မျိုး၊ ဆင်ကန်းတောတိုး မလုပ်ရဘူးနော်။ ကြိုတင်တွေးတော ဆင်ခြင်တဲ့ အမှုကိုတော့ ပြုရမယ်။ အဲဒါဟာ စိုးရိမ်စိတ်မဟုတ်ဘူး။ အသိဉာဏ်ဖြင့် ဆင်ခြင်တုံတရားဖြစ်တယ်။ သဘောပေါက်ရဲ့လား။

* * *

၃၇။ ဝိရတ်

[ရမ္မက်မြူမှ ကင်းခြင်း]

ကလေးတို့ရေ...

ရမ္မက်ဆိုတာ တပ်မက်ခြင်းဖြစ်တယ်။ ရမ္မက်အမျိုးမျိုးရှိတယ်။ လောဘရမ္မက်၊ ဒေါသရမ္မက်၊ ကိလေသာရမ္မက် စသဖြင့်ပေါ့။ ရမ္မက်ဆိုတာ မြူမှုန်တွေလိုပဲ မစင်ကြယ်ဘူး ကလေးတို့ရေ။ အလိုဆန္ဒတွေ များလွန်းတဲ့ အခါ စိတ်ဆင်းရဲခြင်းဒုက္ခကို ရစေတယ်။ ဒါကြောင့်လည်း မြတ်စွာဘုရားက ရမ္မက်မြူမှ ကင်းဝေးခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်လို့ ဟောကြားခဲ့တာပေါ့ကွယ်။

လူသားတွေမှာတော့ ရမ္မက်မြူကင်းဝေးဖို့ဆိုတာ အင်မတန် ခဲယဉ်းလှပါတယ်။ လူတိုင်းမှာ လိုအင်ဆန္ဒဆိုတာတော့ ရှိနေတတ်ကြတာပါပဲ။ ဒါပေမဲ့ ရရှိနိုင်သော အတိုင်းအတာထက် ပိုပြီး တပ်မက်ခြင်းဟာ အမင်္ဂလာဖြစ်တယ် ကလေးတို့ရေ။

တချို့လူတွေဟာ သူတစ်ပါးပစ္စည်းဥစ္စာကို လိုချင်တပ်မက်စိတ် ရှိကြတယ်။ ခိုးယူပိုင်ဆိုင်လိုတတ်ကြတယ်။ လုယက်ယူငင်လိုတတ်ကြတယ်။ အဲဒီလူတွေဟာ မတရားမှုကို ကျူးလွန်တတ်ကြသူတွေပေါ့။ အကုသိုလ်သမားတွေပါပဲ။ သူတို့ဟာ နိဗ္ဗာန်နဲ့ လားလားမျှ မထိုက်သူတွေပေါ့။ ကလေးတို့များ အဲဒီလို ယောင်လို့တောင် မပြစ်မှားကြရာဘူးနော်။

ဆန္ဒကို ထိန်းချုပ်နိုင်ခြင်းဟာ ပညာဖြစ်တယ်။ သောကကို ချုပ်တည်းနိုင်ခြင်းဟာ မင်္ဂလာဖြစ်တယ်။

လောကမမ္မတာ နားလည်သဘောပေါက်အောက် ကြိုးစားကြည့်ကြပါ။ သဘာဝတရားကို စိတ်ဓာတ်ဖြင့် ခုခံနိုင်အောင် လေ့ကျင့်ကြည့်ကြပါ။

ပြည့်ဝတဲ့ ပုဂ္ဂိုလ်တွေဟာ မျက်ရည်မကျတတ်ကြဘူး ကလေးတို့ရေ။ မျက်ရည်ဆိုတာ ကြေကွဲခြင်းရဲ့ သင်္ကေတတစ်မျိုး ဖြစ်တယ်။ ကြေကွဲမှုဆိုတာ ဆုံးရှုံးရခြင်းကို ခံနိုင်ရည်မရှိတဲ့ ပြယုဂ်ဖြစ်တယ်။ အရေးကြီးတာက မိမိအလုပ်ကို မိမိ ဆက်လုပ်သွားဖို့ပဲဖြစ်တယ်။

ကလေးတို့ရေ... ကလေးတို့ ဘာအတွက် အသက်ရှင်နေကြသလဲ။ သေဖို့အတွက် ရှင်နေကြရတယ်ဆိုတာ သဘောပေါက်ကြပါ။ သေခြင်းတရားဆိုတာ မြတ်စွာဘုရားတောင်မှ မလွန်ဆန်နိုင်ဘူး။ ဟုတ်ပြီ၊ တစ်ခု စဉ်းစားကြည့်ရအောင်။

မြတ်စွာဘုရားဟာ အခု သက်ရှိထင်ရှား မရှိတော့ဘူးနော်။ ဒါပေမဲ့ တို့တွေ မြတ်စွာဘုရားကို တစ်နေ့၊ တစ်ရက်မှ မေ့မထားကြဘူး။ ဘုရားရဲ့ တရားတော်တွေကိုလည်း အစဉ်အမြဲ လက်ကိုင်ထားကြတယ်။ အဲဒါ ဘာကြောင့်လဲ။

ဒီလောကကြီးထဲမှာ လူသေသည့်တိုင် နာမည်မသေဘဲ ထင်ကျန်နေတဲ့ ပုဂ္ဂိုလ်တွေ အများကြီးရှိတယ်။ သူတို့ ဘာဖြစ်လို့ နာမည်တွင်ရစ်သလဲ၊ သူတို့ ဘာလုပ်ခဲ့ကြသလဲ၊ ကလေးတို့ လေ့လာကြည့်ကြပါ။

သူတို့ဟာ မိမိရဲ့ကိုယ်ကျိုးကိုစွန့်ပြီး လူသားတွေအတွက် ကောင်းကျိုးတစ်ခုခုပြုခဲ့ကြသူတွေဖြစ်တယ်ဆိုတာ ကလေးတို့တွေ ရပါလိမ့်မယ်။ သူတို့ဟာ ရမ္မက်ကင်းနိုင်သူတွေ ဖြစ်ကြပါတယ်။ သူတို့ဟာ မင်္ဂလာကျက်သရေရှိသော ပုဂ္ဂိုလ်တွေပါပဲ။

ကလေးတို့လည်း ဖြစ်အောင် ကြိုးစားကြရမယ်လေ။ ဟုတ်ပြီလား။

* * *

၃၈။ ခေမ်

[ဘေးမရှိခြင်း]

ကလေးတို့ရေ...

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်ရဲ့ နောက်ဆုံး မင်္ဂလာကတော့ ဘေးမရှိခြင်း ဖြစ်တယ်။ ဘေးမရှိခြင်းဆိုတာ လုံခြုံစိတ်ချရခြင်းကို ဆိုလိုတယ်။ အန္တရာယ်ကင်းရှင်းခြင်းလို့ အဓိပ္ပာယ်ရတယ်။ ရန်အပေါင်းမှ ကင်းဝေးခြင်းပေါ့ကွယ်။ ဘယ်လောက် မင်္ဂလာရှိလိုက်ပါသလဲ ကလေးတို့ရေ။

ဘေးရန်ခပ်သိမ်း ကင်းဝေးခြင်းသူတွေဟာ ချမ်းသာသုခကို ခံစားကြရတဲ့ သူတွေပေါ့။ လူချစ်လူခင်ပေါများပြီး ဝန်တိုသူကင်းတယ်။ ကြည်ညိုလေးစားခြင်းခံရသူဖြစ်ပြီး ချီးကျူးဂုဏ်ပြုမှုကိုလည်း ခံရသူဖြစ်တယ်။ သူဟာ နတ်ပြဟ္မာအပေါင်းက စောင့်ရှောက်ခြင်းခံရသူ ဖြစ်တယ်။ သောက ကင်းဝေးပြီး ချမ်းမြေ့သာယာသောဘဝကို ပိုင်ဆိုင်ရသူဖြစ်တယ်။

အဲဒီလို ဘဝမျိုးကို ရရှိပိုင်ဆိုင်ဖို့အတွက် သူဟာ အများကြီး လေ့ကျင့်ခဲ့ရတယ်။ စောင့်ထိန်းခဲ့ရတယ်၊ ချုပ်တည်းခဲ့ရတယ်၊ သည်းခံခဲ့ရတယ်၊ ခြိုးခြံခဲ့ရတယ်၊ ရောင့်ရဲခဲ့ရတယ်၊ ခံနိုင်ရည်မွေးခဲ့ရတယ်။ ကောင်းသော အကျင့်များကို ကျင့်ကြံပြီး မကောင်းမှုတွေကို ရှောင်ကြဉ်ခဲ့ရတယ်။ ဘုရားရဲ့ တရားတော်တွေကို လိုက်နာခဲ့ရတယ်။

လူဆိုတာ လိုချင်တာရှိရင် ပေးဆပ်ကြရစမြဲပါပဲ ကလေးတို့ရယ်။ ဘယ်အရာကိုမှ အရင်းအနှီးမပြုဘဲ အလွယ်တကူ ရယူနိုင်ကြတာ မဟုတ်ပါဘူး။ ကလေးတို့ နားလည်အောင်ပြောရရင် ဖြစ်ချင်တာတစ်ခုအတွက်

ကြိုးစားအားထုတ်ရတာမျိုးပေါ့။ သည့်ထက်ပိုပြီး လွယ်ကူအောင် ပြောရ
စာကျက်မှ စာမေးပွဲအောင်မယ်လေ။

ဘဝတစ်ခုကို မြင့်မားတိုးတက်အောင် ပြဖို့ဆိုရင် ပိုပြီးတော့ အရ
အနီး ကြီးတာပေါ့။ ချွေးစက်တွေ၊ သွေးစက်တွေ၊ မျက်ရည်တွေကိုအသုံး
ပြီး လက်ညှိုးတွေ၊ မျက်စောင်းတွေ၊ မဲ့ပြုံးတွေကို ကျော်လွှားသွားခဲ့ရတယ်
အထူးသဖြင့် စိတ်ဓာတ်ကို ခိုင်မာအောင် ပြုစုပျိုးထောင်ခဲ့ရတယ်။

လုံခြုံမှုတစ်ခုကို ရရှိဖို့ဆိုတာ အကာအရံလိုတယ်၊ အဆီးအတားလ
တယ်၊ အစောင့်အရှောက်လိုတယ်၊ သတိ၊ ဝီရိယ လိုတယ်နော်။ ကလေးတ
ငယ်စဉ်ကာလမှာ ဘေးရန်ဆီးကာဖို့ မိဘနဲ့ ဆရာသမားတို့က စောင့်ရှောက
ခဲ့ကြတယ်။ အရွယ်ရောက်လာတဲ့အခါမှာတော့ ဘဝတစ်ခု လုံခြုံမှုရှိဖို့ဆိုတ
ဘာသာတရား ကိုင်းရှိုင်းမှုအပေါ်မှာ မူတည်သွားတယ်။ ဗုဒ္ဓမြတ်စွာဘုရားရဲ
တရားဒေသနာတွေဟာ လူသားတွေရဲ့ အကာအကွယ်၊ အစောင့်အရှောက်
တွေပါပဲ။ ဒါကြောင့် ဘေးမရှိသော ပုဂ္ဂိုလ်တွေဟာ အယူဝါဒရဲ့အောက်မှာ
ရှင်သန်ကြီးပြင်းရသူတွေသာ ဖြစ်တယ်။

အချုပ်ဆိုရရင်တော့ ကျက်သရေမင်္ဂလာရှိသော ကလေးများဖြစ်နိ
ဖို့အတွက် ဗုဒ္ဓဘုရားရှင်ရဲ့ မိန့်မှာမှုများကို လိုက်နာကျင့်သုံးကြဖို့ပါပဲ
ခက်ခဲမယ်ဆိုတာ သေချာပါတယ်။ ဒါပေမဲ့ ကြိုးစားကြရမှာ ကလေးတို
တာဝန်တို့ပါပဲ။

မင်္ဂလာရှိကြပါစေ ကလေးတို့ရေ။

* * *

၃၈ ဖြာ မင်္ဂလာ

လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့
မမှီဝဲနဲ့ ကင်းအောင်နေ
ပညာရှိကို အရှည်တွဲလို့
မှီဝဲဆည်းကပ် နည်းယူစေ။
သုံးပါးရတနာ မိဘများနှင့်
ဆရာသမားကို ပူဇော်လေ
ချမ်းသာကိုပေး ဆက်ဆံရေး
မျှော်တွေး သုံးချက်ပေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

ကုသိုလ်ပညာ ဥစ္စာရဖို့
သင့်ရာဒေသ အမြဲနေ
ရှေးကတင်ကြို ပြုခဲ့ဖူးသည့်
ကောင်းမှုအထူး ရှိပါစေ။
မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့
မတိမ်းစေနဲ့ ဆောက်တည်လေ
ဥစ္စာကိုပေး နေထိုင်ရေး
မျှော်တွေး သုံးချက်ပေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

တတ်ကောင်းတတ်ရာ ဟူသမျှကို
ကြားမြင်သုတရှိပါစေ။
အိုးအိမ်ထူထောင် ဝမ်းစာရေးနဲ့
အသက်မွေးဖို့ အတတ်သင်လေ
လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို
ကောင်းစွာသင်ကြား နားလည်စေ
မှန်ကန်ယဉ်ကျေး ချိုသာအေး
ဆိုရေးတတ်ပါစေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

မြင်းမိုရ်ရွှေတောင် မိဘကြွေးကို
ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ။
ကြွေးသစ်ချကာ သားနှင့်မယားကို
မြှောက်စားချီးမြှင့် ဝတ်ကုန်စေ။
အလုပ်တာဝန် မလစ်ဟင်းနဲ့
အပြစ်ကင်းအောင် လုပ်ပါလေ
စည်းစိမ်ကိုပေး ပြုစုရေး
မျှော်တွေး သုံးချက်ပေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

သုံးတန်စေတနာ ဖြူစင်လန်းလို့
ပေးကမ်းဝေမျှ လှူနိုင်စေ။
ကိုယ်နှုတ်စိတ်ကြဲ မမိုက်မှားနှင့်
သုစရိုက်တရားကို ကျင့်ပါလေ။
ဆွေမျိုးတွေကို ပစ်မထားနဲ့
သင်္ဂဟတရားနဲ့ ချီးမြှောက်လေ
သန့်စင်ပြစ်မျိုး လူထုအကျိုး
သယ်ပိုးဆောင်ရွက်စေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

မကောင်းမှုတွေ ဟူသမျှကို
မတွေ့ခင်က ရှောင်ကြဉ်လေ။
တွေ့ကြုံလာလျှင် မလွန်ကျူးနဲ့
အထူးသဖြင့် စောင့်စည်းနေ။
အရက်သေစာ မသောက်စားနဲ့
မှောက်မှားတတ်တဲ့အရာပေ
လုပ်ကိုင်ပြောကြား သတိထား
တရား မမေ့စေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက
ဆည်းကပ်ခစား ရှိသေလေ
မာနတံခွန် ဂုဏ်မကြွနဲ့
ကိုယ်ကိုနှိမ့်ချ အမြဲနေ
လောဘအပို အလိုမလိုက်နဲ့
ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ
ကိုယ့်ပေါ်ပြုဖူး သူ့ကျေးဇူး
အထူး သိတတ်စေ
ကောင်းကျိုးဆင့်ပွား မြတ်တရား
နာကြားမပြတ်ပေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

ဝတ်စားနေထိုင် ရန်ခပ်သိမ်း
စိတ်ကိုချုပ်ထိန်း သည်းခံလေ
ကျိုးကြောင်းပြည့်နှဲ့ ဆုံးမစကားကို
ပြောကြားလာက နာလွယ်စေ
သူမြတ်ပုဂ္ဂိုလ် ဟူသမျှကို
မကြာခဏ တွေ့ဆုံလေ

သဘာဝတွေး မှန်ကန်ရေး
ဆွေနွေးမပြတ်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

လောကီအာရုံ ဒိမ်ယစ်မူးလို့
အပျော်မကျူးနဲ့ ခြိုးခြံလေ
မေတ္တာဗြဟ္မာစိုရ် လက်ကိုင်သုံးလို့
နှလုံးလှအောင် နေနိုင်စေ
လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့
အမှန်သိအောင် ကြိုးစားလေ
ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း
အလင်းပေါက်နိုင်စေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

ဆင်းရဲချမ်းသာ သဘာဝ
တွေ့ကြုံနေကြ လူတိုင်းပေ
ကောင်းကျိုးနှစ်တန် အစုံတွဲလို့
တစ်လှည့်စီလည်း အမြဲနေ
လောကမံကြုံ မဖြုတမ်းပေါ့
မတုန်စမ်းနဲ့ စိတ်ခိုင်လေ
သောကကိုထိန်း ရမ္မက်သိမ်း
ဘေးငြိမ်းချမ်းသာစေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

* * *

ဆိုးကောင်

(မူလဟန်းအဆင့်)

စိတ်ကူးပုံဖော် စာစီစာကုံးများ
ရုပ်ပုံကြည့် စာစီစာကုံးများ
ဦးဇော်မျိုးထွန်း

designed by tin htoon

ပိတ်ရိုးလမ်း

(မူလတန်းအဆင့်

စာစီစာကုံးများ

ဦးတော်မျိုးထွန်း

ဤ စာစီစာကုံးများသည်
မူလတန်းအဆင့် ကလေးငယ်များနှင့်အတူ
ကော် ဖွတ် ဆေးသား ဆေးကျောင်းခြင်းနှင့်
ကလေးများ ဖတ်ရှုခြင်း
မည်သည့် အကြောင်းအရာမျိုး
အလားတူတော်လှန် ချည်ကြွယ်သောက်
သုတေသီတပည့်